၁–နေမိ–သဒ္ဒါ ဘီး၏အကွပ်အဝိုင်းကိုသာ ဟောသောကြောင့် နေမိပွဒေသော–ကားမသင့်။ သံ ၃–၃၈၈–၌ ဂမ္ဘီရနေ မော–ဟူ၍ရင်း ဂမ္ဘီရတ္တာ နေမဿ–ဟူ၍ရင်း ရှိသည်နှင့်အညီ နေမ–သဒ္ဒါသာလျှင် မြေဝင်ကျင်းဟောဖြစ်၍ နေမပွဒေသော–ဟူ၍သာ သင့်သည်။

မှတ်ချက်

၁–ဤကား မြန်မာမူ၌ ရှိရင်းအတိုင်းပေးအပ်သော အနက်တည်း။ သီမူ၌ကား ပဒ္ဓိတဗ္ဗာ စ ဣဒ္ဓိ ဝုတ္တာ၊ နှ စ ပဒ္ဓိတဗ္ဗာ ဣဒ္ဓိ– ဤသို့စသည်ဖြင့် ပါ၌ရှိ၏။ ထိုပါ၌အလိုအားဖြင့် စ၊ ဆက်။ ပဒ္ဓိတဗ္ဗာ၊ ရောက်အပ်သော။ ဣဒ္ဓိ၊ ကို။ ဝုတ္တာ၊ ၏။ ပဒ္ဓိတဗ္ဗာ၊ သော။ ဣဒ္ဓိ စ၊ သည်လည်း။ ပဒ္ဓနကရဏေန၊ သော။ ပါဒေန၊ နှင့်။ သမာနာဓိကရဏာ၊ သည်။ နှ ဟောတိ၊ မဖြစ်–ဟု အနက်ပေး။

မှတ်ချက်

၁–ဣဒ္ဓိ ဧဝ ပါဒေါ ဣဒ္ဓိပါဒေါ–ဟူရာ၌ ပါဒသည် ကောဋ္ဌာသဟော ဖြစ်၍ ပြီးစီး–ပြီးမြောက်သော တရားအဖို့–ဟူသော အနက် သင့်သည်ဟူ၍ရင်း ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါဟူရာ၌ ကြီးပွါးကြောင်း စျာန်အဘိညာဉ်ကို ရကြောင်း တရားဟူသော အနက်သင့်သည် ဟူ၍ရင်း ဆိုလို၏။ ထိုတွင် ပဌမအနက်ဖြင့် ဝိဘင်းပါဠိနှင့်အညီ နာမ်ခန္ဓာ ၄–ပါးကို ဣဒ္ဓိ ပါဒဟု ကောက်ရာ၏၊ ဒုတိယအနက်ဖြင့် ဆန္ဒစသည်ကို ကောက်ရာ၏။

မှတ်ချက်

၁–သီဟိုဠ်မှနှင့်အညီ ဝါကျခွဲသည်၊ ဉာဏေန အဓိဋ္ဌဟန္တောတိ–ဟူသောပါဠိသည်သာလျှင် ဥဒ္ဒရတိ–၏ အာကာရ ဖြစ်၍ အဘိညာပါဒကံ ဈာနံ သမာပဇ္ဇိတ္တာ ဝုဋ္ဌာယာတိ–ကား ထို၏အာကာရ မဖြစ်သင့်။ ထိုကြောင့် မြန်မာမူ၌ရှိသော ဝါကျ ခွဲပုံကား မသင့်။

မှတ်ချက်

၁–ဤစကားရပ်ဖြင့် အဘိညာဉာဏဝသေန–ဟူရာ၌ အညတ္ထာပေါဟန နည်းဖြင့်ရင်း သာဝဓာရဏနည်းဖြင့်ရင်း ရအပ်သော နိဝတ္တေတဗ္ဗအနက်ကို ဖွင့်ပြသည်။

မှတ်ချက်

၁–ဤပါဠိသည် သံဝဏ္ဏေတဗ္ဗနှင့် ထပ်တူဖြစ်နေသောကြောင့် မူရင်းပါဠိ ဟုတ်ဟန်မတူ၊ "ရာဂဿ အဓိဝစနံ ရဇောတိ ဧတံ" ဟူ၍သော်လည်း ပါဠိရင်း ဖြစ်ရာ၏။

မှတ်ချက်

၂–ဓမ္မပဒ ၁–၁၅၇၊ အံ–ဋ ၁–၁ဖဇ–တို့၌လည်း ဟတ္ထေန–ဟု ရှိသောကြောင့် ဝိသုဒ္ဓိမဂ်လက်ရှိမူ၌ ဟတ္ထေန–ဟူသော ပါဠိလည်း သင့်သည်ပင်။

မှတ်ချက်

၁–ဤ ဥဝမုံပဏ္ဍုဝဏ္ဏာဒီသု အညတရဝဏ္ဏံ–ဟူသောအဖွင့်ဖြင့် ဥပမုရတ္တစီဝရေ–ပုဒ်၌ ကြွင်းသော ဥပမုဓ၏အဆင်းကို သရုပ်ဖော်ပြသည်။

မှတ်ချက်

၁–ပုဒ်ဝါကျတို့ကို အသီးအသီးဖြတ်၍ နားထောင်သူတို့အား အနက်ကို သိနိုင်လောက်အောင် ပြတ်သားစွာ ပါဠိကို ရွတ်ဆိုခြင်းသည် ပဒဘာဏမည်၏။

မှတ်ချက်

၁–ဤ၌ မိမိ၏ ဝိဝရဏတန်ခိုးကိုပင် ဖလ–ဟု ဆိုလိုသလော၊ သို့မဟုတ် အပါယ်ဘေးမှ လွတ်ခြင်းကိုပင် ဆိုလို သလော–တိကျပြတ်သားစွာ မသိသာချေ။

မှတ်ချက်

၁–သေသကသိဏနိဒ္ဒေသ ပကိဏ္ဏကကထာနှင့်ရင်း, ဤအရာ၌ရှိသော သီမူနှင့်ရင်း အညီပင်၊ မြန်မာမူစာကိုယ်၌ ကျွန်ုပ်တို–ရှိ၏။

မှတ်ချက်

၁–တေသံ တေသံ ဝတ္ထူနံ အန္တရံ နာနတ္တံ ကုက္ခတေ လောကော ဧတ္ထ ဧတေနာတိ ဝါ အန္တလိက္ခံ။ ရဿလော။ အဘိဓာန် ဋီ ၄၅–ဂါထာအဖွင့်။

မှတ်ချက်

၁–သာသနာပ အခါကာလ၌ ပြုရိုးဖြစ်သော ပူဇော်ပွဲဖြစ်သောကြောင့် နတ်တို့ကို ပူဇော်သောပွဲဟု မှတ်ရာ၏၊ ထို့ကြောင့်ပင် ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ "နက္ခတ္တဒိဝသေ၊ နတ်ပူဇော်သောနေ့၌"ဟု အနက်ပြန်ထားပေသည်။

မှတ်ချက်

၁–ဤပုဒ်၌ ဆီလျော်သောအနက်ကို စဉ်းစား၍မရသေး။ အောက်၌ ပြထားသော သီဟိုဠ်မူအရအားဖြင့် သဒ္ဒဒဒ္ဒရောဝ၊ ဒဒ္ဒရဟူသော အသံနှင့် ဒဒ္ဒရမည်သော စည်ပုတ်ကဲ့သို့တည်း။ ဟု အနက်ပေးရာ၏။ ဒဒ္ဒရ–ဟူသော အသံကို ကြားရ၍ ဘာသံလဲ–ဟု မေးသူအား ဒဒ္ဒရ–သံပါဟု ဖြေလျှင် ၎င်းကို နားမလည်နိုင်သကဲ့သို့ပင်–ဟု ဆိုလိုဟန်ရှိ၏။ ရှင်းပြဦးအံ့–ကာယေ အာရောပေတိကို ကာယာနုဂတိကံ ကရောတိ–ဟု ဖွင့်ခြင်းသည် ထူးမခြားနားကဲ့သို့ ဖြစ်၍ ကြားရသည့်အသံမှာလည်း ဒဒ္ဒရပင်၊ ၎င်းစည်၏ အမည်မှာလည်း ဒဒ္ဒရပင် ဖြစ်သောကြောင့် ဒဒ္ဒရ–ဟူသော သဒ္ဒနှင့် ဒဒ္ဒရစည်ကဲ့သို့ပင် ထူးမခြားနားဖြစ်နေသည်ဟု ဆိုလို၏။ ဤကား မိမိထင်မြင်ချက်မျှသာတည်း။ အခြားသော မူကွဲများမှာမူ ဆီလျော်သော အနက်ကို မရနိုင်။

မှတ်ချက်

၁–နိမ္မိတရုပ်အဖြစ်တူ၍ ဧကဝုစ်ဖြင့်ဆိုသည်ဟု ယူရာ၏။ တနည်းကား ယထာဓိဋ္ဌိတော၊ ကုန်သော။ နိမ္မိတရူပေ၊ တို့ကို–ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–ဤနိဒ္ဒေသပုဒ် ပိဟန်ရှိ၏၊ ၎င်းပုဒ်မရှိလျှင် ဒိဗ္ဗသောတဓာတုယာ–ဟူသော ရှေးပုဒ်ကို "ဒိဗ္ဗသောတဓာတ်၌"ဟု အနက်ပေးရာ၏။ ဤအနက်၌ "ဒိဗ္ဗသောတဓာတ်"ဟု ဆိုသော်လည်း ဒိဗ္ဗသောတအဘိညာဉ်ပါဠိကိုပင် ဆိုလိုရင်းဖြစ်ပေသည်။ ထို့ကြောင့်ပင် "အဘိညာပါဠိယာ ဟိ" စသည်ဖြင့် "ဒိဗ္ဗသောတဓာတ်စသော အဘိညာဉ်ကို ခေါင်းတပ်သဖြင့် အဘိညာပါဠိကို ဆိုကြောင်း" ထောက်ခံလျက် ပြထားပေသည်။ ထိုပြင် နိဒ္ဒေသ–ပုဒ် မပါပဲ "ဒိဗ္ဗသောတဓာတုယာ၊ ဓာတ်၌"ဟု ပေးသော ဤအနက်သည် "သဗ္ဗတ္ထာတိ ဒိဗ္ဗသောတဓာတုပါဠိယံ"ဟူသော အဖွင့်နှင့်လည်း တထပ်တည်းညီညွတ်ပေ၏။ အထူးသတိပြုပါကုန်။

မှတ်ချက်

၂–သီမူနှင့်အညီ ဝိဓိယတီတိ–ဟု ပါဌ်မှန်ရှိစေရမည်။ ဆိုလိုသည်မှာ ဝိသုဒ္ဓိမဂ်၌ အဘိညာပါဠိကို အကျယ်ဖွင့်ပြသောအားဖြင့် အဘိညာတို့ကို ဖြစ်စေသော အစီအရင်ကို ပြသွားသည်။ ထိုကြောင့်–ဟု ဆိုလို၏။

မှတ်ချက်

၃–ဆိုလိုသည်မှာ ဤနိဒ္ဒေသတွင် ပါဠိအဖွင့်ဆိုင်ရာ အစပိုင်း၌ အဘိညာပါဠိကို ဆိုလိုလျက် အဘိညာကို ပြဆိုထားသည်–ဟု ဆိုလို၏။

မှတ်ချက်

၁–ဆိုလိုသည်မှာ "သုက္ကော ဝိပါကော ယဿ"ဟူသော ဝစနတ္ထ အခိုက်အတန့်၌ ကံ၏ အမည်ရင်းဖြစ်သော သုက္ကပုဒ်ကို ဝိပါက–နှင့် အရတူပြု၍ ကာရဏူပစာအားဖြင့် ခေါ်ဆိုအပ်သကဲ့သို့ပင်–ဟု ဆိုလို၏။

မှတ်ချက်

၁–သြဠာရိကအသံတို့၌လည်း အချင်းချင်းထောက်ဆ၍ သုခုမအသံ သြဠာရိကအသံ၊ ဝါ၊ သုခုမအဖြစ် သြဠာရိကအဖြစ် ရှိသည်ကို၎င်း, သုခုမအသံတို့၌လည်း နည်းတူပင် သြဠာရိကအသံ သုခုမအသံ၊ ဝါ၊ သြဠာရိကအဖြစ် သုခုမအဖြစ် ရှိသည်ကို၎င်း ပြခြင်းငှါ ထိုစကားကို တဖန် ထပ်၍ မိန့်ဆိုသည်ဟု ဆိုလို၏။ သီမူ၌ကား သြဠာရိကသုခုမသဘာဝဿနတ္ထံ

–ဟုရှိ၏၊ သြဋ္ဌာရိကသဘော သုခုမသဘောကို ပြခြင်းအကျိုးရှိ၏၊ ဝါ၊ ၄၊–ဟု အနက်ပေး။ သဘာဝအရာ၌ သမ္ဘဝ–ဟူ၍ သီမူကွဲတခုလည်း ရှိသေး၏။ ထိုအလိုအားဖြင့် သြဋ္ဌာရိက သုခုမအသံတို့၏ ဖြစ်သင့်ခြင်းကို ပြခြင်းအကျိုးရှိ၏၊ ဝါ၊ ၄၊–ဟု အနက်ပေးရာ၏။

မှတ်ချက်

၂–ဤကား ရှိရင်းအတိုင်း အနက်တည်း။ သို့သော် သင့်လျော်သော အဓိပ္ပါယ်ကိုကား မရနိုင်၊ ထိုကြောင့် ပဋ္ဌိသေဓ မပါပဲ ပစ္စုပ္ပန္နသဘာဝတ္တာ–ဟူသော ပါဠိသာသင့်သည်၊ အကြောင်းမူကား ဤကေစိဝါဒ၌ သဒ္ဒေါ သဒ္ဒနိမိတ္တံ–ဟူသည်နှင့် အညီ ကြားရသော အသံကိုသာလျှင် သဒ္ဒနိမိတ်ဟု ဆိုလိုသောကြောင့်ငင်း, ထိုအသံကို ပစ္စုပ္ပန်မဟုတ်ဟု မဆိုသင့်သော ကြောင့်ငင်း ဖြစ်ပေသည်။ သီမူ၌ကား ဤဟိတ်ပါဠိကို ရှေးဝါကျ၏ ဟိတ်အဖြစ်ဖြင့် ပြထား၏၊ သဒ္ဒနိမိတ်၏ ပစ္စုပ္ပန်ဖြစ်ခြင်း သည်ငင်း မဖြစ်ခြင်းသည်ငင်း သုခုမေ ဉာဏပရိစယဒဿနတ္ထံ ဒဠ္ဍီ–၏ အကြောင်းဖြစ်ဖွယ်မရှိပေ။

မှတ်ချက်

၁–ပစ္စုပ္ပန်အဆင်းရုပ်ကို စက္ခုဒ္ဒါရဖြင့် မြင်ပြီးနောက် ထိုမြင်ခဲ့ပြီးသော အတိတ်အဆင်းကို မနောဒ္ဓါရိကဝိစာရဏ ဉာဏ်ဖြင့် "ဪသည် ရှေသည်" ဤသို့စသည်ဖြင့် ယူခြင်း သိခြင်း ဆုံးဖြတ်ခြင်းကဲ့သို့ပင်ဟု ဥပမာပြ၏။

မှတ်ချက်

၂–သီမူနှင့် အညီပင်၊ ဤတထေဝ–ဖြင့် သဒ္ဒါရမ္မဏေန ဉာဏေန–ပုဒ်တို့ကို ငင်ပြသည်။ တတ္ထေဝ–ဟူသော ပါဠိ၌ ကား သင့်လျော်သော အနက်ကို မရနိုင်။

မှတ်ချက်

၃–ဤ၌ ဆိုလိုသည်မှာ ရုန့်ရင်းသောအသံ သိမ်မွေ့သော အသံဟု ယူခြင်း သိခြင်း ဆုံးဖြတ်ခြင်းကို ပစ္စုပ္ပန်အသံကို အာရုံပြုသော သောတဒ္ဓါရိကစိတ်ဖြင့် မပြုနိုင်။ မနောဒ္ဓါရိက ဝိစာရဏဉာဏ်ဖြင့်သာ ပြုနိုင်သည်။ ဥပမာ အုပ် အရွှေစသော အဆင်းကို မနောဒ္ဓါရိက ဝိစာရဏဉာဏ်ဖြင့်သာ ယူနိုင် သိနိုင် ဆုံးဖြတ်နိုင်သကဲ့သို့ပင်တည်း။ ထိုမနောဒ္ဓါရိက ဝိစာရဏ ဉာဏ်၏ အာရုံဖြစ်သော အသံသည်ကား ပစ္စုပ္ပန်မဟုတ်၊ အတိတ်သာဖြစ်သည်။ ထိုကြောင့် ကေစိဝါဒ၌ ပစ္စုပ္ပန္နသဘာဝတ္တာ–ဟူသော အကြောင်းပြစကား မသင့်။ ထိုကြောင့်ပင် သဒ္ဒေါ သဒ္ဒနိမိတ္တန္တိ–စသည်ဖြင့် ဆိုသော ကေစိဝါဒလည်း မသင့်ဟု ဆိုလို၏။ ဤအရာတွင် ဋီကာ၌ ပြဆိုထားသော ဉာဏေန–ဟူသော ကရိဏ်းပုဒ်ကို အထူးသတိပြုအပ်၏။ ၎င်းဖြင့် ဝိစာရဏ ဉာဏ်ကို ယူအပ်၏၊ ထိုဝိစာရဏဉာဏ်သည် ပဋ္ဌဒ္ဓါရု၌ မဖြစ်၊ မနောဒ္ဓါရု၌သာ ဖြစ်သည်။ မနောဒ္ဓါရိက ဝိစာရဏဉာဏ်၏ အာရုံဖြစ်လျှင်လည်း ကြားရဆဲပစ္စုပ္ပန်အသံ မဟုတ်၊ အတိတ် အသံသာ ဖြစ်သည်။ ထိုကြောင့် ဋီကာဆရာ၏ ဝါဒ၌ အတိတ် သဒ္ဒကို ဆိုသည်၊ ကေစိဝါဒ၌ ပစ္စုပ္ပန်သဒ္ဒကို ဆိုသည်ဟုသိရ၏။ ထိုကြောင့် ကေစိဝါဒ၌ ပဋ္ဌိသေနှင့်တကွရှိသော အပစ္စုပ္ပန္နသဘာဝတ္တာ–ဟူသော ဟိတ်ပါဠိကား မသင့်၊ ပဋ္ဌိသေ မပါသော ပစ္စုပ္ပန္နသဘာဝတ္တာ–ဟူသော ပါဠိသာလျှင် သင့်ပေသည်။ အထူးသတိပြု၍ သုံးသပ်ဆင်ခြင်ပါကုန်။

မှတ်ချက်

၁–ဤအကြောင်းပြ စကားသည် အကုသလဝိပါက်စိတ်, အာဝဇ္ဇန်းစိတ်တို့နှင့် မသက်ဆိုင်သကဲ့သို့ရှိ၏၊ ယေဘူယျ နည်းဟူ၍သော်လည်း ယူသင့်၏၊ တံဟေတုကတာဒီဟိ–ဟု အာဒိ–သဒ္ဒါနှင့်သော်လည်း ပါ၌ရှိသင့်၏၊ ထိုသို့ရှိလျှင် အာဒိ–ဖြင့် အဝိပါကမမ္မတာကို ယူအပ်၏။ တံဟေတုကတာ–အရာ၌ အတံဟေတုကတာ–မှ အ–ကြေနေသည်ဟု ယူပြီးလျှင် "ထိုရာဂလျှင် အကြောင်းမရှိသည်၏အဖြစ်"ဟူ၍သော်လည်း အနက်ပြန်ရာ၏။ အထူးဆင်ခြင်ပါကုန်။

မှတ်ချက်

၁–ဤအဆိုကိုထောက်လျှင် ရှေးတံဟေတုကတာဟိ–အရာ၌ အတံဟေတုကတာဟိဟူသော ပုဒ်၏အနက်သာ သင့်သကဲ့သို့ ရှိ၏။

မှတ်ချက်

၁–ယံ တဿ၊ တာ–ဟု ရှိရာ၌ သီမူနှင့်အညီ ယတဿ တာ–ဟု ပါ၌မှန်ရှိစေရမည်၊ ယတဿ–ကို ယတော+အဿ ဟု ပုဒ်ဖြတ်။ ယံ တဿ၊ တာ–ဟူသော ပါ၌ကား "တဿ၊ ထိုယောဂီရဟန်း၏။ ယံ၊ အကြင်ပါဒကစျာန်သည်။ (အတ္ထိ၊ ၏။) တာ၊ ထိုသတိနှင့်ပညာတို့သည်လည်း–ဟု အနက်ပေးနိုင်သော်လည်း ရှေးဝါကျနှင့် မစပ်မိသောကြောင့်ဝင်း ရှေး၌ ပြပြီးဖြစ်၍ ယံ တဿ–ဟု သမ္မန်နှင့်တကွ အနိယတ်ဖြင့် မပြသင့်သောကြောင့်ဝင်း မသင့်။

မှတ်ချက်

၁–သီမူနှင့်အညီပင်၊ ယခုကမ္ဘာသည် ရေဖြင့်ပျက်မည်၊ နောက်ကမ္ဘာသည် မီးဖြင့်ပျက်မည် ဤသို့သော ဖြစ်မည့် သံဝဋ္ဋအစဉ်အားဖြင့်–ဟု ဆိုလို၏။ ဘာဝ–မပါသော လက်ရှိမူအရအားဖြင့် အနက်အဓိပ္ပါယ်ယူရန်ခက်၏။

မှတ်ချက်

၁–သီမူနှင့်အညီပင်၊ အပ္ပမာဏဥဇ္ဇာရ သြဘာသ ပါတုဘာဝစသော အစ္ဆရိယအဗ္ဘုတအပေါင်းဖြစ်သည်ကို ဆိုသည်၊ ပထဝီ ဝိဇ္ဇော်တိ–ဟူသော ပါ၌အရဖြင့် ဉာဏာနုဘာဝေါ–နှင့် ပထဝီ–ဟူသော ကတ္တားနှစ်ခု ဖြစ်နေသောကြောင့် သင့်အံ့မထင်။

မှတ်ချက်

၁–ဤ၌ ဝါ–သဒ္ဒါရှိသင့်၏၊ သို့မှ အာစရိယဝါဒနှင့် အဖွင့်ကွဲကြောင်း ထင်ရှားမည်။

မှတ်ချက်

၁–ပရတောဃောသဝတီတိ ပရာသဝါ၊ သာ ဇဝ ပါရာသဝါ၊ သာ ဇဝ ဇောတိ ပါရာသဝဇောတိ–ဟု ဝစနတ္ထကြံရာ၏၊ ပါရမ္ဘရိယဇောတိ–ဟူ၍သော်လည်း ပါ၌ရင်းဖြစ်ရာ၏၊ သို့ဖြစ်လျှင် အဆင့်ဆင့်ဖြစ်ပွါးလာသော နွယ်မျိုးသည်–ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–ဝုတ္တံ–၌ စပ်၊ သိဒ္ဓိ ဟောတိ–ဟုရှိလျှင် သာ၍ကောင်း၏၊ ထိုသို့ရှိလျှင် နောက်၌ ဣတိ–ကို "ဤနှစ်ပါးသော အကြောင်းကြောင့်"ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–သမာဓနေန–ဟူသော သီမူနှင့်အညီ စတုတ္ထကျွေရာနှင့်ရှိစေရမည်၊ ဤပါ၌ဖြင့် ပါဒကဈာနံ သမာပဇ္ဇိတ္တာ–ဟု ရှေး၌ ဆိုအပ်ခဲ့သော သမာဓိကို ပြသည်။

မှတ်ချက်

၂–ဤပါ၌ဖြင့် ပရိကမ္မဝသေန မနသိ ကရောတိ–ဟု ရှေး၌ဆိုခဲ့သော မနသိကာရကို ပြသည်။

မှတ်ချက်

၁–အန္တရာ+ဥပဇ္ဇေဒေ–ပုဒ်ဖြတ်၍ ရအပ်သောအနက်ဖြစ်သည်။ သို့သော် ဤအနက်အရ အဓိပ္ပါယ်ကောက်ယူရန် ခဲယဉ်း၏။

မှတ်ချက်

၂–အန္တ+ဥပဏ္ဍေဒေ–ပုဒ်ဖြတ်၊ ရ–အာဂုံ–ဟု ယူ၍ ပြန်သောအနက်ဖြစ်သည်။ ပရိနိဗ္ဗာန်စုတိမှနောက်၌ ပြတ်စဲခြင်းကို ယူအပ်၏။ အန္တ–နောက်ဆုံးဟူသောပုဒ်ဖြင့် တခုတခုသောဘဝ၌ ဝိပါက်နာမ်ရုပ်ခန္ဓာအစဉ်၏ ပြတ်စဲခြင်းမှ အထူးပြုသည်ဟု ယူရာ၏။ အန္တိမုပဏ္ဍေဒေ–ဟူ၍သော်လည်း ပါဠိရင်းဖြစ်ရာ၏၊ အစ္စန္တုပဏ္ဍေဒေ–ဟု ရှိလျှင် သာ၍ကောင်းသည်၊ စင်စစ် ပြတ်စဲခြင်းသည်ဟု အနက်ပေးရာ၏။ အောက်၌ပြထားသော အာဟာရုပဏ္ဍေဒေ–ဟူသော မူကွဲအရ အဝိဇ္ဇာတဏှာစသော ကိလေသာ အကြောင်း၏ ပြတ်စဲခြင်းကို ယူလျှင် အတော်အသင့် အဓိပ္ပါယ်ရ၏၊ မကောင်းလှ၊ အထူးသတိပြုပါကုန်။

မှတ်ချက်

၁–အဆင်းကို ကြည့်နေလျှင် ပရိကံမပြုနိုင်၊ ပရိကံပြုနေလျှင်လည်း ကသိဏ်းကိုအာရုံပြုနေရသောကြောင့် အဆင်းကို မကြည့်နိုင်၊ ဤနှစ်မျိုးလုံးကို တပြိုင်နက်မပြုနိုင်သောကြောင့် အဘယ်သို့ ပြုသင့်သနည်းဟု မေးဖွယ်ရှိ၍ ထိုမေးခွန်းကို ထုတ်ပြသည်။

မှတ်ချက်

၁–မူလဋီကာ ၁–၁၉၄–၌ ရူပသန္တတိအရူပသန္တတိဝါရာ–ဟု ရှိ၏၊ သီမူ မဟာဋီကာ၌ ရူပသန္တတိ အရူပသန္တတိ ဝါ–ဟုရှိ၏။

မှတ်ချက်

၁–ယော စာဝုသော မနော ယေ စ ဓမ္မာတိ ဝိသယီဝိသယဘူတာ ဧကဘဝဘူတာ စ ဧကသန္တတိပရိယာပန္နာ ဓမ္မာ ဝိဘာဂံ အကတ္တာ ဂယှမာနာ အဒ္ဓါပစ္စုပ္ပန္နံ ဟောတိ၊ သတိပန ဝိဘာဂကရဏေ ခဏသန္တတိပစ္စုပ္ပန္နတာ လဇ္ဇတီတိ အာဟ "အဒ္ဓါပစ္စုပ္ပန္နံ ဟောန္တံ ဧတံ ဥဘယံ ဟောတီ"တိ။ အနုဋီ ၁၊ ၂၁၃။

မှတ်ချက်

၂–ဤ၌ ခဏပစ္စုပ္ပန်အစစ်ကိုဆိုသည်။ အထက်နှာ ၄၁၅–၆–စသည်တို့၌မူကား ယောဂီ၏ဉာဏ်၌ ခဏပစ္စုပ္ပန်အနေအားဖြင့် ထင်သည်ကို ယူ၍ ဆိုသည်–ဟု ရှေးနောက် မဆန့်ကျင်အောင် ယူအပ်၏။

မှတ်ချက်

၁–ဤ၌ စ–သဒ္ဒါဖြင့် အဒ္ဓါသန္တတိ ပစ္စုပ္ပန်မဟုတ်သော စုတိနှင့် ပဋိသန္ဓေတို့ကဲ့သို့သော တရားကိုဆည်းသည်။

မှတ်ချက်

၁–အာဝဇ္ဇန်းသည် ဧကစိတ္တက္ခဏာနာဂတစိတ်ကို အာရုံပြုလျှင် ပရိကံသည် ပစ္စုပ္ပန္နာရမ္မဏ, ဥပစာရ စသည်သည် အတီတာရမ္မဏ ဖြစ်၏၊ အာဝဇ္ဇန်းသည် ဒွိစိတ္တက္ခဏာနာဂတစိတ်ကို အာရုံပြုလျှင် ပရိကံလည်း အနာဂတာရမ္မဏ, ဥပစာရသည် ပစ္စုပ္ပန္နာရမ္မဏ, အနုလုံစသည်သည် အတီတာရမ္မဏဖြစ်၏–ဤသို့ စသည်ဖြင့် ဖြစ်သင့်သည်အားလျော်စွာဟု ဆိုလို၏။

မှတ်ချက်

၁–တံ ဧဝ နိရုဒ္ဓံ တံနိရုဒ္ဓံ၊ ဝတ္တမာနဿ တံနိရုဒ္ဓဿ ဝတ္တမာနတံနိရုဒ္ဓါနိ၊ တာနိ အာရမ္မဏံ ဧတေသန္တိ ဝတ္တမာနတံနိရုဒ္ဓါရမ္မဏာနိ၊ တေသံ ဘာဝေါ ဝတ္တမာနတံနိရုဒ္ဓါရမ္မဏဘာဝေါ–ဟု ဝစနတ္ထပြု။

မှတ်ချက်

၁–မဂ်ဖိုလ်ကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အောက်မေ့ပြီးသောအခါ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဖြစ်သည်–ဟု ဆိုလို၏။

မှတ်ချက်

၁–ဤအရာ၌ မူလဋီကာတွင် ဣဒံ ပန အဝစနသ ကာရဏန္တိ။ ကေစိ တတ္ထာပိစသည်ဖြင့် ရှိ၏။ ထိုအလိုအားဖြင့် ဣဒံ ပန၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အဝစနသ၊ ယထာကမ္မုပဂဉာဏ်ကို မဟောခြင်း၏။ ကာရဏံ၊ အကြောင်းပေတည်း။ ဣတိ၊ ဤတွင် တရပ်ပြီး၏။ ကေစိ၊ တို့သည်–ဟု အနက်ပေးရာ၏။ ၎င်းကတ္တားကို ပဌမ–၌ စပ်။ သင့်သကဲ့သို့ ရှိ၏။

မှတ်ချက်

၁–ကုသလတိုက် ဝိပါကတိုက် ဥပါဒိန္နေ–သံကိလိဋ္ဌ–အာစယဂါမိတိုက်တို့ကို ဇာတိဘေဒဖြင့် ဟောသည်၊ ဝေဒနတိုက် ဝိတက္ကတိုက် ဝီတိတိုက်တို့ကို သမ္မယောဂဘေဒဖြင့်, ဒဿနတိုက်ကို ပဟာနဘေဒဖြင့်, ဒဿနေနပဟာတဗ္ဗဟေတုတိုက်ကို ပဟာန–သမ္မယောဂဘေဒဖြင့်, သေက္ခတိုက်ကို သိက္ခာဘေဒဖြင့်, ပရိတ္တတိုက်ကို ဘူမိဘေဒဖြင့်, ပရိတ္တာရမ္မဏတိုက် အတီတာရမ္မဏတိုက်တို့ကို အာရမ္မဏဘေဒဖြင့်, ဟီနတိုက်ကို ပဘေဒဘေဒဖြင့်, မိစ္ဆတ္တနိယတတိုက်ကို နိယမဘေဒဖြင့်, မဂ္ဂါရမ္မဏတိုက်ကို အာရမ္မဏာဒိဘေဒဖြင့်, ဥပ္ပန္နတိုက် အတီတတိုက်တို့ကို ကာလဘေဒဖြင့် ဟောသည်ဟု ဆိုလို၏။

မှတ်ချက်

၁–မှန်ဘီလူးကောင်းကောင်းနှင့်ကြည့်မှ မြင်နိုင်သော အရာကဲ့သို့ ဤပညာဖြင့် ကြည့်မှမြင်နိုင်သည်၊ အခြားတရားဖြင့်ကြည့်လျှင် မမြင်နိုင်၊ ထိုကြောင့် ၎င်းသည် ကမ္မာယတနစသည်တို့၏ အရှုခံကြောင်း ပညာမည်ပေသည်။

မှတ်ချက်

၁–ဤ၌ စ–သဒ္ဒါဖြင့် "အာရုံပြု၍ဖြစ်သော ဝိပဿနာဉာဏ်ကို ဆည်းသည်၊ ပုဒ်ရင်းဖြင့် မဂ်ဉာဏ်ကို ပြသည်"ဟု ယူရာ၏။ သို့သော်နောက်၌ ပြလတ်စကားနှင့် နီးနှောကြည့်လျှင်ရင်း ဉာဏဝိဘင်းပါဠိ၌ အာရဇ္ဇ–ဟု ဟောသည်နှင့် နီးနှောကြည့်လျှင်ရင်း အာရုံပြု၍ သိသောဉာဏ်ကိုသာ ဆိုလိုသည်ဟု ထင်ရှားသောကြောင့် ဤအရာ၌ စ–သဒ္ဒါ လိုမည်မထင်၊ သီမူ၌ကား ဤ စ–သဒ္ဒါ မရှိပေ။

မှတ်ချက်

၂–မဂ္ဂသစ္စာကို ဝိပဿနာ မဂ် ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့တွင် အဘယ်ဉာဏ်ဖြင့် အာရုံပြု၍ သိပါသနည်းဟု မေးဖွယ်ရှိ၍ ဤစကားကို ဆိုသည်။ ထိုကြောင့် အောက်ခြေ၌ ပြထားသော စတုတ္ထသစ္စံ–ဟူသော သီမူကွဲသာသင့်သည်။ ပစ္စဝေက္ခဏာငါးမျိုးတို့တွင် ဒုက္ခနှင့် သမุဒယကို ဆင်ခြင်သော ပစ္စဝေက္ခဏာဟု မရှိသောကြောင့် စတုသစ္စံ–ဟူသော ရှိရင်းပါ၌ကား မသင့်။

မှတ်ချက်

၁–ဝိသုဒ္ဓိ ၂၊ ၇၁–၌ ထုတ်ပြသော ဝိဘင်းပါဠိတွင် ဒုက္ခေ ဉာဏံ–စသည်ကို သစ္စဝါရ၊ ဟေတုမှိ ဉာဏံ–စသည်ကို ဟေတုဝါရ၊ ယေ ဓမ္မာ ဇာတာ–စသည်ကို ဓမ္မဝါရ၊ ဇရာမရဏေဉာဏံ–စသည်ကို ပစ္စယာကာရဝါရ–ဟု ဆိုသည်။

မှတ်ချက်

၁–မူလဋီကာ၌ ဤအရာတွင် ကေစိ–ဟု ရှိ၏၊ ဤ၌လည်း အလားတူပင် ရှိသင့်၏။

မှတ်ချက်

၁–ထိုသို့ဖြစ်လျှင် အတ္ထပဋိသမ္ဘိဒါဓမ္မပဋိသမ္ဘိဒါတို့နှင့် နိရုတ္တိပဋိသမ္ဘိဒါ ထပ်တူဖြစ်နေရာသည်ဟု ဆိုလို၏။

မှတ်ချက်

၂–သီမူ၌ ဝစနံ ပစ္စုပ္ပန္နံ သဒ္ဒံ ဂဟေတွာ–ဟုရှိ၏။ နိရုတ္တိ။ပ။ ရမ္မဏာတိ ဝစနံ၊ ဏာဟူသော စကားကို။ ပစ္စုပ္ပန္နံ၊ ဖြစ်သော။ သဒ္ဒံ၊ အသံကို။ ဂဟေတွာ၊ ၍–ဟု အနက်ပေး၊ သာ၍ကောင်းပေ၏။

မှတ်ချက်

၃–ဤတိုင်အောင် မူလဋီကာ၌ သကဝါဒအဖြစ်ဖြင့် ဆိုထားသော စကားဖြစ်သည်၊ ထိုကြောင့် အပရေ–ဟူသော ပါဌ်ဖြင့် မူလဋီကာဆရာကိုပင် ဆိုသည်ဖြစ်ရာ၏။

မှတ်ချက်

၁–ဒုဝိညေယျဋ္ဌာနံ–ဟူသော ရှိရင်းပါဌ်ကား သန္ဓိဋ္ဌာနပုဒ်နှင့် စပ်ရန် မလျော်သောကြောင့် နာ–တလုံး ကျနေသည်ဟု ယူဆ၍ ပြင်လိုက်သည်၊ သီမူ၌ကား ဒုဝိညေယျတ္ထာနံ–ဟုရှိ၏၊ ဆဋ္ဌီကံပုဒ်ဖြစ်၍ သဒ္ဒါအနေအားဖြင့် သင့်၏၊ သို့သော် အတ္ထတော အဓိပ္ပါယတော–တို့နှင့် စပ်ယှဉ်ကြည့်လျှင် အနက်အားဖြင့် မကောင်းလှ။

မှတ်ချက်

၁–ဂဟိတေန၊ ယူအပ် ဆိုအပ်ပြီးသော။ ယံ သဒ္ဒေန စ၊ ယံ–သဒ္ဒါဖြင့်၎င်း။ သနိပါတေန၊ သော။ ကိं သဒ္ဒေန စ၊ ဖြင့်၎င်း။ ဤသို့ အနက်ပေး၍ ထိုကရိဏ်းပုဒ် ၂–ခုကို အတိပ္ပသင်္ဂေါ်အာပန္နေ–နှင့်စပ်လျှင် သာ၍ အနက်ချောမောစ၏။

မှတ်ချက်

၁–သီမူ၌ အတ္ထနော သန္တာနေ ဝိဇ္ဇမာနဿေဝ–ဟု ရှိ၏၊ ဘိန္နေ–ပုဒ်မရှိ၊ ထိုပုဒ်ပိုဟန်ရှိ၏၊ ထိုမူအရအားဖြင့် အတ္ထနော၊ ၏။ သန္တာနေ၊ ၌။ ဝိဇ္ဇမာနဿေဝ၊ ရှိဆဲရပ်၏သာလျှင်ဟု အနက်ပေး၊သင့်၏

မှတ်ချက်

၁–ရှေးဟောင်းသီမူ၌ စက္ခတီတိ ဟာယံ သဒ္ဒေါ–ဟု ရှိ၏၊ ထိုအလိုအားဖြင့်။ ဟိ၊ မှန်။ စက္ခတီတိ အယံ သဒ္ဒေါ၊ သည်–ဟု အနက်ပေး၊ သင့်သကဲ့သို့ ရှိ၏။

မှတ်ချက်

၁–သုံးပါးလွန်ကဲရာ၌ ဧကက ၄–ဝါရ၊ နှစ်ပါးလွန်ကဲရာ၌ ဒုက ၆–ဝါရ ရနိုင်သည်ကို ဆိုသည်။

မှတ်ချက်

၁–ဂန္ဓော ဝိယ–ကား ဥပမေယျဖြစ်သော သဒ္ဒဿ–ပုဒ်နှင့် ဝိဘတ်မတူသောကြောင့် မသင့်၊ အဘိဓမ္မာဝတာရဋီသစ် ဒု ၁၃၀–၌ကဲ့သို့ ဂန္ဓဿ ဝိယ–သာ သင့်သည်။

မှတ်ချက်

၂–ဤပုဒ်မှနောက်၌ သီမူနှင့်အညီ သောတပထေ အာပါထမာဂစ္ဆတိ။ သစေ တတ္ထေဝ ဌိတော သောတပထေ အာပါထမာဂစ္ဆတိ–ဟု အပြည့်အစုံ ရှိစေရမည်။

မှတ်ချက်

၃–သစေ တတ္ထေဝ။ပ။ စိရေန သုယျန္တီတိ၊ နဟူသော ဤအရာ၌ အဘိမ္မာဝတာရဋီသစ် ဒု ၁၃၀–၌ ယဒိ ဧဝံ ကထံ ဒူရေ ဌိတေဟိ ရဧကာဒိသဒ္ဒါ စိရေန သုယျန္တိ။ အသမ္ဘတ္တဂ္ဂါဟကတ္တေ ဟိ ဒူရာသန္နဒေသဝတ္ထိနံ သမကမေဝ သဝနေန ဘဝိတဗ္ဗန္တိ။ နယိဒမေဝံ–ဟု ရှိ၏။ ထိုပါဌ်က သာ၍ကောင်းပေ၏။

မှတ်ချက်

၄–ဤပါဌ်နှင့် အလားတူဖြစ်သော မူလဋီကာပါဌ်ကို အနုဋီ ဒု ၁၆၂–၌ "နဟ ဒူရာသန္နာနံ ယထာပါကဋေ သဒ္ဒေ ဂဟဏဝိသေသတောတိ နဟ ဒူရေ ဌိတေဟိ ရဧကာဒိသဒ္ဒါ စိရေန သောတဝိညာဏေန သုယျန္တိ၊ သစေ သဝနူပစာရေ သော သဒ္ဒေါ၊ ဒူရေ, အာသန္နေ စ ဌိတာနံ ယထာဘူတေ အာပါထဂတေ သဒ္ဒေ မနောဝိညာဏသခ်ါတတော ဂဟဏဟိသေသတော "စိရေန သုတော, သီဃံ သုတောတိ" အဘိမာနောတိ အတ္ထော–ဟု ဖွင့်ပြထား၏။

မှတ်ချက်

၁–အာသန္နပုဂ္ဂိုလ်၏ ဆုံးဖြတ်မှတ်ယူခြင်းနှင့် ဒူရပုဂ္ဂိုလ်၏ ဆုံးဖြတ်မှတ်ယူခြင်းတို့၏ ထူးခြင်းကြောင့်–ဟုဆိုလို၏။ အဘိမ္မာဝတာရဋီသစ် ဒု ၁၃၀–၌ကား "ဧဝံ ရဧကာဒိသဒ္ဒေပိ။ပ။ ပဝတ္တိပါကဋီဘူတေ ယထာပါကဋံ နိစ္ဆယဂ္ဂါဟကာနံ သောတဝိညာဏဝီထိယာ ပရတော ပဝတ္တာနံ မနောဒ္ဓါရိကဧဝနာနံ ဂဟဏဝိသေသတော"ဟု ရှိ၏၊ ထိုပါဌ်အရအားဖြင့် ပဝတ္တိ–ပါကဋီဘူတေ စ၊ သော်ဎင်း။ ယထာပါကဋံ၊ ထင်ရှားသည့်အတိုင်း၊ နိစ္ဆယဂ္ဂါဟကာနံ၊ ဆုံးဖြတ်ခြင်းကို ယူတတ်ပြုတတ်ကုန်သော။ သောတဝိညာဏဝီထိယာ၊ မှ။ ပရတော၊ ၌။ ပဝတ္တာနံ၊ ကုန်သော။ မနောဒ္ဓါရိကဧဝနာနံ၊ ဧောတို့၏။ ဂဟဏဝိသေသတော၊ ကြောင့်–ဟု အနက်ပြန်ရာ၏။

မှတ်ချက်

၁–နောက်၌ သမုစ္စာရိယမာနသဒ္ဒေ–ဟု ရှိသည်နှင့်အညီ ဤအရာ၌လည်း သမုစ္စာရိယမာနသဒ္ဒသဝနာနန္တရန္တိ–ဟု ပါဌ်ရင်းဖြစ်ရာ၏။ "ကောင်းစွာရွတ်ဆိုအပ်ဆဲအသံကို ကြားသည်၏အခြားမဲ့၌–ဟူ၍"ဟု အနက်ပေး။

မှတ်ချက်

၁–ဗျာပီနံ ဘာဝေါ ဗျာပိတာ၊ နဗျာပိတာ အဗျာပိတာ–ဟု ဝစနတ္ထ–ပြု။ အဘိမ္မာဝတာရဋီသစ် ဒု ၁၅၁–၌ မူ အဗျာပိဘာဝေါ–ဟူ၍ပင် ရှိ၏။

မှတ်ချက်

၁–ဤကား ပါဌ်ရှိရင်းအတိုင်း လျော်အောင်ပြန်အပ်သောအနက် ဖြစ်သည်။ အဘိမ္မာဝတာရဋီသစ် ဒု ၁၅၃–၌ ဤအရာတွင် "နဟ ပန တတ္ထ ဣဓမိဗ္ဗေတမုဒုတာကမ္မညတာ–သဘာဝတော (သဇ္ဇာဝတော) ဟု ရှိ၏။ ထိုနှင့်အညီ ဤ၌လည်း နဟ တတ္ထ ဣဓမိဗ္ဗေတ–မုဒုတာကမ္မညတာသဇ္ဇာဝတော–ဟူ၍ပင် ရှိသင့်၏။ တတ္ထ၊ ထိုသားရေနှင့်ရွှေတို့၌။ ဣဓ။ပ။ ဇ္ဇာဝတော၊ ဤအရာ၌ အလိုရှိအပ်သော မုဒုတာ ကမ္မညတာတို့၏ ရှိသည်၏ အဖြစ်ကြောင့်။ နဟ၊ ထိုသားရေနှင့် ရွှေတို့ကို ဆိုသည်မဟုတ်ပေ"ဟု အနက်ပြန်ရာ၏။

မှတ်ချက်

၁–ဓမ္မသင်္ဂဏီပါဋိတော် ၁၆၈–၌ ကတမံ တံ ရူပံ ဣတ္ထိန္ဒြိယံ၊ ယံ ဣတ္ထိယာ ဣတ္ထိလိင်္ဂံ ဣတ္ထိနိမိတ္တံ။ပ။ ဣတ္ထိ ဘာဝေါ၊ ဣဒံ တံ ရူပံ ဣတ္ထိန္ဒြိယံ–ဟု ဣတ္ထိန္ဒြေကြောင့်ဖြစ်သော ဣတ္ထိလိင်္ဂံစသည်ကို ဝေဘန်သကဲ့သို့ပင်ဟု ဆိုလို၏။

မှတ်ချက်

၁–မူလ ဋီ ၁–၄၈–၌ဌင်း အဘိမ္မာဝတာရဋီသစ် ဒု ၂–၌ဌင်း ဓမ္မသဘာဝ–သာမညေန–ဟုရှိ၏၊ တရားသဘော တရားကိုယ်ဟူသော တူသည်၏အဖြစ်ဖြင့်–ဟု ပေး။ သာ၍ကောင်း၏။

မှတ်ချက်

၁–ဖောဌဗ္ဗ–သည် ကိုယ်တိုင်ရောက်၏၊ ဂန္ဓ ရသ ဃာန ဇိဝှါ ကာယ–တို့သည် မိုရာ ဘူတရုပ်၏အစွမ်းအားဖြင့် ရောက်ကုန်၏။ ရူပ သဒ္ဒ စက္ခု သောတ–တို့သည် ကိုယ်တိုင်လည်းမရောက် မိုရာ၏အစွမ်းဖြင့်လည်း မရောက်။ အဘိဓမ္မာ ဝတာရဋီသစ် ၃–၂။

မှတ်ချက်

၂–ဗျာပါရာဒီတိ၊ ဒိ–ဟူသော ပါဠိဖြင့်။ စိတ္တကိရိယာဝါယောဓာတုဝိပ္ဖါရဝသေန၊ ဖြင့်။ အကွိုပဋ္ဌလာဒီနံ၊ မျက်လွှာ စသည်တို့၏။ ဥပရိ၊ ဌိတဂင်း။ ဟေဋ္ဌာ စ၊ ဌိတဂင်း။ သံသီဒနလဃုနာဒိပ္ပဝတ္တိ၊ ကျခြင်းတက်ခြင်း စသည်တို့၏ဖြစ်ခြင်းကို။ အာဟ၊ ဆို၏။ အနုဋီ ၁–၅၂။

မှတ်ချက်

၃–သီမူနှင့်ဂင်း, အဘိဓမ္မာဝတာရဋီကာသစ် ၃ နှာ ၂–နှင့်ဂင်း အညီပင်၊ မြန်မာမူ ဤဋီကာ၌ဂင်း, မူလဋီ ၁–၄၉–၌ဂင်း ရှိသော ဝိသယေသု–ဟူသောပါဠိကား ဗျာပါရာဒိ။ပ။ သဟိတေသု–ဟူသော ဝိသေသနပုဒ်၏ ဝိသေသျ မဖြစ်ထိုက်သောကြောင့် မသင့်။

မှတ်ချက်

၄–ဝိကာရပ္ပတ္တိ၊ တ္တိ–ဟူသည်။ ဝိသဒိသုပ္ပတ္တိ၊ မတူသော အမူအရာ၏ဖြစ်ခြင်းတည်း။ ဝိသယသ၊ အာရုံ၏။ ဣဋ္ဌာ နိဋ္ဌဘာဝေန၊ ဖြင့်။ အနုဂ္ဂဟော စ၊ ချီးမြှောက်ခြင်းသည်ဂင်း။ ဥပဃာတော စ၊ ဖျက်ဆီးခြင်းသည်ဂင်း။ (ဝိကာရပ္ပတ္တိ၊ ပေတည်း။) ဣတိ အတ္ထော၊ နက်။ အနုဋီ ၁–၅၂–ပင်။

မှတ်ချက်

၁–အရိသံ ဇေတသ အတ္ထိတိ အရိသသော။ ဇေတသ၊ ဤသူအား။ အရိသံ၊ မြင်းသရိုက်နာသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ အရိသသော၊ မည်၏။ အရိသ+အပစ္စည်း+သ–အာဂုံတို့ဖြင့် အရိသသော–ဟု ပြီးသည်။ အရိသ–သဒ္ဒါသည် သက္ကတ၌ အင္ကေသ–ဟု သ်–ကာရန္တနှင့်ရှိသောကြောင့် ပါဠိ၌ အရိသနောင် အပစ္စည်းသက်သောအခါ သ်–အာဂုံလာရသည်။ ဤပုဒ်ပြီးပုံကို မုဒ္ဓဗောဓ ၄၄၆–၇–သုတ်တို့၌ ပြဆိုထားသည်။ ဤပုဒ်ပြီးပုံ ဥပမာဖြင့် ဋီကာဆရာ ပြလိုရင်းမှာ အရိသ နောင် အသတ္ထိ အနက်၌ အ–ပစ္စည်းဖြင့် အစသရကို ဝုဒ္ဓိမပြုရပဲ ပြီးသကဲ့သို့ပင် ဤ၌လည်း ရူပနောင် အပစ္စည်းဖြင့် အစသရကို ဝုဒ္ဓိမပြုရပဲ ပြီးသည်ဟု ပြလိုရင်းဖြစ်သည်။

မှတ်ချက်

၂–ဤဒုတိယဝိကပ်ဖြင့် ဂုဏ္ဏပစာဟူ၍လည်း ခေါ်သင့်သော ဌာနျုပစာကို ပြသည်။

မှတ်ချက်

၁–သီမူနှင့်အညီပြန်သော ပါဠိအနက်ဖြစ်သည်။ ဇိဝှါတာလုစလနာဒိကံ ဝိတက္ကသမုဋ္ဌိတံဟု ရှိသောပါဠိကား မကောင်း။ အကြောင်းမူကား စလနာဒိက–နှင့် သဒ္ဒ–သည် အရမတူသင့်သောကြောင့် ပေတည်း။

မှတ်ချက်

၁–အပြားဟူသော အနက်ကား ဤအရာ၌ သင့်အောင် ယူရန်ခဲယဉ်း၏။ ဝိဇာနနဟူသော ဘာဝအနက်နှင့် ဝိဇာနာတိ–ဟူသော ကတ္တားအနက်ကိုပင် ဘေဒဟုဆိုသည်ဟူ၍သော်လည်း ယူသင့်၏၊ ထိုသို့ယူလျှင်လည်း ပဒတ္ထတော–ဟု ရှိသင့်၏။

မှတ်ချက်

၁–စလယတိ–စသော နောက်နောက်ပုဒ်သည် သလယတိ–စသော ရှေးရှေးပုဒ်၏အဖွင့်ဖြစ်သည်၊ တနည်းကား စလယတိ–စသော ၃–ပုဒ်တို့ဖြင့် အစဉ်အတိုင်း တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒပဟာန်တို့ကို ပြသည်။

မှတ်ချက်

၁–ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ–ဟူ၍ သမ္မပ္ပဓာန်အရာ၌ ဟောအပ်သော အကုသိုလ်အဖို့ ၂–မျိုးကို ယူအပ်၏။

မှတ်ချက်

၂–ဤတိုင်အောင် ဝစနတ္ထတို့သည် အဌသာလိနီမှဖြစ်သည်၊ ဤမှနောက် ဝစနတ္ထတို့သည်ကား ဋီကာဆရာ၏ လက်ရာများဖြစ်သည်။

မှတ်ချက်

၁–အကုသလံ ပန–ဟု ရှိသည်ကား မသင့်၊ သီမူဟောင်း၌ အကုသလန္တိ–ဟု ရှိ၏၊ ထိုပါဌ်လည်း မသင့်၊ သမ္ပိတ္ထန အနက်ရှိသော ပိ–သဒ္ဒါနှင့်သာ သင့်သည်။

မှတ်ချက်

၁–ရူပ် အဝစရတိ ဇတ္ထာတိ ရူပါဝစရံ၊ ရူပါဝစရေ အဝစရတီတိ ရူပါဝစရံ ဧကဿ အဝစရသဒ္ဒဿ လောပံ ကတ္တာ–စသည်ကို နည်းတူသိရန် ညွှန်းသည်။

မှတ်ချက်

၁–ဤဝစနတ္ထတို့၌ သောဘနံ သုန္ဒရံ–ဟူသောဝိသေနပုဒ်တို့ကိုထောက်၍ မနော–ကို နပုံလိင်ဟု မှတ်အပ်၏။

မှတ်ချက်

၁–ဤပြပုံကိုထောက်လျှင် သိလောကမစ္ဆရိယာဒိဝသေန–အရာ၌ သာပေက္ခမစ္ဆရိယာဒိဝသေန–ဟု ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏။

မှတ်ချက်

၁–ဤဝါဒ၌ အသခ်ါရကုသိုလ်ကြောင့် သသခ်ါရဝိပါက်မဖြစ်၊ သသခ်ါရကုသိုလ်ကြောင့်လည်း အသခ်ါရဝိပါက် မဖြစ်ဟု ယူသည်။ ထိုကြောင့် ပဌမဝါဒအရ သောဋ္ဌသအရာတွင် ဤဝါဒ၌ ဒွါဒသဖြစ်သည်။ ဒွါဒသအရာတွင်လည်း ဤ၌ ဒသ–ဖြစ်လေသည်၊ သို့ဖြစ်၍ ဒသ–ဟူသောပုဒ်လည်း မုချပင်ရှိရမည်၊ အဌသာလိနီ ၃၂၃–နှင့် အညီပင်တည်း။

မှတ်ချက်

၁–နီဝရဏမမည်သော (ဗျာပါဒ) ပဋိဃမရှိသောကြောင့်ရင်း စျာန်ရပုဂ္ဂိုလ်၏သန္တာန်, ဗြဟ္မသန္တာန်တို့၌ ပဋိဃ မရှိသောကြောင့်ရင်း ဤသို့ဆိုသည် ဖြစ်ရာ၏။

မှတ်ချက်

၁–သီမူ၌ သတ္တမဘဝါဒိဘဝူပပတ္တိနိဝတ္တကံ–ဟု ရှိ၏။ ခုနစ်ခုမြောက်သော ဘဝအစရှိသော ဘဝတို့၌ဖြစ်ခြင်းကို နစ်စေတတ်၏–ဟု အနက်ပေး။ ဤ၌ သတ္တဘဝါဒိ, သတ္တမဘဝါဒိ–ဟူသော ပုဒ်တို့ကို အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်ဟု ယူလျှင် သင့်ရာ၏။ အဋ္ဌမဘဝါဒိဟု ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏။ ဆိုလိုသည်မှာ သောတာပတ္တိမဂ်သည် အဋ္ဌမ ဘဝ စသည်၌ ဖြစ်ခြင်းကိုပယ်၏။ သကဒါဂါမိမဂ်သည် တတိယဘဝ စသည်၌ ဖြစ်ခြင်းကိုပယ်၏။ အနာဂါမိမဂ်သည် ဒုတိယဘဝ၌ ဖြစ်ခြင်းကိုပယ်၏၊ ဤ၌ ဒုတိယဘဝဟူသည်မှာ ရူပဘဝ၌ဖြစ်လျှင် အရူပဘဝကို ဆိုလို၏။ အရဟတ္တမဂ်သည် တခုသော ရူပဘဝ၌သော်၎င်း, အရူပဘဝ၌သော်၎င်း ဖြစ်ခြင်းကို ပယ်၏ဟု ဆိုလို၏။

မှတ်ချက်

၁–အာရမ္မဏကရဏဝသေန ဒုဝိဓေပိ ကာမေ ဇတံ အဝစရတီတိ ကာမာဝစရံ။ ။ ဇတံ၊ ဤတရားသဘောသည်။ ဒုဝိဓေပိ၊ သော။ ကာမေ၊ ဝတ္ထုကာမ ကိလေသကာမ၌။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏အစွမ်းအားဖြင့်။ အဝစရတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ကာမာဝစရံ၊ မည်၏–ဟု ဝစနတ္ထပြု၍ ယူလျှင် အာရုံပြုအပ်သော တရားအလိုအားဖြင့် ဘုံကို ပိုင်းခြားခြင်း မည်၏။ ထိုကြောင့် မဏိသာရမဠုသာဋ္ဌီကာ ပ ၁၄၃–၌ အာရမ္မဏကရဏဝသေန ကာမေ အဝစရတီတိ ကာမာဝစရန္တိ အယံ အာလမ္ဗိတဗ္ဗမမ္ဗဝသေန ဘူမိပရိစ္ဆေဒေါ နာမ–ဟု ပြဆို၏။ ထိုသို့ပိုင်းခြားလျှင် ဒုဝိဓကာမကို အာရုံပြုတတ်သော စိတ် စေတသိက်တို့သာ ကာမာဝစရမည်၍ ရုပ်တရားတို့ကား ကာမာဝစရမမည်ရာသောကြောင့် အဗျာပိတ ဒေါသရောက်ရာသည်ဟု ဆိုလို၏။

မှတ်ချက်

၂–ပဋ္ဌသန္ဓိဒါနဝသေန ကာမေ အဝစရတိ, ကာမဘဝသင်္ခါတေ ဝါ ကာမေ ပဋ္ဌသန္ဓိံအဝစာရေတီတိ ကာမာဝစရံ။ ပဋ္ဌသန္ဓိဒါနဝသေန၊ ပဋ္ဌသန္ဓေကိုပေးသည်၏ အစွမ်းအားဖြင့်။ ကာမေ၊ ကာမဘုံ၌။ အဝစရတိ၊ ဖြစ်တတ်၏။ ဝါ၊ တနည်း။ ကာမဘဝသင်္ခါတေ၊ ဟု ဆိုအပ်သော။ ကာမေ၊ ကာမဘဝ၌။ ပဋ္ဌသန္ဓိံ၊ ကို။ အဝစာရေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ ကာမာဝစရံ၊ မည်၏–ဟု ဝစနတ္ထပြု၍ ယူလျှင် ဝိပါကဒါနအလိုအားဖြင့် ဘုံကို ပိုင်းခြားခြင်းမည်၏။ ထိုကြောင့် မဏိသာရ ပ ၁၄၃–၌ ပဋ္ဌသန္ဓိဒါနဝသေန ကာမေအဝစရတီတိ ကာမာဝစရန္တိ အယံ ဝိပါကဒါနဝသေန ဘူမိပရိစ္ဆေဒေါ နာမ–ဟူ၍ဝင်း အဋ္ဌသာလိနီ ၁၀၅–၌ ကာမဘဝသင်္ခါတေ ကာမေ ပဋ္ဌသန္ဓိံ အဝစာရေတီတိပိ ကာမာဝစရံ–ဟူ၍ဝင်း ပြဆိုတော်မူကြ၏။ ထိုတွင် ဒုတိယဝစနတ္ထအရပြီးသော ကာမာဝစာရံ–၌ စာ–မှ အာကိုရသပြုထားသည်ဟု မူလဋ္ဌီ ၁–၆၄–၌ ဆို၏။ ထိုသို့ ဝိပါကဒါနအလိုအားဖြင့် ဘူမိပရိစ္ဆေဒပြုလျှင်လည်း အကျိုးမပေးတတ်သော ဝိပါက်ကြိယာနှင့် ရုပ်တရားတို့သည် ကာမာဝစရ မည်ရာသောကြောင့် ထိုအပြစ်ဒေါသရောက်ရာသည်ပင်ဟု ဆိုလို၏။

မှတ်ချက်

၁–ဤဇတာဝကော–ပုဒ်ပြီးပုံကို ဗျာကရဏ်းကျမ်းတို့၌ မတွေ့ရ။ မောဂ္ဂလ္လာန် ၄–ကဏ္ဍ ၄၂–သုတ်၌ ယ–တ–တို့နောင် အာဝတကပစ္စည်းဖြင့် ယာဝတကော တာဝတကော–ဟု ပြီးစေသကဲ့သို့ ဤ၌လည်း ဇတနောင် အာဝကပစ္စည်းဖြင့် ပြီးစေရာ၏။ တာဝတကော–ဟူ၍သော်လည်း ပဋ္ဌရင်းဖြစ်ရာ၏။ ဆိုလိုသည်မှာ မျက်စိ စသည်တို့ဖြင့် မြင်နိုင် ကြားနိုင် တွေ့သိနိုင်တုန်း မသေမီအတွင်းသာလျှင် သတ္တဝါသည် တည်ရှိ၏၊ သေပြီးသည့် နောက်ကာလ၌ သတ္တဝါသည် မရှိတော့ပြီ–ဟု ဥစ္ဆေဒအယူ ဖြစ်သည်ဟု ဆိုလို၏။

မှတ်ချက်

၂–ဤပုဒ်မှနောက်၌ အောက်ပါအတိုင်း ဂါထာအနေဖြင့် ပါ၌ရှိစေရမည်။

"ဇသ ပဏ္ဍော'ဝိတထော ဒေဝယာနေ၊
ယေန ယန္တိ ပုတ္တဝန္တော ဝိသောကာ။
တံ ပဿန္တိ ပသဝေါ ပဂ္ဂိနော စ၊
တေန တေ မာတရိပိ မိထုနံ စရန္တိ"တိ–

အာဒိနာ နယေန–(စသည် တူပြီ) အဘိဓမ္မာဝတာရဋီကာသစ် ၁–၂၅၁–၌ဌင်း၊ မဏိသာရမဉ္ဇူသာဋီကာ ၁–၁ဖစ–၌ဌင်း ဤဂါထာရှိ၏။

မှတ်ချက်

၃–အကြင်မေထုန်လမ်းဖြင့်–ဟူ၍လည်း အနက်ပြန်ကြ၏၊ ပုတ္တမုဒဿနံ သဂ္ဂမောက္ခ–မဂ္ဂေါ–ဟူသော ဆိုလတ္တံ့ စကားနှင့် နှီးနှောသင့်၏။

မှတ်ချက်

၄–ဤနောက်အနက်အလိုအားဖြင့် တဒတ္ထ၌ သတ္တမီဧကဝုစ်ဟု မှတ်ရာ၏။ သက္ကတ၌ ပုံ–နပုံ–အကာရန္တနောင် တတိယာဗဟုဝုစ်ကို ဓ (အိုက်)ပြု၍ ပြီး၏၊ ၎င်းကို ဆန်းဂိုဏ်းမပျက်စေပဲ ပါဠိပြန်သောအခါ ဧ–ကာရန္တနှင့်ပြန်ရ၏။ သို့ဖြစ်၍ ဤဒေဝယာနေ–ဟူသောပုဒ်သည် ဒေဝယာနဲ(နိုက်)ဟူသော သက္ကတမှ ပြန်ထားသောပုဒ်လည်း ဖြစ်သင့်၏။ ထိုသို့ဖြစ်လျှင် ဒေဝယာနေဟိ၊ နတ်ယာဉ်တို့နှင့်တကွ။ အဝိတထော၊ တည်း–ဟု အနက်ပြန်ရာ၏။

မှတ်ချက်

၁–သီမူ၌ ဧသ ပန္ထော ပဂေဝ ဝိဂတော ဒေဝယာနေ–ဟုရှိ၏။ ဧသ ပန္ထော၊ သည်။ ပဂေဝ၊ ရှေးမဆွကပင်လျှင်။ ဒေဝယာနေ၊ နတ်ယာဉ်တို့နှင့်။ အဝိဂတော၊ မကင်းမဆိတ်သော လမ်းပေတည်း–ဟု အနက်ပေးရာ၏။ မြန်မာမူ၌ ဧသ ပန္ထော ပဂေဝ ဝိဟိတော ဒေဝယာနေ–ဟုရှိ၏။ ဧသ ပန္ထော၊ ကို။ ဒေဝယာနေ၊ နတ်ပြည်သို့သွားရောက်ရန်အလို့ငှါ၊ ဝါ၊ နတ်ယာဉ်တို့နှင့်တကွ။ ပဂေဝ၊ ရှေးမဆွကပင်လျှင်။ ဝိဟိတော၊ ဘုရားသခင် ဖန်ဆင်းအပ်လေပြီ–ဟု အနက်ပေးရာ၏။ မုဏ္ဍကဥပနိသဒ် ၃၊၁၊ဖ–၌ "သတ္ကျန ပန္ထာ ဝိတတော ဒေဝယာနး"ဟု ရေးထားသည်ကို တွေ့ရ၏။ ထိုကြောင့် ဤ၌လည်း "ဧသ ပန္ထော ဝိတတော ဒေဝယာနော"ဟု ပါ၌ရင်းဖြစ်ရာ၏။ ဝိတတော၊ ကျယ်ပြန့်သော။ ဒေဝယာနော၊ နတ်ပြည်သို့ သွားကြောင်းလမ်းပေတည်း–ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–သီမူနှင့် အညီပင်၊ အတီတာဒီနံ–ဟု ရှိသောပါ၌သည် အာဒိ–သဒ္ဒါအရ ယူရန်မရှိသောကြောင့် မသင့်။ မှန်ပေ၏၊ ဥပ္ပန္နတိက်၌ ပစ္စုပ္ပန် နာမ် ရူပ်ဟူသမျှကို ဥပ္ပန္နာ ဓမ္မာ–ဟုဟော၏၊ အနာဂတ်ဖြစ်သော ကုသိုလ် အကုသိုလ် ကိရိယာဟူသမျှနှင့် အနာဂတ်ဖြစ်သော စိတ္တဇ ဥတုဇ အာဟာရဇရုပ်ဟူသမျှကို အနုပ္ပန္နာ ဓမ္မာ–ဟု ဟော၏၊ အနာဂတ်ဝိပါက်နှင့် ကမ္မဇရုပ်ဟူသမျှကို ဥပ္ပါဒိနော ဓမ္မာ–ဟု ဟော၏၊ နိဗ္ဗာန်ကို နေ ဝတ္တဗ္ဗံ–ဟု ဟော၏၊ ထို့ကြောင့် ထိုတိက်၌ မဟောအပ်ပဲ ကြွင်းကျန်သည်မှာ အတိတ်တရားမျှသာဖြစ်သည်။ ထိုအတိတ်တရားတို့မှတပါး အကြွင်းအကျန်ဟူ၍ မရှိပေ။ ထို့ကြောင့် ဤ၌ အာဒိ–ဖြင့်ယူရန် မရှိ၊ ထိုကြောင့် အာဒိ–မပါသော အတီတာနံ–ဟူသော ပါ၌သာ သင့်သည်။

မှတ်ချက်

၁–သီမူနှင့်အညီပင်၊ ပုထုဇဉ်၏ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ဒဿနပဟာတဗ္ဗ, သေက္ခတို့၏ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ဘာဝနာပဟာတဗ္ဗ–ဟု ဝေဘန်၍ မဟော–ဟု ဆိုလို၏။ ရှိရင်းအတိုင်း အနက်ပေးလိုမူ တံ ဝိဘဇနံ၊ ထိုဝေဘန်ခြင်းကို။ ဝုတ္တံ၊ ၏။ ဣတိ၊ ပြီး၏–ဟုအနက်ပေး။ ဓမ္မသင်္ဂဏီပါဠိ၌ ဆဘန်ဟောသည်ကို ယူအပ်၏၊ သို့သော် ၎င်းမှာ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ဝေဘန်ဟောခြင်းမဟုတ်သောကြောင့် ရှေ့စကားနှင့်လည်း မစပ်မိ၊ သင့်အံ့လည်းမထင်။

မှတ်ချက်

၁–ဤဋီကာ ဒု ၁၁ဓ–၌ ဆိုခဲ့သည်ကို ရည်ဟန်ရှိ၏၊ သို့သော် ထို၌ ပြခဲ့သော စကားထဲတွင် အဟိတ်ဝိပါက်ဖြစ်ခြင်း၏အကြောင်းကို ပြဆိုချက် မပြည့်စုံသေးဟု ထင်၏၊ ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတိ–စသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းစကားနှင့်အညီ ဒွိဟိက်ဩမကဖြစ်သောကြောင့်ဟု အကြောင်းပြမှ ပြည့်စုံမည်။ သတိပြုရန်။

မှတ်ချက်

၁–ဤပါဠိဖြင့် အာလမ္ဗန–မှ အာရမ္ဗဏ–ဖြစ်သည်၊ အာရှေးရှိသော ရမု–ဓာတ်ဖြင့် ပြီးသည်မဟုတ်ဟု သိစေ၏။

မှတ်ချက်

၁–ညိုသည် ဝါသည် စသည်ဖြင့် ခွဲခြား၍ မသိနိုင်ဟု ဆိုလို၏၊ ထိုသို့ ခွဲခြားသိခြင်းသည် မနောဒွါရိကစိတ်ဖြင့်သာ ဖြစ်သည်။ ဤဋီကာ ဒု ၃၉–၌ ဝဏ္ဏာရမ္မဏေန ဉာဏေန နီလပီတာဒိဝဝတ္ထာနံ ဝိယ–ဟူသောစကား, နှာ ၄၂–၌ နီလာဒိဝ ဝတ္ထာပနံ ဝိယ–ဟူသော စကားတို့ဖြင့် ဤဆိုခဲ့သော အနက်ကို သိအပ်၏။

မှတ်ချက်

၂–နု ကဋ္ဌ ဓမ္မံ ပဋိဝိဇာနာတီတိ မနောပုဗ္ဗင်္ဂမာ ဓမ္မာတိ ဇဝံ ဝုတ္တံ ဇကမ္မိ ကုသလံ ဝါ အကုသလံ ဝါ နု ပဋိဝိဇာနာတိ။ အညတြ အဘိနိပါတမတ္တာတိ ဌပေတ္တာ ရူပါဒီနံ အဘိနိပါတမတ္တံ။ ဣဒံ ဝုတ္တံ ဟောတိ–သုပဏ္ဍိတောပိ ပုရိသော ဌပေ တ္တာ အာပါထဂတာနိ ရူပါဒီနိ အညံ ကုသလာကုသလေသု ဇကမ္မမ္မိ ပဋ္ဌဟိ ဝိညာဏေဟိ နု ပဋိဝိဇာနာတိ၊ စက္ခုဝိညာဏံ ပနေတ္ထ ဒဿနမတ္တမေဝ ဟောတိ။ သောတဝိညာဏာဒီနိ သဝနဃာယနသာယနဖုသနမတ္တာနေဝ။ ဒဿနာဒိတော ပန မုတ္တာ အညာ ဇတေသံ ကုသလာဒိပဋိဝိညတ္တိ နာမ နတ္ထိ၊ (အဘိ ဋ ၂–၃၈၇–၃၈၉) ထိုအရာတွင် မူလဋီကာ ၂–၂၀၁–၌ ဤသို့ အထူးဖွင့်၏–ယာ ပနာယံ ပါဠိ "ပဋ္ဌဟိ ဝိညာဏေဟိ နု ကဋ္ဌ ဓမ္မံ ပဋိဝိဇာနာတိ အညတြအဘိနိပါတမတ္တာ"တိ။ တဿာ ရူပါ ဒီနံ အာပါထမတ္တံ မုဋ္ဌိတ္တာ အညံ ကဋ္ဌ ဓမ္မသဘာဝံ နု ပဋိဝိဇာနာတီတိ အယမတ္ထော ဒိဿတိ။ နု ဟိ ရူပံ ပဋိဂ္ဂဏှန္တမ္ပိ စက္ခု ဝိညာဏံ ရူပန္တိ စ ဂဏှာတီတိ။ သမ္ပဋ္ဆနဿပိ (ဂဏှာတိ၊ သမ္ပဋ္ဆန္နဿပိ–ဟု ရှိသင့်၏) ရူပနီလာဒိအာကာရပဋိဝိဇာနနံ နတ္ထိတိ ကိဋ္ဌ ဓမ္မဿ ပဋိဝိဇာနနံ ပဋိက္ခိတ္တံ။ ။ ပန၊ ဆက်။ ပဋ္ဌဟိ။ပ။ အဘိနိပါတမတ္တာတိ၊ ဟူသော။ ယာ အယံ ပါဠိ၊ သည်။ (အတ္ထိ၊ ၏။) တဿာ၊ ထိုပါဠိ၏။ (အယမတ္ထော–၌ စပ်) ရူပါဒီနံ၊ အဆင်းစသည်တို့၏။ အာပါထမတ္ထံ၊ ထင်ခြင်း မျှကို၊ ဝါ၊ အာရမ္ဗဏပစ္စည်းအဖြစ်မျှကို။ မုဋ္ဌိတ္တာ၊ လွတ်၍၊ ဝါ၊ ဖယ်ထား၍၊ အညံ၊ သော။ ကဋ္ဌ၊ သော။ ဓမ္မသဘာဝံ၊ (ညိုသော အဆင်း ဤသို့စသော) သဘောတရားအထူးကို။ (အညန္တိ ရူပံ နီလန္တိ ဇဝမာဒိဓမ္မဝိသေသံ။ တေနာဟ ဓမ္မသဘာဝန္တိ –အနုဋ္ဌီ။) နု ပဋိဝိဇာနာတိ၊ မသိတတ်။ ဣတိ အယံ အတ္ထော၊ သည်။ ဒိဿတိ၊ ထင်၏။ ဟိ၊ မှန်။ စက္ခုဝိညာဏံ၊ သည်။ ရူပံ၊ ကို။ ပဋိဂ္ဂဏှန္တမ္ပိ၊ ခံယူသော်လည်း၊ ဝါ၊ အာရုံပြုသော်လည်း။ ရူပန္တိ စ၊ အဆင်းဟူ၍လည်း။ နု ဂဏှာတိ၊ မယူတတ် မသိ တတ်။ (ရူပန္တိ စ နု ဂဏှာတီတိ ရူပါရမ္ဗဏမ္ပိ သမာနံ "ရူပံနာမေတ"န္တိ နု ဂဏှာတိ။ တထာ စာဟု ဇကေ "စက္ခုဝိညာဏသမ်ဂီ နီလံ ဝိဇာနာတိ၊ နော တု နီလ"န္တိ။ အနုဋ္ဌီ။) ဣတိ၊ ကြောင့်။ (ပိဟန်ရှိ၏) သမ္ပဋ္ဆနဿပိ၊ သမ္ပဋ္ဆိန်း၏လည်း။ (ဤပါဠိ အနက် လိုမည်မထင်) သမ္ပဋ္ဆန္နဿပိ၊ အဆင်းကို ခံယူပြီးသော်လည်း။ ရူပနီလာဒိအာကာရပဋိဝိဇာနနံ၊ အဆင်း၏ ညိုသော အခြင်းအရာစသည်ကို သိခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ကဋ္ဌ၊ သော။ (ပဋိဝိဇာနနံ–၌ စပ်၊ ကဿစိ–ဟု ရှိ၍ ဓမ္မဿ–နှင့်စပ်လျှင် သာ၍ကောင်း၏) ဓမ္မဿ၊ ကို။ ပဋိဝိဇာနနံ၊ သိခြင်းကို။ ပဋိက္ခိတ္တံ၊ ပယ်အပ်လေ၏။ မူလဋီကာအနက်။

မှတ်ချက်

၁–ဤ၌ စာပိ–ဟု ရှိလျှင် ယုတ္တတရ ဖြစ်သည်၊ စ–ဖြင့် အချင်းချင်းဆည်းသည်၊ အပိ–ဖြင့် အဌဝိဓတာယ သဒိ သဘာဝကို ပေါင်းသည်ဟု ယူအပ်၏။

မှတ်ချက်

၁–ဤ၌ ပရိတ္တာဒိ–ဖြင့် မဟဂ္ဂုတ် အပ္ပမာဏဓမ္မရုံတို့ ပါဝင်သည်ကိုငင်း, အတီတာဒိ–ဖြင့် ကာမမဟုတ်သော တရား တို့ပါဝင်သည်ကိုငင်း, အဗ္ဗတ္တာဒိ–ဖြင့် ကာမဝိပါက်၏ အာရုံမဖြစ်သော အချို့သော အဗ္ဗတ္ထ ဗဟိဒ္ဓတရားတို့ ပါဝင်သည်ကို ငင်း ပြသည်။

မှတ်ချက်

၁–ဤပုဒ်ဖြင့် တဒါရုံ၏အကြောင်းဖြစ်သော ပဏီတ ဥတု ဘောဇဉ် စသည်နှင့် အနန္တရကုသိုလ် အကုသိုလ်ဇော အကြောင်းတို့ကို ယူအပ်၏။

မှတ်ချက်

၂–ဤပုဒ်ဖြင့် ပဋိသန္ဓေဘဝင်စုတိ၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ကို ယူအပ်၏။

မှတ်ချက်

၃–အာဒိ–ဖြင့် ကမ္မနိမိတ် ဂတိနိမိတ်တို့နှင့်တကွ ပဏီတ ဥတု ဘောဇဉ် စသောအကြောင်း, အတီတာနန္တရ ကုသိုလ် အကုသိုလ်အကြောင်းတို့ကို ယူအပ်၏။

မှတ်ချက်

၄–ဤဋီကာဆိုပြပုံမှာ မရှင်းလင်းလှပေ၊ မူလဋီကာ ၁–၁၂၇–၌ ဤသို့ ပြဆိုထား၏။ ။ အသင်္ခါရိကာဒီသု ဟိ ယေန ကေနစိ စိတ္တေန ကမ္မေ အာယူဟိတေ အသင်္ခါရေန အပ္ပယောဂေန ကမ္မကမ္မနိမိတ္တဂတိနိမိတ္တပစ္စုပဋ္ဌာနေ ပဋိသန္ဓိ ဥပ္ပဇ္ဇမာနာ အသင်္ခါရိကာ ဟောတိ၊ သသင်္ခါရေန သပ္ပယောဂေန ကမ္မာဒိပစ္စုပဋ္ဌာနေ သသင်္ခါရိကာ။ ဘဝဂ်စုတိယော ပန ပဋိသန္ဓိ သဒိသာဝ၊ တဒါရမ္မဏဘူ ကုသလာကုသလာနိ ဝိယ အသင်္ခါရိကံ သသင်္ခါရိကဘူ ဒဋ္ဌဗ္ဗန္တိ။ ။ ဟိ၊ ချဲ့။ အသင်္ခါရိကာဒီသု၊ ကစိတ်စသည်တို့တွင်။ ယေန ကေနစိ၊ တပါးပါးသောစိတ်ဖြင့်။ (အသင်္ခါရိကစိတ်ဖြင့် ဖြစ်စေ သသင်္ခါရိကစိတ်ဖြင့် ဖြစ်စေ–ဟု ဆိုလို၏) ကမ္မေ၊ ကို။ အာယူဟိတေ၊ အားထုတ်အပ်ပြီးလတ်သော်။ (အားထုတ်ပြီးသည်မှ နောက်ကာလ၌–ဟု ဆိုလို၏) အသင်္ခါရေန၊ ပြုပြင်မှုမရှိပဲ။ အပ္ပယောဂေန၊ အားထုတ်မှုမရှိပဲ။ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တပစ္စုပဋ္ဌာနေ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့၏ ထင်ခြင်းသည်။ (သတိ၊ သော်။) ဥပ္ပဇ္ဇမာနာ၊ သော။ ပဋိသန္ဓိ၊ သည်။ အသင်္ခါရိကာ၊ ကသည်။ ဟောတိ၊ ၏။ သသင်္ခါရေန၊ ပြုပြင်မှုနှင့်တကွ။ သပ္ပယောဂေန၊ နှင့်တကွ။ ကမ္မာဒိပစ္စုပဋ္ဌာနေ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့၏ ထင်ခြင်းသည်။ (သတိ၊ သော်။ ဥပ္ပဇ္ဇမာနာ ပဋိသန္ဓိ၊ သည်။) သသင်္ခါရိကာ၊ သည်။ (ဟောတိ၊ ၏။) ပန၊ ဆက်။ ဘဝဂ်စုတိယော၊ တို့သည်။ ပဋိသန္ဓိသဒိသာဝ၊ နှင့်တူကုန်သည်သာလျှင်တည်း။ (မိမိလုံ့လ သူတပါးလုံ့လဖြင့် ကြောင့်ကြမပြုရပဲ ထင်သော ကံစသည်ကို အာရုံပြု၍ ဖြစ်သော ပဋိသန္ဓေ ဘဝင် စုတိတို့သည် အသင်္ခါရိက ဖြစ်ကုန်၏၊ ကြောင့်ကြပြု၍ ထင်သောကံ စသည်ကို အာရုံပြု၍ ဖြစ်သော ပဋိသန္ဓေ ဘဝင် စုတိတို့သည် သသင်္ခါရိက ဖြစ်ကုန်၏–ဟု ဆိုလို၏) တဒါရမ္မဏဘူ၊ ရုံကိုလည်း။ ကုသလာကုသလာနိ ဝိယ၊ တို့ကိုကဲ့သို့။ အသင်္ခါရိကဘူ၊ ကမည်၏ဟူ၍ဎင်း။ သသင်္ခါရိကဘူ၊ ကမည်၏ဟူ၍ဎင်း။ ဒဋ္ဌဗ္ဗံ၊ ၏။ (အတီတာနန္တရ ကုသိုလ် အကုသိုလ်ဧကာ အသင်္ခါရိက ဖြစ်လျှင် တဒါရုံသည်လည်း အသင်္ခါရိက ဖြစ်၏၊ ဎင်းဧကာ သသင်္ခါရိကဖြစ်လျှင် တဒါရုံသည်လည်း သသင်္ခါရိကဖြစ်၏–ဟု ဆိုလို၏)

အဘိဓမ္မာဝတာရဋီကာသစ် ပဌမ ၂၆၂–၌လည်း ပဋိသန္ဓေ ဘဝင် စုတိတို့၏ အသင်္ခါရိက သသင်္ခါရိက ဖြစ်ပုံကို နည်းတူပင် ပြဆိုပြီးလျှင် တဒါရုံ၏ ဖြစ်ပုံကိုမူ ဤသို့ ပြဆိုထား၏။ ။ တဒါရမ္မဏဘူ ပဏီတာပဏီတဥတုဘောဇနာဒိပစ္စယ ဝသေန အနန္တရနိရုဒ္ဓကုသလာကုသလသဿဝသေန ဝါ အသင်္ခါရသသင်္ခါရန္တိ ဧဝံ ပစ္စယတော အသင်္ခါရိကာဒိဝိဓာနတမာဟ။ ။ တဒါရမ္မဏဘူ၊ ရုံသည်လည်း။ ပဏီတာပဏီတဥတုဘောဇနာဒိပစ္စယဝသေန ဝါ၊ မြတ်သော ဥတုဘောဇဉ် ယုတ်ညံ့သော ဥတုဘောဇဉ် အစရှိသော အထောက်အပံ့အကြောင်းတို့၏ အစွမ်းအားဖြင့်သော်ငင်း။ အနန္တရနိရုဒ္ဓကုသလာကုသလသ ဝသေန ဝါ၊ အခြားမဲ့၌ ချုပ်လေသော ကုသိုလ် အကုသိုလ်ဧကာ၏ အစွမ်းအားဖြင့်သော်ငင်း။ အသင်္ခါရသသင်္ခါရံ၊ ရသည်။ (ဟောတိ၊ ၏။) ဣတိ ဧဝံ၊ သို့။ ပစ္စယတော၊ အားဖြင့်။ အသင်္ခါရိကာဒိဝိဓာနတံ၊ အသင်္ခါရိကအဖြစ် စသည်ကို စီရင်ခြင်းရှိသည်၏ အဖြစ်ကို။ အာဟ၊ (ဒုတိယထေရ်က) ဆိုး၏။

ဤဋီကာသစ်အလိုအားဖြင့် ပဏီတဥတုဘောဇဉ်စသော ပစ္စယကြောင့်လည်း အသင်္ခါရိကတဒါရုံဖြစ်သည်၊ အခြားမဲ့၌ ချုပ်လေသော အသင်္ခါရိကကုသိုလ် အကုသိုလ်ဧကာဟူသော ပစ္စယကြောင့်လည်း အသင်္ခါရိကတဒါရုံဖြစ်သည်၊ အပ္ပဏီတဥတုဘောဇဉ်စသည်နှင့် သသင်္ခါရိကဧကာကြောင့် သသင်္ခါရိကတဒါရုံဖြစ်သည်ဟု မှတ်ရာ၏။

မှတ်ချက်

၁–ဤစကားဖြင့် အဘိညာဉ်၏ ဝိပါက်သည် အဘိညာဉ်နှင့် အာရုံကွဲသည်မဟုတ်သောဟူသော စောဒနာကို ဖြေရှင်း၏၊ အဘိညာဉ်မှာ ဝိပါက်ပင်မရှိသောကြောင့် ထိုသို့ စောဒနာရန် အခွင့်မရှိပါ–ဟု ဆိုလို၏။

မှတ်ချက်

၁–ရှေးဟောင်းသီမူ၌ ပရိတ္တာဒိအာရမ္မဏတံ–ဟုရှိ၏၊ ထိုပါဠိလည်းမကောင်း၊ ပရိတ္တာဒိအာရမ္မဏဠု တံ–ဟုရှိလျှင် သာ၍ကောင်း၏။ ပရိတ္တာဒိအာရမ္မဏံ၊ ကာမ အစရှိသောအာရုံရှိသည်–ဟု အနက်ပေး။

၂–အဘိညာစေတနာ၏ အကျိုးဝိပါက် မဖြစ်သင့်ပုံကို မူလဋီကာ ၂–၉၅–၌ ဤသို့ပြဆို၏။ ။ သာ ပန ဝိပါကံ ဥပ္ပါဒယန္တီ ရူပါဝစရမေဝ ဥပ္ပါဒေယျ။ နဟိ အညဘူမိကံ ကမ္မံ အညဘူမိကံ ဝိပါကံ ဥပ္ပါဒေတီတိ။ အတ္ထနာ သဒိသာရမ္မဏဠု တိဋ္ဌာနိကံ တံ ဥပ္ပါဒေယျ စိတ္တုပ္ပါဒကဏ္ဍေ ရူပါဝစရဝိပါကသ ကမ္မသဒိသာရမ္မဏသေဝ ဝုတ္တတ္တာ၊ နစ ရူပါဝစရဝိပါကော ပရိတ္တာဒိအာရမ္မဏော အတ္ထိ၊ အဘိညာစေတနာ စ ပရိတ္တာဒိအာရမ္မဏာဝဟောတိ၊ တသ္မာ ဝိပါကံ နဥပ္ပါဒေတီတိ ဝိညာယတိ ။ ။သာ ပန၊ ထိုအဘိညာစေတနာသည်ကား။ ဝိပါကံ၊ ကို။ ဥပ္ပါဒယန္တီ၊ ဖြစ်စေလတ်သော်။ ရူပါဝစရမေဝ၊ ရဝိပါက်ကို သာလျှင်။ ဥပ္ပါဒေယျ၊ ဖြစ်စေရာ၏။ ဟိ၊ အကြောင်းကား။ အညဘူမိကံ ကမ္မံ၊ သည်။ အညဘူမိကံ ဝိပါကံ၊ ကို။ နဥပ္ပါဒေတိ၊ မဖြစ်စေတတ်။ ဣတိ၊ ကြောင့်တည်း။ စ၊ သည်မျှသာမကသေး။ အတ္ထနာ၊ နှင့်။ သဒိသာရမ္မဏံ၊ တူသော အာရုံရှိသော။ တိဋ္ဌာနိကံ၊ (ပဋ္ဌိသန္ဓေ ဘဝင် စုတိဟူသော) သုံးဌာနရှိသော။ တံ၊ ထိုဝိပါက်ကို။ ဥပ္ပါဒေယျ၊ ၏။ (ကသ္မာ၊ ကား။) စိတ္တုပ္ပါဒကဏ္ဍေ၊ ၌။ ရူပါဝစရဝိပါကသ၊ ၏။ ကမ္မသဒိသာရမ္မဏသေဝ၊ ကံနှင့်တူသော အာရုံရှိသည်ကိုသာလျှင်။ ဝုတ္တတ္တာ၊ ကြောင့်တည်း။ စ၊ ဆက်။ ပရိတ္တာဒိအာရမ္မဏော၊ ကာမ စသည်အာရုံရှိသော။ ရူပါဝစရဝိပါကော၊ သည်။ နအတ္ထိ၊ မရှိ။ အဘိညာစေတနာ စ၊ သည်လည်း။ ပရိတ္တာဒိအာရမ္မဏာဝ၊ ရှိသည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ (သာ၊ သည်။) ဝိပါကံ၊ ကို။ နဥပ္ပါဒေတီတိ၊ မဖြစ်စေတတ်ဟူ၍။ ဝိညာယတိ၊ သိအပ်၏။ ။ ဆိုလိုသည်မှာ အဘိညာဉ်ကိစ္စ တပ်သော ပဉ္စမစျာန်သည် အကျိုးကို ဖြစ်စေလျှင် ရူပါဝစရပဉ္စမစျာန်ဝိပါက်ကိုသာလျှင် ဖြစ်စေရာ၏၊ ထို ဝိပါက်သည် ကုသိုလ်နှင့် အာရုံတူမြဲဖြစ်သောကြောင့်ရင်း, ကသိုဏ်းပညတ် စသော နဝတ္တဗ္ဗအာရုံကို အာရုံပြုသည်ဟု စိတ္တုပ္ပါဒကဏ္ဍ၌ ဟောထားသောကြောင့်ရင်း ကသိုဏ်းပညတ် စသော နဝတ္တဗ္ဗကမ္မနိမိတ်ကိုသာ အာရုံပြု၍ ဖြစ်သင့်၏၊ ကာမ မဟဂ္ဂုတ် လောကုတ္တရာတရားတို့ကို အာရုံပြု၍ မဖြစ်သင့်၊ အဘိညာဉ်သည်ကား ထိုကာမ စသည်တို့ကိုလည်း အာရုံပြု၍ ဖြစ်၏။ ဤသို့ အကြောင်းနှင့်အကျိုး အာရုံချင်း မတူကြသောကြောင့် မဖြစ်သင့်ဟု ဆိုလို၏။ ဤထက်အကျယ်ကို သိလိုလျှင် အဘိမ္မာဝတာရဋီကာသစ် ၃ နှာ ၉၀–၌ ကြည့်ပါ။

မှတ်ချက်

၁–အဌသာလိနီ ၃၃၂–၃–တို့၌ ပဓာနသာရပွဌာနကိုမြင်၍ ဤစိတ်ဖြင့် သောမနဿ ဖြစ်ခြင်းစသည်ကိုရင်း, ဈောတိပါလ လုလင်ဖြစ်စဉ်ကာလ စသည်၌ ပြုခဲ့ဘူးသောအကြောင်းကို ဆင်ခြင်၍ ဤစိတ်ဖြင့် ပြီးတော်မူသည်ကိုရင်း ပြဆိုထား၏၊ ထိုသို့ပြဆိုရာ၌ ဤစိတ်ဖြစ်ခြင်း၏ အကြောင်းအာရုံတို့သည် အပွဏီတ–အယုတ်အညံ့တို့မဟုတ်ကုန်၊ ထိုပြင် အရိုးစုပြိတ္တာကို မြင်၍ အရှင်မောဂ္ဂလ္လာန် ပြီးရာ၌လည်း မိမိ၏သမ္ပတ္တိကိုရင်း, ဗုဒ္ဓဘုဏ်တော်၏သမ္ပတ္တိကိုရင်း အောက်မေ့ ဆင်ခြင်၍ ပြီးတော်မူသည်ဟု သံ ၌ ၂–၁၉၉၊ ဝိ ၌ ၂–၉၆–တို့၌ ပြဆိုထား၏။ ထိုကြောင့် ဤ၌ အနုဌာရေသု–ဟူသော ပုဒ်၏အနက်ကို အနောဌာရိကေသု သုခုမေသု၊ မရန့်ရင်းကုန်–သိမ်မွေ့ကုန်သော–ဟူသော အနက်သာ သင့်သကဲ့သို့ ထင်၏။ ဆင်ခြင်ပါကုန်။

မှတ်ချက်

၁–ဤ၌ သိတံ ပါတ္တာကာသိ–ဟူသော ပါဠိတော်တို့နှင့်အညီ သိတ–ပြီးခြင်းကိုပင် ဟသိတ–ဆိုသည်ဟု ယူအပ်၏။ ထိုပြင် ဤ၌ ဧဝ–ဖြင့် ဤစိတ်သည် ပြီးရွှင်ခြင်းမှ တပါးသော ကိစ္စကို မဖြစ်စေတတ်–ဟု ပြ၏။

မှတ်ချက်

၁–မမ္မနန္တိ ခလိတဝစနံ၊ ယော ဧကမေဝ အက္ခရံ စတုပဉ္စက္ခတ္တုံ ဝဒတိ၊ တဿေတံ အဓိဝစနံ။ (သာရတ္ထဒီပနီ ဋီ ၃–၂ဖ၅) မမ္မနန္တိ၊ ကား။ ခလိတဝစနံ၊ ရွှတ်ချော်သောစကားရှိသောသူကို၊ ဝါ၊ စကားထစ်သောသူကို။ ယော၊ အကြင်သူသည်။ ဧကမေဝ အက္ခရံ၊ အက္ခရာတလုံးတည်းကိုပင်လျှင်။ စတုပဉ္စက္ခတ္တုံ၊ လေးငါးကြိမ်တိုင်တိုင်။ ဝဒတိ၊ ထပ်၍ ပြောဆို၏။ ဧတံ၊ ဤမမ္မန–ဟူသောအမည်သည်။ တဿ၊ ထိုစကားထစ်သောသူ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ။ ဤဋီကာအလိုအားဖြင့် မမ္မန–သဒ္ဒါ စကားထစ်သူဟောဖြစ်ကြောင်း ထင်ရှား၏။ မမ္မနတီတိ မမ္မနော။ မမ္မနတိ၊ အထပ်ထပ်ဖြစ်တတ်၏၊ ဝါ၊ စကား ထစ်လျက် ပြောတတ်၏။ ဣတိ၊ ကြောင့်။ မမ္မနော၊ မည်၏–ဟု ဝစနတ္ထ ကြံရာ၏။ မန အဘျာသေ–ဟူသော ဓာတ်နက်ကို မှီသည်။ ရုပ်ပြီးပုံကား–မနဓာတ်နောင် အပစ္စည်းတိ–ဝိဘတ်ဖြင့် မန် မန်–ဟု အဘ္ဘာသပြု, အဘ္ဘာသန္တကို (မ်)ပြု၍ မမ္မနတိ–ဟူ၍ရင်း ကိတ် အ–ပစ္စည်းဖြင့် မမ္မနော–ဟူ၍ရင်း ပြီးစေအပ်၏။

ဝိမတိဝိနောဒနီဋီ ၂–၁၂၈–၌ကား – မမ္မနန္တိ ဌာနကရဏဝိသုဒ္ဓိယာ အဘာဝေန အယုတ္တကွၚဝစနံ၊ ဝစနာနုကရဏေန ဟိ သော မမ္မနော ဝုတ္တော။ ယော စ ကရဏသမ္မန္နောပိ ဧကမေဝကွၚံ ဟိက္ကာရဗဟုလော ဝဒတိ၊ သောပိ ဣဒေဝ သင်္ဂယှတိ–ဟု ဖွင့်ပြထား၏။ ။ မမ္မနန္တိ၊ ကား။ ဌာနကရဏဝိသုဒ္ဓိယာ၊ ဌာန် ကရိုဏ်းတို့၏ သန့်ရှင်းခြင်း၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အယုတ္တကွၚဝစနံ၊ မသင့်လျော်သောအကွၚရာစကားရှိသောသူကို။ ဟိ၊ မှန်၏။ ဝစနာနုကရဏေန၊ စကားလုံးကို အထပ်ထပ်ပြုခြင်း ပြောဆိုခြင်းကြောင့်။ (သာရတ္ထဒီဋီအဆိုနှင့် ညီစေလိုသောကြောင့်ဝင်း အနုကရဏဝစနေန–ဟု မဆိုသောကြောင့်ဝင်း ဤသို့ အနက်ပြန်သည်) ဝါ၊ မန်မန်–ဟူသောစကားသံကို အတုပြုခြင်းကြောင့်။ (ဤအလိုအားဖြင့် မန်မန်ဣတိ အနုကရဏသဒ္ဒံ ဝဒတီတိ မမ္မနော–ဟု ဝစနတ္ထ ကြံ၍ စကားပြောသောအခါ မန်–မန်–ဟု ဝါး၍ပြောတတ်သောသူကို မမ္မန–ခေါ်သည်ဟု ယူသင့်၏) သော၊ ထိုသူကို။ မမ္မနော၊ မမ္မနဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ ယော စ၊ အကြင်သူသည်လည်း။ ကရဏသမ္မန္နောပိ၊ ကရိုဏ်းနှင့် ပြည့်စုံသော်လည်း။ ဧကမေဝ အကွၚံ၊ အကွၚရာတလုံးတည်းကိုပင်လျှင်။ ဟိက္ကာရဗဟုလော၊ ဟိတ် ဟိတ်–ဟု ပြုခြင်း မြည်စေခြင်းများသည်ဖြစ်၍။ ဝဒတိ၊ ပြောဆို၏။ သောပိ၊ ထိုသူကိုလည်း။ ဣဒေဝ၊ ဤ မမ္မနပုဂ္ဂိုလ်၌သာလျှင်။ သင်္ဂယှတိ၊ ရေတွက်သိမ်းယူအပ်၏။ ။ ဤဝိမတိအလိုအားဖြင့် စကားပြောသောအခါ မန် မန်–ဟု ဖြစ်စေ ဟင်း ဟင်း–ဟု ဖြစ်စေ ဟဲ ဟဲ–ဟု ဖြစ်စေ အသံပိုတွေပါမြည်လျက် ဝါး၍ပြောတတ်သော သူကိုလည်း မမ္မန–မမ်းစွဲသော သူဟု ယူသင့်သကဲ့သို့ ရှိ၏။

ဆာမိုနိယာ၏ သက္ကတ–အင်္ဂလိပ်အဘိဓာန်ကြီး၌ကား မမ္မနတွ–စကားပြောခြင်း၏ အင်္ဂါဌာန်ကရိုဏ်းချို့တဲ့ခြင်းဟု ထုတ်ပြထား၏၊ ထို မမ္မနတွ–ဟူသော သက္ကတပုဒ်သည် မမ္မနတ္ထဟူသော ပါဠိပုဒ်နှင့် မိတ္တူပင်ဖြစ်သည်။ ထိုအလိုအားဖြင့် မမ္မန–စကားအင်္ဂါ ဌာန်ကရိုဏ်းချို့တဲ့သောသူ–ဟု အဓိပ္ပါယတ္ထ ပြန်ရာ၏။ ၎င်းသည်ကား (၁) စကားမပီသောသူ၊ (၂) စကားထစ်သောသူ–ဟူသော ဤ ၂–ဦးလုံးနှင့် သက်ဆိုင်၏။ "မူဂေါတိ ယဿ ဝစီဘေဒေါ နပ္ပဝတ္တတိ။ ယဿာပိ ပဝတ္တတိ၊ သရဏဂမနံ ပန ပရိပုဏ္ဏံ ဘာသိတုံ နဿ သက္ကောတိ၊ တာဒိသံမမ္မနမ္ပိ ပဗ္ဗာဇေတုံ နဿ ဝဋ္ဋတိ"ဟူသော ဝိ ၌ ၃–၃၁၃–နှင့်လည်း လျော်ရာ၏။ ထိုကြောင့် မမ္မန–မမ်းစွဲသောသူ–ဟူသည်မှာ စကားထစ်သောသူ, စကားမပီသောသူ–ဟု မှတ်ယူသင့်၏။

မှတ်ချက်

၁–ဤဋီကာ ၃–နှာ ၁၀၇–၌၎င်း မူလဋီကာ ၁–၄၉–၌၎င်း ဗျာပါရာဒိဝိသေသ–အရာ၌ ဗျာပါရာဒိဝိကာရ–ဟု ရှိ၏။ ထိုပါဠိသာ ယုတ္တတရဖြစ်သည်။ ထိုကြောင့် ဗျာပါရာဒိဝိကာရပစ္စယန္တရသဟိတေ၊ (မျက်လွှာစသည်တို့၏ ကျခြင်း တက်ခြင်းစသော) ကြောင့်ကြ ဗျာပါရအစရှိသော ဖောက်ပြန်သော အမူအရာ၏ အကြောင်းထူးနှင့်တကွဖြစ်သော–ဟု အနက်ပေးရာ၏။

၂–သီမူနှင့်အညီပင်၊ မြန်မာမူ၌ရှိသော စက္ခုဿ ဝိသယေ–ကား မသင့်။ အကြောင်းမူကား ဗျာပါရာဒိဝိကာရ ပစ္စယန္တရသဟိတေ–ဟူသော ဝိသေသနပုဒ်သည် ဝိသယ၏ ဝိသေသန မဖြစ်ထိုက်၊ စက္ခုပသာဒ၏ မှီရာ သသမ္ဘာရစက္ခု၏ သာလျှင် ဝိသေသန ဖြစ်ထိုက်သောကြောင့်တည်း။ ဤပုဒ်၏ အဆုံးအဖြတ်ကို ဤနိဿယ တတိယတွဲ နှာ ၂၃၈–၌လည်း ပြဆိုခဲ့ပြီ။ ဝိကာရပ္ပတ္တိ၊ ဖောက်ပြန်သော အမူအရာ၏ ဖြစ်ခြင်းသည်။ ဝိသဒိသုပ္ပတ္တိ၊ ရှေးနှင့် မတူသော အမူအရာ၏ ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။ ၎င်းကိုပင် ဝိသယဿ–စသည်ဖြင့် ထပ်၍ဖွင့်ပြသည်။)

မှတ်ချက်

၁–လုံးဝပြတ်စဲခြင်း မဟုတ်သောကြောင့် ဝိစ္ဆိန္နမာနာ–ဟူ၍ ယတိပြတ်မဆိုပဲ ဝိစ္ဆိန္နမာနာ ဝိယ–ဟု ဝိယ–နှင့်တကွ ဆိုသည်ဟု ဆိုလို၏၊ ဝိသယဂ္ဂဟဏံ–ဟူသောပါဠိကား သင့်လျော်သော အနက်အဓိပ္ပါယ်ကို မရနိုင်သောကြောင့်ဝင်း, ဥပ္ပဇ္ဇနတော–ဟူသော ဟိတ်ပါဠိစပ်ရန် ပဓာနပုဒ် မရှိသောကြောင့်ဝင်း မသင့်။

မှတ်ချက်

၁–ဣဌာရုံဖြစ်လျှင် သောမနဿတဒါရုံ ၅–ခုဖြစ်၏၊ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာတဒါရုံ ၅–ခု ဖြစ်၏၊ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် သန္တီရဏတဒါရုံဖြစ်၏–ဟု သိစေသည်။

၂–ပုရိမကမ္မဇေဝနစိတ္တာဒီနဉ္စ–ပုဒ်မှ တစိတ်ကိုယူကာ ဝသေန–နှင့် စပ်၍ပြသည်၊ ၎င်းဖြင့် ပုဒ်တစိတ်ကိုထုတ်၍ သံဝဏ္ဏေတဗ္ဗ ပြသောအရာလည်းရှိသည်ကို သတိပြုအပ်၏။

၃–ပဋိသန္ဓေကိုပေးသော ကံကြောင့်ဖြစ်သော ပဋိသန္ဓေနှင့်တူသော တဒါရုံလည်းရှိ၏၊ အခြားကံကြောင့်ဖြစ်၍ ပဋိသန္ဓေနှင့်မတူသော တဒါရုံလည်းရှိ၏–ဟူသော အနက်ကို ပုရိမကမ္မဝသေန–ဖြင့် ပြသည်–ဟု ဆိုလို၏။

မှတ်ချက်

၁–နှာ ၈၇–၌ ထုတ်ပြခဲ့သော အဘိဓမ္မာဝတာရဋီကာ အလိုအားဖြင့် ပဏီတဥတုဘောဇဉ် စသည်ကိုလည်း ဤ၌ အာဒိ–ဖြင့် ယူသင့်သကဲ့သို့ ရှိ၏။

မှတ်ချက်

၂–အဘိဓမ္မာဝတာရဋီကာသစ် ဒု ၄၁–၌ မဏ္ဍိမဋ္ဌကထာယံ ပန သကိမ္ပိ တဒါရမ္မဏသ ပဝတ္တိ ဝုတ္တာ၊ ပရမတ္ထဝိနိစ္ဆ ယေပိ စ တမေဝ ဝါဒံ သမ္ပဋိစ္ဆိတွာ "သကိံ ဒွေ ဝါ တဒါလမ္ဗ"န္တိ ဝုတ္တံ၊ အဘိဓမ္မဋ္ဌကထာယံ ပန (အဘိ ၌ ၂–၁၄၅) "စိတ္တ ပဝတ္တိဂဏနာယံ သဗ္ဗဝါရေသု ဒွေ ဇဝ စိတ္တဝါရာနိ အာဂတာနီ"တိ ဝတ္တာ တံ နိ သမ္ပဋိစ္ဆိတံ–ဟု ဆိုအ၏။

မှတ်ချက်

၃–ပဋ္ဌိသန္ဓေစိတ်နှင့် ဝေဒနာ ဉာဏ် သခ်ါရ–အလုံးစုံတူသော တဒါရုံကို မူလဘဝင်ဟုခေါ်သည်၊ ဝေဒနာသာတူ၍ ဉာဏ် သခ်ါရမတူသော တဒါရုံကို အာဂန္တုကဘဝင်ဟု ခေါ်သည်၊ ဝေဒနာမတူသော တဒါရုံကို အာဂန္တုကဘဝင်, ပိဋ္ဌိဘဝင်ဟု အမည်နှစ်မျိုးဖြင့်ခေါ်သည်၊ ဤကား အဋ္ဌကထာ၌ ပြဆိုသောအမည်များ ဖြစ်သည်။ သဟေတုကံ ဘဝင်အဟေတုကသ ဘဝင်သ အနန္တရပစ္စယေန ပစ္စယော–စသော ပဋ္ဌာန်းတတိယ ၄၂–၄၃–၌ သဟိတ် အဟိတ် တဒါရုံဟူသမျှကို ဘဝင်ဟု ဟောအ၏။ ထိုကြောင့် မူလဘဝင်ဒိ–၌ အာဒိဖြင့် အာဂန္တုကဘဝင် ပိဋ္ဌိဘဝင်တို့ကို ယူရာ၏။ သီမူ၌ကား မူလဘဝင်သာမည သဗ္ဗာဝတော စ–ဟုရှိ၏၊ မူလဘဝင်ဟူသော တူသည်၏အဖြစ်၏ ရှိခြင်းကြောင့်ဝင်း–ဟု အနက်ပေး။ ဘဝင်သ အာရမ္မဏော ပဝတ္တနာရဟံ သမာနံ–ကို ထောက်လျှင် သင့်သကဲ့သို့ ရှိ၏၊ သို့သော် အာဂန္တုကဘဝင်–ပိဋ္ဌိဘဝင်ဟူသော တဒါရုံတို့ ကျန်နေ သောကြောင့် မပြည့်စုံပေ။ အထက်ပါအတိုင်းသာသင့်သည်။

မှတ်ချက်

၁–ကာမာဝစရံ–ပုဒ်ပြီးပုံကို ဤဋီကာ ဒု–အုပ်၊ နှာ ၁၁၅–၌ ပြခဲ့ပြီ။ သြဠမုခမိဝ မုခမသ္သာတိ သြဠမုခေါ–ဟု ဝစနတ္ထပြု၍ "ကုလားအုပ်၏ မျက်နှာနှင့်တူသော မျက်နှာရှိသောသူ"ဟု အနက်ပေး၊ ဤ၌ကား–ဒုတိယန္တပုဒ် ဟူ၍သော်ငင်း, နပုံလိင်ဟူ၍သော်ငင်း ယူရာ၏။

မှတ်ချက်

၁–တဒါရမ္မဏာဝသာနေ ဘဝင်မေဝ–ဟူသောစကားကို ဘဝ၏အဆုံးပါ ကိန်းသေယူခဲ့လျှင် တဒါရုံနောင် စုတိကျ၍ သေခြင်းမရှိဟူသော အပြစ်ရောက်သည်ဟု ဆိုလို၏။

မှတ်ချက်

၁–ကုသိုလ် ၄၊ အကုသိုလ် ၄၊ ကြိယာ ၅ ဟူသော ကာမာဝစရစိတ် ၁၃–ခုတို့သည် စိတ်ကို ရှေးအဖို့က ပြုပြင်ခြင်း, ဣဋ္ဌာရုံနှင့်, အာဒိအရ ဥတုဘောဇဉ် ပုဂ္ဂိုလ်ဌာနစသည်တို့၏အစွမ်းဖြင့် သောမနဿနှင့် တကွဖြစ်ကုန်၏။ ရူပါဝစရစိတ် တို့သည် ပရိကံဟူသော အဘိသခ်ါရ၏အစွမ်းဖြင့် သောမနဿသဟဂုတ်ဖြစ်ကုန်၏။ လောကုတ္တရာစိတ်တို့သည် ပါဒကစျာန် ၏အစွမ်းဖြင့် သောမနဿသဟဂုတ် ဖြစ်ကုန်၏–ဟု ဆိုလို၏။ ထိုကြောင့် ယထာရဟံ–ဟူ၍လည်း ဆိုထားပေသည်။

မှတ်ချက်

၁–အကုသလဝိပါက်ပဋ္ဌိသန္ဓေ စသည်သည် ကိုယ်ဆင်းရဲ၏ ဥပနိဿယဖြစ်သောကြောင့် သောမနဿသဟဂုတ် မဖြစ်သင့်၊ ဝိပါက်သည် သောမနဿသဟဂုတ်နှင့်ဥပေက္ခာသဟဂုတ်သာ ရှိသောကြောင့် သောမနဿသဟဂုတ်မဖြစ်သင့်လျှင် ဥပေက္ခာသဟဂုတ်ဖြစ်သည် ဟူသောအနက်သည် ပြီး၏၊ ထိုကြောင့် တဒုပနိဿယဘူတံ–ဟူသော ဤ ဝိသေသနဟိတ်ပုဒ်ကို ဆိုပေသည်။

မှတ်ချက်

၂–ဤပုဒ် သင့်အံ့မထင်၊ သုခဒုက္ခဘာဝေါ–သုခ၏အဖြစ် ဒုက္ခ၏အဖြစ်သည်–ဟူ၍သာ သင့်အံ့ထင်ပေသည်။ ဆိုလိုသည်မှာ ကျွဋ္ဌာရုံ၌ဖြစ်သော ကုသလဝိပါက်ဝေဒနာသည် သုခ–ချမ်းသာသဘောရှိသည်သာ ဖြစ်သင့်၏၊ အနိဋ္ဌာရုံ၌ဖြစ်သော အကုသလဝိပါက်ဝေဒနာသည် ဒုက္ခ–ဆင်းရဲသဘောရှိသည်သာဖြစ်သင့်၏–ဟု ဆိုလိုသည် ဖြစ်ရာ၏။

မှတ်ချက်

၃–ဥပေက္ခာပင် ဖြစ်ငြားသော်လည်း ၎င်းကို အမြတ် အယုတ် အလတ်အားဖြင့် ခွဲခြားခဲ့လျှင်–ဟု ဆိုလိုသည် ဖြစ်ရာ၏။ ဤ၌လည်း ကျွဋ္ဌဘာဝေါ အနိဋ္ဌဘာဝေါ–ဟူသော နှစ်ပုဒ်တို့နှင့် စပ်၍ယူရမည်ဖြစ်သောကြောင့် မဏ္ဍတ္တ–ပိုဟန်ရှိ၏၊ သုခဒုက္ခဘာဝေ–ဟု ဤမျှသာရှိသင့်၏၊ ထိုသို့ရှိမှ ရှေး၌ ပြင်ခဲ့သော သုခဒုက္ခဘာဝေါ–နှင့် ထပ်တူကျ၍ အနက်အဓိပ္ပါယ် အသွားဖြောင့်မည်။ ဤအရာ၌ အကုသလဝိပါက်ဥပေက္ခာကို ဒုက္ခ၌ သွင်း၍ယူသင့်ကြောင်းမှာ ဤဋီကာ ၂–၁၂၇–၌ ဥပေက္ခာဟီနာတိ–စသော အဖွင့်ဖြင့် သိအပ်၏။ ထိုပြင် မူလဋီကာ ၂–၁၂၁–ဤဋီကာ ၂–၃၂၆–တို့၌ ဥပေက္ခာ ပန အကုသလဝိပါကဘူတာ အနိဋ္ဌတ္တာ ဒုက္ခေ အဝရောဓေတဗ္ဗာ၊ ကျွတရာ ကျွဋ္ဌတ္တာ သုခေ–ဟူသောစကားဖြင့်လည်း သိအပ်ပေ၏။

မှတ်ချက်

၁–အကုသိုလ်ဥပေက္ခာပင် ဖြစ်သော်လည်း အကုသိုလ်သောမနဿ ဒေါမနဿတို့ထက် ငြိမ်သက်သည်ကိုယူလျှင်မူ အလုံးစုံသော ဥပေက္ခာ၏အစွမ်းအားဖြင့်လည်း သန္တာဘာဝပစ္စုပဋ္ဌာန်သင့်ရာသေး၏။

မှတ်ချက်

၁–ထိုသို့သောကာလ၌ ဖြစ်ပုံထင်ရှားသည်ကို ဆိုလို၏၊ ထိုသို့သောကာလ၌သာဖြစ်သည်ဟူ၍ကား မယူအပ်။

မှတ်ချက်

၁–ရှေးသညာလည်း တဖန်မှတ်မိရန် အကြောင်းနိမိတ်ကို ပြုသည်၊ နောက်သညာလည်း တဖန်မှတ်မိရန် အကြောင်းနိမိတ်ကိုပြုသည်၊ သညာဟူသမျှသည် တဖန်မှတ်မိရန်အကြောင်းကို ပြုသည်ချည်းပင်ဟု ညီတူညီမျှ မှတ်ယူရမည်ဟု ဆိုလို၏။

မှတ်ချက်

၂–ဤစကားဖြင့် အဌသာလိနီ ၁၅၄–၌ အစိရဌာနပစ္စုပဋ္ဌာနာ ဝါ–ဟု ဆိုသည်ကိုမှီ၍ ဖြစ်ခွင့်ရှိသော ယုံမှားကို ဖြေရှင်း၏။

မှတ်ချက်

၁–ဋီကာပါဌ်တွင် အောက်ခြေ၌ပြထားသော ပဋိဟည် ဝါတိအာဒိနာ–ဟူသောပါဌ်သာလျှင် ယုတ္တတရဖြစ်ပေသည်၊ ၎င်းသည်သာလျှင် ဓမ္မသင်္ဂဏီပါဠိ ၁ဖ၃–၌ ထင်ရှားရှိပေသည်၊ ဖုသိတံ–ဟူသောပါဌ်ကား မရှိပေ။

မှတ်ချက်

၂–လက်နှစ်ဖက်တို့၏ အလွန်နီးကပ်စွာဖြစ်သော ရုပ်အထူးများ ဖြစ်ကြသကဲ့သို့ပင်–ဟုဆိုလို၏။

မှတ်ချက်

၁–ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခမဒ္ဒက္ခိ သလ္လတော။ အဒုက္ခမသုခံ သန္တံ၊ အဒ္ဒက္ခိ နံ အနိစ္စတော–ဟူသော (သံ ၂–၄၀၉) ဒေသနာနှင့်အညီ အာဒိ–ဖြင့် အနိစ္စကို ယူအပ်၏။

မှတ်ချက်

၁–ဤအရာတွင် အဘိဓမ္မာဝတာရဋီကာသစ် ၁–၂၉၉–၌ အသံဝေဂပုဗ္ဗိကာယ ပန–ဟု ပါ၌ရှိ၏၊ ထိုပါ၌ ယုတ္တတရ ဖြစ်သကဲ့သို့ရှိ၏၊ အကြောင်းမူကား သံဝေဂရှေ့သွားရှိသော ကုသိုလ်၌ ဝီရိယသည် သံဝေဂပဒဋ္ဌာန်ရှိ၏၊ သံဝေဂရှေ့သွား မရှိသောကုသိုလ်၌ ဝီရိယသည်ကား ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာန်ရှိ၏–ဟု ခွဲ၍ယူသင့်သောကြောင့်ပေတည်း။ သို့သော် ဤဋီကာ၌ကား သံဝေဂပဒဋ္ဌာနန္တိ–ဟု သံဝဏ္ဏေတဗ္ဗ ထုတ်၍ ဖွင့်ပြချက်ဖြစ်သောကြောင့် ထိုပါ၌မျိုးဖြစ်ရန်လည်း ခဲယဉ်း၏။ သံဝေဂပဒဋ္ဌာနန္တိ အဋ္ဌသံဝေဂပုဗ္ဗိကာယ ကုသလကိရိယာယ သံဝေဂပဒဋ္ဌာနံ၊ သံဝေဂေါတိ စေတ္ထ သံဝေဂမယံ ဉာဏံ။ အသံဝေဂပုဗ္ဗိကာယ ပန ကုသလကိရိယာယ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ–ဟူသော မူရင်းပါ၌မှ သံဝဏ္ဏနာပါ၌အချို့ ကျကျန်နေသည်သော်လည်း ဖြစ်ရာ၏၊ ယခုရှိရင်းပါ၌၌ကား သင့်သောအနက်ကိုမရနိုင်။ သံဝေဂဝတ္ထုရှစ်ပါးတို့ကို ဝိသုဒ္ဓိမဂ် ပဌမ ၁၃၁–၌လည်း တွေ့နိုင်၏။

မှတ်ချက်

၁–ဤဝေါဟာရော ဟောတိ–အရာတွင် အဘိဓမ္မာဝတာရဋီကာသစ် ၄–၂၉၈–၌ ဝေါဟရီ–ယတိ–ဟု ရှိ၏၊ ထိုအလိုအားဖြင့် "ပုဂ္ဂလော၊ ကို။ သဒ္ဒဟတီတိ၊ ယုံကြည်သည်ဟူ၍။ ဝါဟရီယတိ၊ ခေါ်ဝေါ်အပ်၏။"ဟု အနက်ပေး၊ သာ၍ ချောမောပေ၏။

မှတ်ချက်

၁–ကလုသသ ဘာဝေါ ကာလုသိယံ၊ နကာလုသိယံ အကာလုသိယံ–ဟူသော ဝစနတ္ထအစစ်ကို သိစေရန် အကလုသဘာဝေါ အကာလုသိယံ–ဟု ပြခဲ့သည်ဖြစ်ရာ၏။ ယခုရှိရင်းပါ၌အတိုင်း အကာလုသမှ အကာလုသိယံ–ဟု ရုပ်ပြီးရန် အကြောင်းကား မထင်ပေ။

မှတ်ချက်

၁–အဟိတ်စိတ်တို့၏ အဗျာကတအဖြစ်, မောဟမူစိတ်၌ မောဟ၏ အကုသိုလ်အဖြစ်ဟူသော ဤနှစ်မျိုးလုံးပင် ဟိတ်နှင့်ကင်း၍ ပြီးစီးသည်သာ ဟုဆိုလို၏။

မှတ်ချက်

၁–သီမူ၌ကား ဝိသဒိသန္တိ ဝိထိဇဝနံ။ မနံ ကရောတီတိ–ဤသို့စသည်ဖြင့် ပါ၌ရှိ၏၊ ထိုအလိုအားဖြင့် ဝိသဒိသန္တိ၊ ကား။ ဝီထိဇဝနံ၊ ဝီထိစိတ်ဇောစိတ်ကို။ မနံ ကရောတီတိ၊ တိ–ဟူသော ဝစနတ္ထဖြင့်။ မနသိကာရသာမညေန၊ ဖြင့်။ ဝီထိဇဝနပဋိပါဒကေ၊ တို့ကို။ ဒဿေတိ၊ ၏–ဟု အနက်ပေးရာ၏၊ ၎င်းသည် အဋ္ဌသာလိနီနှင့် အဘိဓမ္မာဝတာရတို့၌ ရှိသော ဝိသဒိသံ မနံ–ဟူသော ပါ၌နှင့်ညီ၍ သင့်သကဲ့သို့ရှိပေ၏။

မှတ်ချက်

၁–ဤအရာ၌ အဘိဓမ္မာဝတာရဋီကာသစ် ပ–၃၀၈–၌ ယဒိ ဇဝံ ကထံ သဟဇာတာဓိပတိနံ အဓိပတိဘာဝေါတိ? နာယံ ဒေါသော။ တမ္မိ တဿာ ကိစ္စမေဝ၊ ယံ သဟဇာတမ္မာနံ အဓိပတိဘာဝေ ပဝတ္တာပနံ–စသည်ဖြင့်ရှိ၏၊ ထိုပါ၌ကို ထောက်၍ ဤ၌လည်း "ယဒိဇဝံ သဟဇာတာဓိပတိနော အဓိပတိဘာဝေါ ကထန္တိ? တမ္မိ တဿာ ကိစ္စမေဝ၊ ယံသဟဇာတမ္မာနံ အဓိပတိဘာဝေ တဿာပိ တထာ ပဝတ္တာပနန္တိ နာယံ ဒေါသော"ဟုရှိလျှင် သာ၍ကောင်း၏၊ ထိုသို့ရှိလျှင် သဟဇာတမ္မာနံ၊ တို့၏။ အဓိပတိဘာဝေ၊ ၌။ တဿာပိ၊ ထိုအဓိပတိတရားကိုလည်း။ တထာ၊ ထိုအဓိပတိအခြင်းအရာအားဖြင့်။ ယံ ပဝတ္တာပနံ၊ အကြင်ဖြစ်စေခြင်းသည်။ အတ္ထိ၊ ၏။ တမ္မိ၊ သည်လည်း။ တဿာ၊ ၏။ ကိစ္စမေဝ၊ တည်း–စသည်ဖြင့် အနက်ပေး။

မှတ်ချက်

၁–ဟိရိသြတ္တပ္ပတို့အရာ၌လည်း အကရဏရသ, သင်္ကေတစနပစ္စုပဋ္ဌာန်တို့ကို ဆိုခဲ့သောကြောင့် ဤ၌ သင်္ကေတစနရသနှင့် အကိရိယပစ္စုပဋ္ဌာန်တို့သည် ၎င်းတို့နှင့် အဘယ်သို့ထူးပါသနည်း?ဟု မေးဖွယ်ရှိသောကြောင့် ဝိရတိနဋ္ဌ–စသည်ကို မိန့်ဆိုသည်။

မှတ်ချက်

၂–သီမူနှင့်အညီပင်၊ ၎င်းဖြင့် အကိရိယပစ္စုပဋ္ဌာန်ကို ပြသည်။ အကိရိယာနဋ္ဌ–ကား မကောင်း။

မှတ်ချက်

၁–အယောနိသောမနသိကာရကြောင့်ပြီးမည့် အကျိုးကိုပင် အာဓာရပြု၍ ဆိုထားသည်ဟု ဆိုလို၏။ ထိုကြောင့် အဂူပသမေ၊ မဇ္ဈိမ်သက်ရန်အလို့ငှါ–ဟူ၍လည်း အနက်ပြန်သင့်၏။

မှတ်ချက်

၁–ဤ၌ ပြဆိုချက်ကို ပဋ္ဌာန်းပါဠိ တတိယ–နှာ ၂၀၉–၌ ရှိသော ပါဠိရင်းနှင့် တိုက်ဆိုင်၍ ကြည့်မှ ရှင်းလင်းစွာ သိနိုင်မည်။

မှတ်ချက်

၁–ကေတုကာမံ၊ တဒေဝ ကေတုကမ္မံ–ဟုဆိုလိုလျက် အကျဉ်းနည်းအားဖြင့် ကေတုကမ္မံ–ဟု တခါတည်း နိပ္ပန္နချသည်။

မှတ်ချက်

၂–မူလဋ္ဌ ၁–၁၂၁၊ အနုဋ္ဌ ၁–၁၂၈–တို့၌ကား ဝိသပ္ပနအနိဋ္ဌရူပသမုဋ္ဌာနဝသေန–ဟု ရှိ၏၊ အနက်ကား အတူတူပင် ဖြစ်ရာ၏။

မှတ်ချက်

၃–အတ္တနော ပဝတ္တိအာကာရဝသေန, အနိဋ္ဌရူပသမုဋ္ဌာပနဝသေန ဝါ ဝိရူပံ သပ္ပနံဝိသပ္ပနံ၊ အနိဋ္ဌရူပသမုဋ္ဌာပနဝသေနေဝ ဝါ ဝိသပ္ပနံ သရီရကမ္မနံ၊ တံ ရသော ကိစ္စံ, သမ္ဘတ္တိ ဝါ အဿာတိ ဝိသပ္ပနရသော။ အဘိဓမ္မာဝတာရဋီကာ ပ–၃၂၃။

မှတ်ချက်

၁–ဤစကားရပ်ဖြင့် ဒုဿနပစ္စုပဋ္ဌာနော–ဟူသောပုဒ်မှ ဒုဿန–ပုဒ်၏ အနက်ကို "အတ္တနော စ ပရဿ စ"ဟု ကံထည့်၍ ဖွင့်ပြသည်၊ ဒုဿန–ဟူသည်မှာ မိမိ၏၎င်း သူတပါး၏၎င်း အကျိုးစီးပွါးကို ဖျက်ဆီးခြင်းပင်–ဟု ဆိုလို၏၊ ထိုကြောင့် "ဒုဿနပစ္စုပဋ္ဌာနော၊ မိမိအကျိုး သူတပါး၏အကျိုးကို ဖျက်ဆီးသောအားဖြင့် ဥဏ္ဏအား ရှေးရှုထင်တတ်၏"ဟု အနက်ပြန်သင့်၏၊ မှန်ပေ၏၊ အဘိဓမ္မာဝတာရဋီကာသစ် ပဌမ ၃၂၃–၌ "ဒုဿနပစ္စုပဋ္ဌာနောတိ အတ္တနော, ပရဿ စ ဒူသနာကာရေန ပစ္စုပဋ္ဌာနော။ သော ဟိ ယဿ သန္တာနေဥပ္ပန္နော၊ တံ ဧကန္တေန အန္တမသော ဝိရူပဘာဝါပါဒနေနပိ ဒူသေတိ၊ ပရံ ပန ဒူသေတု ဝါမာ ဝါဟတ္ထေန ဂဟိတအသုစိ ဝိယ"ဟု ပြဆိုထား၏၊ ထိုကြောင့် ပရဿ စ–၏နောက်၌ ပုဒ်မ, ရှိစေရမည်။

မှတ်ချက်

၂–ဆိုလိုသည်မှာ ဒေါသသည် ဖြစ်ဆဲ၌လည်း မကောင်းသောကြောင့် အလိုမရှိအပ်၊ ဒေါသ၏အကျိုးပြီးသော အခါ၌လည်း မကောင်းကျိုးကို ခံစားရသောကြောင့် အလိုမရှိအပ်၊ ထိုကြောင့် အဆိပ်ခပ်ထားသော ကျင်ငယ်ပုပ်ရေနှင့်တူသည်–ဟု ဆိုလို၏၊ ဤအရာတွင် မူလဋီကာ ၁–၁၂၁–နှင့် အဘိမ္မာဝတာရဋီကာ ပဌမ ၃၂၃–တို့၌လည်း သီသျာမူကွဲနှင့်အညီ နည်းတူပင် ပါ၌ရှိ၏၊ မြန်မာမူ ဋီကာ၌ကား ဥပယောဂ–အရာတွင် ဥပဘောဂ–ဟု ရှိ၏၊ ဥပမာနဖြစ်သော ပူတိမုတ္တာ–ကို ငဲ့၍ ပြင်မှားချက်မျှသာ ဖြစ်ရာ၏၊ ဥပယောဂဖလကာလေသု အနိဋ္ဌတ္တာ–ဟူသော ဟိတ်ပါ၌သည် ဥပမေယျဒေါသနှင့်သာ တိုက်ရိုက်သက်ဆိုင်သောကြောင့် အထက်ပါအတိုင်းသာ သင့်သည်။

မှတ်ချက်

၃–ဣဿာယနာ–ပုဒ်၌ အာယ–ဟူသော ဓာတုနိဒ္ဒိဋ္ဌပစ္စည်းကို ကရဏတ္ထ ပြုခြင်းအနက်–ဟုယူ၍ ဣဿာကရဏံ–ဟု ဖွင့်ပြသည်၊ သို့သော် မြန်မာဝေါဟာရ၌ ထိုကရဏအနက်ကို ထည့်၍ ပြန်ခြင်းဖြင့် အကျိုးမများသောကြောင့် ငြူစူခြင်း–ဟု ဤမျှသာပြန်သည်။

မှတ်ချက်

၁–ဤခွဲခြားပုံသည် နက်နဲ၏၊ ဝိစိကိစ္ဆာ–က ဘုရားစသော အာရုံတခုတည်း၌သာလျှင် ဟုတ်မဟုတ်စသည် အခြင်းအရာအားဖြင့် လှုပ်ရှားသည်၊ ဥဒ္ဓစ္စ–က မည်သည့်အာရုံ၌မျှ ကောင်းစွာမတည်ပဲ ထိုထိုအာရုံများစွာ၌ ပျံ့လွင့်လျက် လှုပ်ရှားသည်ဟုဆိုမှ နားလည်လွယ်မည်၊ ဆင်ခြင်ရန်။

မှတ်ချက်

၁–နိယမနတ္ထန္တိ နိဝတ္တနတ္ထံ။ အနုဋီကာ။ ။ နိယမနတ္ထန္တိ နိဝါရဏတ္ထံ။ မဓုဋီကာ။

မှတ်ချက်

၂–ဤကား ပါ၌ရှိရင်းအတိုင်း ပြန်အပ်သောအနက်ဖြစ်သည်။ ဤပါ၌တွင် ယံ–သဒ္ဒံ–ပုဒ်၏နောက်၌ ဧကံ ပဒံ–ဟူသော ဤ ၂–ပုဒ်ပိုနေသည်။ ပိုနေသော ဤပါ၌အရဆိုလျှင် ယံ–က တပုဒ် ကိဉ္စိ–က တပုဒ်–ဤ ၂–ပုဒ်ကိုပင် ပဒဒွယေန–အရ ပုဒ် ၂–ခုအပေါင်းဟုဆိုရာရောက်၏။ သို့သော် ထိုအနက်သည် ယံကိဉ္စိတိ အနဝသေသပရိယာဒါနံ။ ရူပန္တိ အတိပ္ပသင်္ဂ နိယမနံ–ဟူသော ဝိသုဒ္ဓိမဂ်ရှေ့စကားနှင့်ငင်း ရူပဿ အနဝသေသပရိဂ္ဂဟော–ဟူသော ပြဆိုအပ်ဆဲစကားနှင့်ငင်းမလျော်။ ထို့ပြင် အနိယမေကတ္ထဒီပနတော–ဟူသောဟိတ်ပါ၌မှာလည်း စပ်ရန် ဟိတ်ဖိုလ်ပုဒ်မရှိသောကြောင့် ထိုပုဒ်လည်း နေရာရှေ့ နေဟန်ရှိ၏။ ဤအရာ၌ သင့်လျော်သောအဖွင့်မှာ "ယံကိဉ္စိတိ သနိပါတံ ယံ သဒ္ဒံ,ကိံ–သဒ္ဒဿ အနိယမေကတ္ထဒီပနဝသေန 'ဧကံ ပဒ'န္တိ ဂဟေတွာ ပဒဒွယေနပိတိ ဝုတ္တံ။"ဟူသော မူလဋီကာ ဒု–နှာ ၄–ပါ၌ပင်ဖြစ်သည်။ ထိုမူလဋီကာပါ၌နှင့်အညီ ဤဋီကာ၌လည်း "ယံကိဉ္စိတိ စ ယံ–သဒ္ဒံ, သနိပါတံ ကိံ–သဒ္ဒဿ အနိယမေကတ္ထဒီပနတော 'ဧကံ ပဒ'န္တိ ဂဟေတွာ ပဒဒွယေနာပိတိ ဝုတ္တ။"ဟု မူလရင်းပါ၌မှန်ဖြစ်ရာ၏။ ထိုသို့ပါ၌ရှိလျှင်–စ၊ ဆက်။ ယံကိဉ္စိတိ၊ ၌။ ယံ–သဒ္ဒံ စ၊ ကိုငင်း။ သနိပါတံ၊ သော။ ကိံ–သဒ္ဒဿ၊ ကိုငင်း။ အနိယမေကတ္ထဒီပနတော၊ ကြောင့်။ ဧကံ ပဒန္တိ၊ ဟူ၍။ ဂဟေတွာ၊ ၍။ ပဒဒွယေနာပိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဟု အနက်ပေးရာ၏။ သို့မှ အဋ္ဌကထာနှင့်ငင်း မူလဋီကာနှင့်ငင်း ညီညွတ်၍ အသင့်ယုတ္တိလည်း ရှိပေမည်။ ဤအရာ၌ ပဒဒွယ–ဟူသည်မှာ ယံ ကိဉ္စိ–နှင့် ရူပံ–ပင် ဖြစ်သည်။ သတိပြုပါကုန်။

မှတ်ချက်

၁–ပဋ္ဌဒ္ဓါရာဝဇ္ဇနမ္ပ တဒါရုံတိုင်အောင်, ဇောတိုင်အောင်, ဝုဋ္ဌောတိုင်အောင်သော စိတ်အစဉ်သည် ပဋ္ဌဒ္ဓါရဝီထိမည်၏၊ ၎င်းကို ဧကဝီထိဟု ဆိုသည်။ မနောဒ္ဓါရာဝဇ္ဇနမ္ပ တဒါရုံတိုင်အောင်, ဇောအဆုံးတိုင်အောင်ဝီထိကို ဧကဇဝန–ဟု ဆိုသည်။ ထိုဝီထိဇောတို့၏အတွင်း၌ဖြစ်သော စိတ္တရှေ့ပါကို ပစ္စုပ္ပန်ဟု ဆိုလို၏၊ ထိုသို့ယူလျှင် ထိုဝီထိဇောတို့ကြောင့်ဖြစ်သော ရုပ်သည် ထိုအခိုက်အတွင်း၌ ချုပ်မည်လည်း မဟုတ်သေးသောကြောင့် ခဏပစ္စုပ္ပန်နှင့် ထပ်တူကဲ့သို့ ဖြစ်နေ၏၊ ထိုကြောင့် အခြားဝီထိဇော မဖြစ်မီအတွင်း ပစ္စုပ္ပန်ဟု ယူလျှင် သင့်သကဲ့သို့ရှိ၏။

မှတ်ချက်

၂–ကမ္မာဒိ–ကံ အစရှိသော–ဟူရာ၌ အစရှိသည်ဖြင့် ပကတူပနိဿယပစ္စည်းနှင့် ရုပ်ကို ဖြစ်စေတတ်သော အာဟာရ ဥတု စိတ်တို့ကို ယူအပ်၏၊ အနန္တရာဒိ–၌ အာဒိ–ဖြင့် သမနန္တရ အနန္တရူပနိဿယ စသော ဧနကသတ္တိရှိသောပစ္စည်းတို့ကို ယူအပ်၏၊ စိတ္တုပ္ပါဒ်အား ကမ္မာဒိအနန္တရာဒိပစ္စည်းဖြင့် ကျေးဇူးပြုလျက် ဖြစ်စေတတ်၏၊ ရုပ်ကလာပ်အား ကမ္မာဒိဖြင့်သာ ကျေးဇူးပြုလျက် ဖြစ်စေတတ်၏။ ထိုပြင် စိတ္တုပ္ပါဒ်အား ပုရေဇာတသတ္တိဖြင့် ထောက်ပံ့၏၊ ရုပ်ကလာပ်အား ပစ္ဆာဇာတဖြင့် ထောက်ပံ့၏၊ သဟဇာတဖြင့်မူကား စိတ္တုပ္ပါဒ်နှင့် ရုပ်ကလာပ် ၂–ပါးလုံးသာ ထောက်ပံ့၏။ ဤကို ရည်၍ ယထာသမ္ဘဝံ ယောဇေတဗ္ဗံ–ဟု မိန့်ဆိုသည်။ အနုဋီကာ ၂–၁၂–၌ ကြည့်ပါ။

မှတ်ချက်

၁–ဤ တံ တံ သမယံ–ဟူသော ပါဠိကို ဝါကျ ဟု ယူ၍ "ပဝတ္တမာနံ၊ ဖြစ်သောရုပ်သည်။ တံ တံ သမယံ၊ ထိုထို မုဟုတ် စသော အခါသမယ၌၊ ဝါ၊ အခါသမယပတ်လုံး။ ပစ္စုပ္ပန္နံ၊ မည်၏"ဟု ဤသို့ အာဓာရအနက်, အစ္စန္တသံယောဂ အနက် ပြန်လျှင်လည်း သင့်ရာ၏။

မှတ်ချက်

၁–ဤအဖွင့်ကို ထောက်သဖြင့်လည်း ရှေးဦးပြုခဲ့သော ဝိတ္ထာရကထာမုခကား အဘိဓမ္မာဘာဇနီနည်း၊ ထိုမှနောက်၌ ဆက်၍ပြုဆိုသော ယခုနည်းကား သုတ္တန်နည်းဟု သိအပ်၏။

မှတ်ချက်

၂–ဋီကာဆရာ ကြည့်ရှုသော ဝိသုဒ္ဓိမဂ်၌ ဒုဝိဓော–ပုဒ် မရှိသောကြောင့် ဝေဒိတဗ္ဗောဟူသော ပါဌသေသနှင့်စပ်ရန် ဖြည့်စွက်၍ပြသည် ဖြစ်ရာ၏။

မှတ်ချက်

၁–ဝေဒနာ၏အစိတ်အပိုင်းတို့ကို ဤ၌ ယူအပ်သည်ရှိသော် ခဏဖြင့် ပိုင်းခြားအပ်သည်တို့ကိုသာလျှင် ယူသင့်၏၊ သန္တတိဖြင့် ပိုင်းခြားအပ်သည်တို့ကိုကား မယူသင့်သည် မဟုတ်လော?ဟု စောဒနာဖွယ်ရှိသောကြောင့် ဧကသန္တတိ ယံ ပန–စသည်ကို မိန့်သည်။

မှတ်ချက်

၁–ဗျာပဏ္ဏ–အဆုံးအဖြတ်ကို ဤဋီကာ နိဿယ ဒုတိယတွဲ နှာ ၃၂၉–၌ ကြည့်ပါ။

မှတ်ချက်

၁–ဤ၌ ပြန်အပ်သောအနက်များသည် ရှေ့စကားရပ်နှင့် ချင့်ချိန်၍ ပါဌ်ရှိရင်းအတိုင်းသင့်လျော်အောင် ပြန်ဆိုချက်မျှ သာဖြစ်သည်။ ဤထက်ကောင်းသော အနက်ကိုလည်း ကြံသင့်သေး၏။ ကမ္မဝေဂကို့ဘာ ဟိ–အစရှိသော ပါဌ်သည် မူလဋီကာမှ ယူခဲ့သော ပါဌ်ဖြစ်သည်၊ ထိုမူလဋီကာ၌ကား ပါဌိအဋ္ဌကထာတို့နှင့် ကပ်၍ ပြဆိုထားခြင်းဖြစ်ပေသည်။ ထိုပြဆိုပုံကို အလွယ်တကူ နှိုင်းယှဉ်ကြည့်နိုင်ရန် လိုရင်းပါဌိအဋ္ဌကထာတို့နှင့်တကွ ထုတ်ပြဦးအံ့။ (က) အကုသလာ ဝေဒနာ သြဠာရိကာ၊ ကုသလာဗျာကတာ ဝေဒနာ သုခုမာ။ (ခ) ကုသလာကုသလာ ဝေဒနာ သြဠာရိကာ၊ အဗျာကတာ ဝေဒနာ သုခုမာ။ (ဝိဘင်ပါဌိ ၄) ၎င်းပါဌ်ကို အဘိ ၌ ၂–၁၃–၌ ဤသို့ ဖွင့်ပြ၏။ (က) အကုသလာ တာဝသဒရထဌေန ဒုက္ခဝိပါက ဌေန စ သြဠာရိကာ၊ ကုသလာ နိဒ္ဒရထဌေန သုခဝိပါကဌေန စ သုခုမာ၊ အဗျာကတာ နိရုဿာဟဌေန အဝိပါကဌေန စ သုခုမာ။ (ခ) ကုသလာကုသလာသဉ္ဇဿာဟဌေန သဝိပါကဌေန စ သြဠာရိကာ၊ အဗျာကတာ ဝုတ္တနယေနေဝ သုခုမာ။ ဤအဋ္ဌကထာ၌ ဆိုလိုသည်မှာ (က) အပိုဒ်၌ အကုသိုလ်ဝေဒနာ သြဠာရိကဟူသည်မှာ သဒရထသဘော, ဒုက္ခဝိပါက သဘောကြောင့် ကုသိုလ်အဗျာကတတို့ထက် သြဠာရိကဖြစ်သည်။ ကုသိုလ်အဗျာကတဝေဒနာတို့ သုခုမဖြစ်သည်ဟူရာ၌ ကုသိုလ်ဝေဒနာသည် နိဒ္ဒရထသဘော, သုခဝိပါကသဘောကြောင့် အကုသိုလ်ထက် သုခုမ ဖြစ်သည်၊ အဗျာကတဝေဒနာ သည် နိရုဿာဟသဘော, အဝိပါကသဘောကြောင့် ကု–အကုဝေဒနာထက် သုခုမ ဖြစ်သည်–ဟု ဆိုလို၏။ (ခ) အပိုဒ်၌

ကုသိုလ် အကုသိုလ်ဝေဒနာတို့ သြဇာရိကဖြစ်သည်ဟူရာ၌ ၎င်းတို့ နှစ်မျိုးလုံးပင် သဉ္ဇသာဟသဘော, သဝိပါကသဘော ကြောင့် သြဇာရိက ဖြစ်သည်၊ အဗျာကတဝေဒနာ သုခုမ ဖြစ်သည်ဟူရာ၌ကား (က) အပိုဒ်အဖွင့်၌ ဆိုခဲ့ပြီးနှင့်တူသောကြောင့် အဗျာကတာ ဝုတ္တာနယေနေ၀ သုခုမာ–ဟု ပြန်ညွှန်းလေသည်။ ထိုအဋ္ဌကထာကို မူလဋီကာ ၂–၁၂–၌ ကမ္မဝေဂက္ခိတ္တာ ကမ္မပဋိ ဗဒ္ဓဘူတာ စ ကာယကမ္မာဒိဗျာပါရ၀ိရဟတော နိရုဿာဟာ ဝိပါကာ, သဉ္ဇသာဟာ စ ကိရိယာ အ၀ိပါကာ။ (ဌ–က–အပိုဒ်မှ အဗျာကတာ နိရုဿာဟဌေန အ၀ိပါကဌေန စ သုခုမာ–ဟူသော ၀ါကျကို ဖွင့်ပြသည်) သ၀ိပါကာ စ သဂဿာ ဝိယ သြဇာရိ ကာတိ တဗ္ဗိပက္ခတော အ၀ိပါကာသုခုမာတိ ဝုတ္တာ။ (ဌ–ခ–အပိုဒ်မှ ၀ါကျ ၂–ခုလုံးကို ဖွင့်ပြသည်။) ဤနောက်အဖွင့်ဖြင့် သ၀ိပါက ဖြစ်သော ကုသိုလ် အကုသိုလ်ဝေဒနာတို့သည် သြဇာရိက ဖြစ်ကုန်၏၊ အ၀ိပါကဖြစ်သော ဝိပါက် ကြိယာ ဝေဒနာ တို့သည် သုခုမ ဖြစ်ကုန်၏–ဟု ပြသည်။ ဤမူလဋီကာကိုပင် ယူ၍ အထက်ပါအတိုင်း ဤမဟာဋီကာ၌ ပြဆိုထားသည်။ ဋီကာဆရာ၏ ရည်ရွယ်ချက် အလိုကို အဖန်ဖန်အထပ်ထပ် ကြံ့စည်အပ်၏။

မှတ်ချက်

၁–သီမူ၌ ဤသံ၀ဏ္ဏေတဗ္ဗနှင့် သံ၀ဏ္ဏနာမရှိ၊ ဝိသုဒ္ဓိမဂ်၌ရှိသော ဧ၀ံ–၏ အနက်အဖွင့်လည်း မဖြစ်သင့်၊ နောက်ကာလ၌ ရေးထည့်ထားသော ပါဌ်သော်လည်း ဖြစ်ရာ၏၊ သို့မဟုတ် ဝိသုဒ္ဓိမဂ်၌ "သညာဒီနမ္မိ ဧ၀မေ၀ ဝေဒိတဗ္ဗံ" ဟူသောပါဌ်မှ ဧ၀မေ၀–ပုဒ်၏ အဖွင့်သော်လည်း ဖြစ်ရာ၏။ ထိုသို့ဖြစ်လျှင်လည်း ဋီကာတွင် ဣတိ ဝေဒနာဋ္ဌသ အတီ တာဒိ၀ိဘာဂေ ဝိတ္ထာရကထာမုခ၀ဏ္ဏနာ–ဟူသော နိဂုံး၏ ရှေး၌ "တေနာဟ အကုသလာပန။ပ။ သန္တိကေတိ" ဟူသောပါဌ်နှင့် ဆက်စပ်လျက် "ဧ၀မေ၀ါတိ ဧ၀ံ အတီတာဒိ၀ိဘာဂေ ဝိတ္ထာရကထာမုခံ"ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် "ဧ၀မေ၀ါတိ၊ ကား။ ဧ၀ံ၊ ဤအတူ။ အတီတာဒိ၀ိဘာဂေ၊ ၌။ ဝိတ္ထာရကထာမုခံ၊ ကို။" ဟု အနက်ပေး၍ ယင်း ဧ၀မေ၀–ဖြင့် အတီတာဒိ၀ိဘာဂေ ဝိတ္ထာရ ကထာမုခံ–ပုဒ်တို့ကို ၎င်ရန်ပြသည်–ဟု ယူရာ၏။

မှတ်ချက်

၁–ဒါနကထာစသည်တို့ကို ဥက္ကံသအစဉ်အားဖြင့် ဟောအပ်သောကြောင့် ဥက္ကံသက္ကမဟု ဆိုသင့်သည်မဟုတ်ပါ လော၊ အဘယ်ကြောင့်ဒေသနာက္ကမဟု ဆိုပါသနည်း?ဟု မေးဖွယ်ရှိ၍ ဒါနကထာဒယော–စသည်ကို မိန့်သည်။

မှတ်ချက်

၂–ဤ၌ အာဒိ–ဖြင့် ပဟာန, ပဋိပတ္တိ, ဘူမိက္ကမတို့ကို ယူအပ်၏၊ ထိုကြောင့် အနုဋီ ၂–၃၂–၌ တတ္ထ အာဒိသဒ္ဒေန ပဟာနပဋိပတ္တိဘူမိက္ကမေ သင်္ဂဏှာတိ–ဟု ပြဆိုအ၏။ ထိုအနုဋီကာ၌ ဘူမိက္ကမေ–ဟု ၀ဝတ္ထာန–အရာတွင် ကမ–သဒ္ဒါနှင့် ဆိုသောကြောင့် ဤ၌ ၀ဝတ္ထာနအပိုင်းအခြားဟူသည်ကိုလည်း အသီးအခြား မရောမယှက်တည်သော အစဉ်ပင်ဟု ယူအပ်၏။

မှတ်ချက်

၁–စ–သဒ္ဒါဖြင့် ဝတ္တဗ္ဗာ–စ–ဟု ဆည်းသည်။ ပရိတ္တာရမ္မဏာဒိ၀သေန နှ ဝတ္တဗ္ဗာတိ ဧတေန "နဝတ္တာဗ္ဗာရမ္မဏာ၀ ဒိ၌ ခန္ဓေ ဧ၀ နိဿာယ ဥပ္ပဇ္ဇတိ၊ ပဂေ၀ ခန္ဓာရမ္မဏာ"တိ ဒဿေတိ အနုဋီ ၂–၃၃။ ဤအလိုအားဖြင့် နဝတ္တဗ္ဗာ၀–ဟု ရှိလျှင် ယုတ္တတရဖြစ်သည်။

မှတ်ချက်

၁–ဝိတ္တံ သေမ္ဗ္ဗ ၀ါတော စ၊ သန္ဓိ၀ါတာ ဥတူနိ စ။ ဝိသမံ ဩ၀ကြမိကံ၊ ကမ္မ၀ိပါကေန အဋ္ဌမီ။ ဝေဒနာဖြစ်ကြောင်း ၈–ပါး၊ သံ ၂–၄၂၈။

မှတ်ချက်

၁–ဤပုဒ်ဖြင့် လောကုတ္တရာခန္ဓာတို့၌ကား ဣဋ္ဌ ကန္တ မနာပ–ဟု စိတ်ညွှတ်ရုံအနည်းငယ် (အပွကဖြင့်)သာ လိုသည်ကို သိစေ၏။

မှတ်ချက်

၁–ဤတိုင်အောင်သော စကားသည် အဘိ ၌ ၂–၃၀၊ သံ ၌ ၂–၂၉၄–တို့မှ ယူ၍ ပြသောစကားဖြစ်သည်။ ဝိသုဒ္ဓိမဂ် ၌လည်း ဤအတိုင်းပင် အကျယ်ပြပါသလော?ဟု မေးဖွယ်ရှိ၍ အဋ္ဌကထာယံ ပန–စသည်ကို မိန့်သည်။

မှတ်ချက်

၂–သက္ကတ၌ ဗုဒ္ဓေ–ဟု ရှိ၍ ဗုဒ–ဓာတ် ဒွေးဘော်ပြုလျက် ဗုဒ် ဗုဒ်မှ ဗုဗ္ဗေ–ဟု ပြီးသင့်သောကြောင့် ဗုဗ္ဗေ–ယုတ္တ တရ ဖြစ်သည်။

မှတ်ချက်

၁–ဤ၌ ပါဠိ အဋ္ဌကထာတို့ဖြင့် သသမ္ဘာရစက္ခု–ဟူသော အနက်ကို ဖော်ပြသည်၊ နိရုဠ္ဍ အဖြစ်ကို ထောက်ခံရန် သာဓကအဖြစ်ဖြင့် ထုတ်ပြသည်ကား မဟုတ်ပေ။

မှတ်ချက်

၁–ဤဒုတိယသံဝဏ္ဏနာ အလိုအားဖြင့် စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ်တို့၏ ဒွါရလည်းမဖြစ် အာရုံလည်းမဖြစ်၊ နှစ်ပါးလုံးမဖြစ်သော ဓမ္မာယတန–ဟု ဆိုလို၏။ ထိုအလိုအားဖြင့် ပဉ္စပသာဒတို့ကို ဓမ္မာယတန၌ မသွင်းခြင်းအတွက် စောဒနာဖွယ် မရှိတော့ပေ၊ အကြောင်းမူကား ၎င်းတို့သည် ပဉ္စဝိညာဏ်တို့နှင့် ဒွါရအဖြစ်ဖြင့် သာဓာရဏဖြစ်သောကြောင့် တည်း။

မှတ်ချက်

၁–ယံ ယသ္မာ ဒွါရာဒိဘာဝတော၊ ကြောင့်။ သမ္ဘဝန္တိ၊ ကုန်၏။ ဧသော၊ ဤဒွါရစသည်၏ အဖြစ်သည်။ ဓမ္မတာ၊ အကြောင်းဖြစ်သော စွမ်းနိုင်သည်၏ အဖြစ်တည်း၊ ဝါ၊ အကြောင်း၏ အဖြစ်တည်း–ဟု ဝိသုဒ္ဓိမဂ်၌ အနက် ယောဇနာ စေလို၏။ ပစ္စယဓမ္မာနံ ဘာဝေါ ဓမ္မတာ–ဟု ဝစနတ္ထပြုရာ၏။

မှတ်ချက်

၂–ယံ သမ္ဘဝန္တိ၊ အကြင်ဖြစ်ကုန်၏။ ဧသော၊ ဤသို့ဖြစ်ခြင်းသည်။ ဓမ္မတာ၊ ဖြစ်မြဲသဘောတည်း–ဟု ယောဇနာ စေလို၏။

မှတ်ချက်

၁–ဤအနက်ကား ဝိသမဘာဝ။ပ။ ဝနဘာဝေဟီတိ ဝိသမဘာဝါဒိသန္ဓိသိတအဟိ–အာဒိသဒိသုပါဒိန္နဓမ္မေဟိ စက္ခာ ဒီဟိ, ဝနသန္ဓိသိတမက္ကဋ္ဌသဒိသေန စိတ္တေန စ အဘိရမိတတ္တာ။ ဝနဘာဝေါတိ ဟိ ဝနဿာသယောတိ အတ္ထော– ဟူသော အနုဋီ ၂–၄၁–ကို မှီ၍ ပြန်ဆိုအပ်သောအနက်ဖြစ်သည်။ ဤအဖွင့်၌ ဝနဘာဝေါ–ကို ဝနဿာသယော–ဟု ဖွင့်သောကြောင့် ရှေး၌ ဝိသမဘာဝ–ဟူရာတွင်လည်း ဝိသမဿာသယ–ဟူသောအနက် ဖြစ်သင့်၏။ ထိုအနက်ဖြစ်ခဲ့လျှင် သန္ဓိသိတနှင့် စပ်ယူရန်ခက်၏။ ထိုပြင် ဝနသန္ဓိသိဟ–ဟူသော အနက်ကို ဝနဿာသယ–ဟူသော အဖွင့်နှင့် နှီးနှောရန်လည်းလို၏။ ပြည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်နိဿယ၌ကား ဤ၌မဟာဋီကာပါဠိကို ဤသို့အနက်ပြန်ဆိုထား၏။ ။ တတ္ထ၊ ထိုအဋ္ဌ ကထာစကား၌။ ဝိသမာဒိအဿာသယေဟိ၊ ဝိသမစသည်တို့၌ အလိုရှိကုန်သော။ စက္ခာဒီဟိ၊ စက္ခာယတန။ပ။ မနာယတနဟု ဆိုအပ်ကုန်သော။ ဝိသမဘာဝ။ပ။ ဝနဘာဝေဟိ၊ မည်ညွှတ်သည်၌ အလိုရှိသောမြွေ, တွင်းအခေါင်း၌ အလိုရှိသောမိကျောင်း, ကောင်းကင်၌ အလိုရှိသောဌက်, ရွာ၌အလိုရှိသော အိမ်ခွေး, သုသာန်၌မှီသော သဒိသဥပါဒိန္နဓမ္မ၌ အလိုရှိသော မြေခွေး, တောင်အလိုရှိသော မျောက်တို့သည်။ (ဤကား ရူပကအနက်တို့တည်း) ဝါ၊ တောင်အလိုရှိသော မျောက်နှင့် တူကုန်သော။ စက္ခာဒီဟိ၊ တို့သည်။ (သဒိသအနက်) ဝါ၊ တောင်အလိုရှိသော မျောက်ကဲ့သို့သော။ စက္ခာဒီဟိ၊ တို့သည်။ (ဥပမာအနက်) ဝါ၊ တောင်အလိုရှိသော မျောက်–စက္ခာယတန။ပ။ မနာယတနတို့သည်။ (သမုပေက္ခာ ဟု) ဤသို့ အနက်ပြန်ထား၏။ ထိုအနက်သည် ယုတ္တတရဖြစ်သကဲ့သို့ရှိ၏။ အကြောင်းမူကား အဿာသယအနက်ရှိသော ဘာဝ–ပုဒ်ကို ဝိသမဘာဝ–ဟု အစ၌ ၎င်း, ဝနဘာဝ–ဟု အဆုံး၌ဝင်း ယှဉ်သကဲ့သို့ အလယ်ပုဒ်တို့၌လည်း ဗိလဘာဝ–အာကာသဘာဝ–ဂါမဘာဝ–သုသာန–သန္ဓိ

သိတသဒိသူပါဒိန္နဘာဝ–ဟု ယှဉ်သင့်သောကြောင့်ရင်း ထိုသို့ယှဉ်ခြင်းဖြင့် အနက်သွား ချောမောပြေပြစ်သောကြောင့်ရင်း ဖြစ်ပေသည်။ သို့ရာတွင် သုသာန်၌မှီသော သဒိသူ ပါဒိန္နမမ္မ–ဟူရာ၌ "သုသာန်ကိုမှီသော သူသေကောင်နှင့်တူသော ဖောင္ဒဗ္ဗာရုံဟူသော ဥပါဒိန္နမမ္မ"ဟု ဆိုမှ ပေါ်လွင်ထင်ရှားပေမည်။ သို့ဖြစ်၍ "ဝိသမဘာဝ။ပ။ ဝနဘာဝေဟိ၊ မည်ညွှတ်ရာ၌ အလိုရှိသောမြွေ, ရေနက်ရာကျောက်ဆောင်ခေါင်း၌ အလိုရှိသောမိကျောင်း, ကောင်းကင်၌ အလိုရှိသောငှက်, ရွာ၌အလိုရှိသောခွေး, သုသာန်ကိုမှီသော သူသေကောင်နှင့်တူသော ဖောင္ဒဗ္ဗာရုံဟူသော ဥပါဒိန္နမမ္မ၌ အလိုရှိသောမြေခွေး, တောင်၌အလိုရှိသော မျောက်တို့သည်။ ဝါ၊ မျောက်တို့နှင့်တူသော အာယတနတို့သည်။"ဟု ဤသို့အနက်ပြန်သင့်၏။ ဉာဏ်သက်၍ ကြံပါကုန်။

မှတ်ချက်

၁–ဤသို့အထူးဖွင့်ပြန်သောအနက်ကား–စက္ခုဿာတိ ဝိသေသကာရဏံ အသာဓာရဏသာမိဘာဝေန နိဒ္ဒိဋ္ဌံ။ တဥ္စိ ပုဂ္ဂလန္တရာသာဓာရဏံ နီလာဒိသဗ္ဗရူပသာဓာရဏဉ္စ–ဟူသော မူလဋီ ၂–၄၅။ အာဝေဏိကတ္ထော, အတိသယတ္ထော စ ဝိသေသ သဒ္ဒေါ ဟောတီတိ တဒုဘယံ ဒဿေတုံ ပုဂ္ဂလန္တရာသာဓာရဏံ နီလာဒိသဗ္ဗရူပသာဓာရဏဉ္စာတိ ဝုတ္တံ–ဟူသော အနုဋီ ၂–၅၅ တို့နှင့်ရင်း ဤဋီကာ၌ဆိုလတ္တံသော တထာ ဟိ ပုဂ္ဂလန္တရာသာဓာရဏံ, နီလာဒိသဗ္ဗရူပသာဓာရဏဉ္စာတိ–ဟူသော ပါဌ်နှင့်ရင်း အညီပင်ဖြစ်သည်။

မှတ်ချက်

၂–ဤပုဒ်ဖြင့် အသာဓာရဏဝိသေသအကြောင်းဖြစ်သည်ကို ပြသည်၊ သို့သော် ပုဂ္ဂိုလ်တပါးနှင့် မဆက်ဆံပုံကိုကား ကြံသင့်သေး၏။ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ တဥ္စိ ပုဂ္ဂလန္တရာ–သာဓာရဏံ–ဟူသော မူလဋီကာပါဌ်ကို ဆောင်၍ "တံ၊ ထိုစက္ခု သည်။ ပုဂ္ဂလန္တရာ–သာဓာရဏံ၊ ပုဂ္ဂိုလ်တပါး၏ စက္ခုတပါးအား မဆက်ဆံသည်လည်း။ ဟောတိ၊ ၏။ ရူပံ ဟိ အညပုဂ္ဂလ စက္ခုဝိညာဏသ သာဓာရဏံ၊ နေ ဇဝံ စက္ခုတိ–ထုတ်"ဟူ၍ အနက်အဓိပ္ပါယ်ဖော်ပြထား၏။ ရူပသ ဝိညာဏံ ရူပဝိညာဏံ–ဟု ဆိုခဲ့လျှင် တပါးသောသူ၏ စက္ခုဝိညာဏ်သည်လည်း ရူပဝိညာဏ် မည်နိုင်၏၊ ထိုကြောင့် တပါးသောသူ၏ စက္ခု ဝိညာဏ်နှင့်လည်း သက်ဆိုင်၏။ စက္ခုကား ထိုကဲ့သို့ သူတပါး၏စက္ခုဝိညာဏ်နှင့် သက်ဆိုင်ခြင်း ဆက်ဆံခြင်းမရှိ–ဟု ဆိုလို၏။ အသိခက်၏၊ နက်နဲလှ၏။ ပုဂ္ဂလန္တရာသာဓာရဏံ–အရာ၌ ဝိညာဏန္တရာ–သာဓာရဏံ–ဟု ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏။ ထိုသို့ရှိလျှင် "ဝိညာဏန္တရာသာဓာရဏံ စ၊ ပဋ္ဌဒ္ဒါရာဝဇ္ဇနံ သမ္ပဋ္ဆိုင်းစသော တပါးဝိညာဏ်တို့နှင့် မဆက်ဆံသည် ရင်း"ဟု အနက်ပေးရာ၏။ ရူပဝိညာဏံ–ဟု ဆိုခဲ့လျှင် ပဋ္ဌဒ္ဒါရာဝဇ္ဇနံ သမ္ပဋ္ဆိုင်း စသော တပါးသော စက္ခုဒ္ဒါရိကစိတ်တို့နှင့် ရင်း, အဆင်းကို အာရုံပြုသော မနောဒ္ဒါရိကစိတ်တို့နှင့်ရင်း ဆက်ဆံ၏၊ စက္ခုသည်ကား ထိုသို့သော ဝိညာဏ်တပါးတို့နှင့် ဆက်ဆံခြင်း မရှိ–ဟု ယူရာ၏၊ သိလွယ်၏။ မနသိကာရသည် ပုဂ္ဂိုလ်တပါးနှင့် မဆက်ဆံ၊ ဝိညာဏ်တပါးနှင့်သာလျှင် ဆက်ဆံသည်။ ဤအချက်ကိုထောက်လျှင်လည်း ဝိညာဏန္တရာသာဓာရဏံ–သာ သင့်ကြောင်း ထင်ရှား၏။

မှတ်ချက်

၁–ဤပုဒ်ဖြင့် အတိသယတ္ထ ဝိသေသကာရဏ ဖြစ်သည်ကို ပြ၏။ ရူပဝိညာဏ–အဆင်း၏ ဝိညာဏ်–ဟု ဆိုခဲ့လျှင် အာရုံပြုမိသော အဆင်းနှင့်သာ သက်ဆိုင်၏၊ အလုံးစုံသော အဆင်းတို့နှင့် မသက်ဆိုင်၊ စက္ခုဝိညာဏ–စက္ခု၏ဝိညာဏ်ဟု ဆိုရာ၌ကား ထိုဝိညာဏ်သည် အဆင်းဟူသမျှကို မြင်တတ်သောကြောင့် အဆင်းအလုံးစုံနှင့် သက်ဆိုင်၏။ ထိုကြောင့် စက္ခုသည် အလုံးစုံသော အဆင်းတို့နှင့် ဆက်ဆံခြင်းဟူသော လွန်ကဲသောဂုဏ်လည်း ရှိသည်ဟု ယူရာ၏။ ပြည်မူ နိဿယ၌ ကား–နီလာဒိသဗ္ဗရူပသာဓာရဏဉ္စ၊ အညို စသော အလုံးစုံသော ရူပါရုံလျှင် အာရုံရှိသော စက္ခုဝိညာဏ်အား ဆက်ဆံသည် လည်း။ ဟောတိ၊ ၏။ ရူပံ ပနကိဉ္စိ နီလာဒိသဗ္ဗရူပါရမ္မဏဝိညာဏသာဓာရဏံ နေ ဟောတိ–ဗျတိရိက် ထုတ်–ဟုပြဆိုတော်၏။ ဉာဏ်သက်၍ ကြံစည်ပါကုန်။

မှတ်ချက်

၁–ဤ၌ အာဒိ–ဖြင့် ရူဓိရ မံသ မေဒ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇ သုက္ကဓာတ်တို့ကို ယူအပ်၏၊ ဤဋီကာ ၁–၄၃၀ ၌ ရသာဒိ ဘာဝေန–၏ အဖွင့်ကိုကြည့်ပါ။

မှတ်ချက်

၁–ဟေတုဖြစ်သော ဓာတ်တို့ကို ရှေးခ၌ချထားခြင်း, ဖလဖြစ်သော ဓာတ်တို့ကို နောက်၌ ချထားခြင်းသည် "ရှေးဓာတ် နှစ်ပါးက ဟေတု, နောက်ဓာတ်တပါးက ဖလ"ဟု သိကြောင်းဖြစ်၏၊ ထိုကိုပင် ဤ၌ ဘာဝ–ဟု ဆိုသည်။

မှတ်ချက်

၁–ယထာသမ္ဘဝန္တိ ကိရိယာမနောဓာတု ဥပနိဿယကောဋ္ဌိယာ။ပ။ အာရမ္ဘဏာဒိနာ စ မနောဝိညာဏသ ပစ္စယောတိ ဧဝံ မနောဓာတုဓမ္မဓာတူနံ မနောဝိညာဏသ ပစ္စယဘာဝေါ ယထာသမ္ဘဝံ ယောဇေတဗ္ဗော–ဟူသော အနုဋီကာ ၂–၅၅–နှင့် အညီ ဆောင်၍ စပ်သည်။

မှတ်ချက်

၂–ပဋ္ဌဒ္ဓါရာဝဇ္ဇနိ၊ သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်၏ မနောဝိညာဏ်အား ပစ္စယအဖြစ်ယှဉ်ပုံကို ပြပြီး၍ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ–ဟူသော သုတ္တန်ဒေသနာအရ ယထာသမ္ဘဝယှဉ်ပုံကိုပြပြန်လို၍ ဒွါရဘူတမနောဓာတုဝသေနဝါ–စသည်ကို မိန့်ဆို၏၊ ထိုသုတ္တန်ဒေသနာ၌ မနောဝိညာဏံ–အရ အာဝဇ္ဇန်း ဧော တဒါရုံတို့ကိုယူလျှင် မန–အရ ဘဝင်ကို ယူရ၏၊ မနောဝိညာဏံ–အရ ဧော တဒါရုံတို့ကိုသာယူလျှင် မန–အရ ဘဝင်နှင့် အာဝဇ္ဇန်းကို ယူရ၏၊ ထိုကြောင့် ဘဝင်မနောဓာတ်က ဟေတု၊ အာဝဇ္ဇန်းဧော တဒါရုံ မနောဝိညာဏ်က ဖလ–ဟူ၍ဌင်း, ဘဝင်နှင့် အာဝဇ္ဇန်းက ဟေတု၊ ဧော တဒါရုံ မနောဝိညာဏ်က ဖလ–ဟူ၍ဌင်း ယူရာ၏။

မှတ်ချက်

၁–နိရောဓသမာပတ်အခိုက်၌ မနောဓာတ်နှင့်တကွ ဝိညာဏဓာတ် ၆–ပါးလုံးပင် ချုပ်သည်မဟုတ်ပါလော၊ သို့ဖြစ်ပါလျက် ဓာတုဒွယကိုသာ ယူခြင်းသည် သင့်ပါ၏လော၊ သို့မဟုတ် အဘယ်ကြောင့် ဓာတုဒွယကိုသာ ယူပါသနည်း?ဟု စောဒနာဖွယ်ရှိသောကြောင့် တဒညဝိညာဏနိရောဓော ဝိယ ဟိ–စသည်ကို မိန့်သည်။

မှတ်ချက်

၂–ဝိညာဏဓာတ် ၆–ပါးရှိရာတွင် မနောနှင့် မတွဲသော ဝိညာဏဓာတ်ငါးပါးကို ဤ၌ ဝိညာဏဓာတု–ဟု ဆိုသည်၊ သို့သော် ပဋ္ဌဝိညာဏဓာတု–ဟု ပါ၌ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏။

မှတ်ချက်

၃–ဤ၌ ဆိုလိုသည်ကား–သညာဝေဒယိတနိရောဓတ် ဟူသည်မှာ ဓာတုဒွယ၏ ချုပ်ခြင်းမျှသာ ဖြစ်၏၊ ထိုဓာတုဒွယ၏ ချုပ်ခြင်းဟူသော နိရောဓသမာပတ်၏ အစွမ်းဖြင့် နေဝသညာမှတပါးသော မနောဝိညာဏဓာတ်၏ချုပ်ခြင်းသည်ရင်း ပဋ္ဌဝိညာဏဓာတ် မနောဓာတ်တို့၏ ချုပ်ခြင်းသည်ရင်း အလိုလိုပင် ပါဝင်ပြီးစီး၏။ ထိုကြောင့် ထိုသို့ အလိုလို ပါဝင်ပြီးစီးသော အခြားဝိညာဏဓာတ်တို့နှင့် မနောဓာတ်ကို မယူတော့ပဲ နေဝသညာ မနောဝိညာဏ ဓာတ်နှင့် ဓမ္မဓာတ် ဟူသော ဤလိုရင်း ဓာတုဒွယကိုသာ ယူသည် ပြဆိုသည်–ဟု ဆိုလို၏။

မှတ်ချက်

၁–ပဋ္ဌဒ္ဓါရာဝဇ္ဇနိ၊မနောဓာတ်သည် ပဋ္ဌဝိညာဏ်၏ ရှေ့သွားဖြစ်၏၊ သမ္ပဋိစ္ဆိုင်းမနောဓာတ်သည် ပဋ္ဌဝိညာဏ်၏ နောက်လိုက်ဖြစ်၏၊ ထိုသို့ဖြစ်သောကြောင့်ဟု ဆိုလို၏။ ဤဋီကာ ၁၈၃–၌ အထူးထင်ရှားလတ္တံ့။

မှတ်ချက်

၁–ဤစကားသည် ဓမ္မဓာတ်ကို အာရုံမပြုနိုင်သည်ကို ရည်၍ဆိုသော စကားဖြစ်ရာ၏၊ သို့ဖြစ်လျှင် ပဋ္ဌဒ္ဓါရိကဧော စိတ်တို့သည်လည်း ဓမ္မဓာတ်ကို အာရုံမပြုနိုင်သည်ချည်းပင် ဖြစ်သောကြောင့် ဤပါဌ်ကို စဉ်းစားသင့်၏။ ပဋ္ဌဒ္ဓါရိကဝိညာဏ ဝဇ္ဇနတ္ထံ–ဟု ရှိသင့်သကဲ့သို့ထင်၏။

မှတ်ချက်

၁–ဝိသုဒ္ဓိမဂ်၌ ဤအရာတွင် အာရမ္မဏစသည်တို့ဖြင့် ကျေးဇူးပြုသောဓာတ်တို့ကို "စက္ခုဓာတုအာဒယော ပန ဧကစ္စာ စ ဓမ္မဓာတု"ဟု ပြဆိုထား၏။ ထိုတွင် စက္ခုဓာတုအာဒယောဟူသောပုဒ်ဖြင့် ဓမ္မဓာတ်မှ ကြွင်းသောဓာတ် ၁၇–ပါးတို့ကို ဆိုသည်ဟု ယူအပ်၏၊ ထိုသို့ယူပါမှ ၎င်းဓာတ်တို့က မနောဝိညာဏ်အား အာရမ္မဏာဒိပစ္စည်းတို့ဖြင့် ကျေးဇူးပြုပုံကို ပြဆိုခြင်း ပြည့်စုံပေမည်။ ထိုတွင် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဓာတ်တို့သည် ပဉ္စဒ္ဒါရိကဝိပါက် မနောဝိညာဏ်၏လည်း အာရမ္မဏပစ္စည်း ဖြစ်ကုန်၏၊ ထိုကြောင့် ၎င်းဝိပါက်တို့ကို ကြဉ်ခြင်းအကျိုးငှါ "ဧကစ္စာယ မနောဝိညာဏဓာတုယာ"ဟု ဆိုသည်ဟူသော ဋီကာ အဖွင့်ကို ဆင်ခြင်သင့်၏။ ထိုပြင် အထ ဝါ–စသည်ဖြင့် ပြဆိုသောဒုတိယဝိကပ်၌လည်း လောကီဓာတ်တို့ကို အာရုံပြုနိုင်သော အကုသိုလ်စိတ်နှင့် ကာမဓာတ်တို့ကို အာရုံပြုနိုင်သော ကာမဝိပါက်မနောဝိညာဏ်တို့ ကြွင်းကျန်နေသည်ကို ဆင်ခြင်သင့်၏။ ဤအရာ၌ အသင့်လျော်ဆုံးမှာ ပညတ်လျှင် အာရုံရှိသော မဟဂ္ဂုတ်မနောဝိညာဏ်တို့ကို ကြဉ်ခြင်းအကျိုးငှါ "ဧကစ္စာယ မနောဝိညာဏဓာတုယာ"ဟု မိန့်ဆိုသည်ဟု ယူလျှင် ယုတ္တတရ ဖြစ်ရာ၏။ ပညာရှိတို့ အထူးဉာဏ်သက်၍ ဆင်ခြင်ပါကုန်။

မှတ်ချက်

၁–နိယတအာရုံရှိသော ပဉ္စဝိညာဏ်နှင့် အနိယတအာရုံရှိသော သန္တီရဏတို့သည် နိယတအာရုံ အနိယတအာရုံ အားဖြင့် ကွဲပြားသောကြောင့်–ဟု ဆိုလိုဏ်။

မှတ်ချက်

၁–ဤကား မြန်မာမူရှိရင်းအတိုင်းပြန်သော အနက်ဖြစ်သည်၊ သီမူ၌ကား ဝိညာဏံ သိယာ–၌ တဝါကျ ဖြတ်၍ ပွသင်္ဂတော–ဟူသော ဟိတ်ပါဌ်ကို နှ သိယာ–နှင့် စပ်လျက်ပြထား၏၊ ထိုအလိုအားဖြင့် "စ၊ ဆက်။ တတော၊ ထိုသို့ သဝန ဝိညာဏ် စသည်တို့၏ မဖြစ်သင့်ခြင်းကြောင့်။ ရူပါရမ္မဏပသုတမေဝ၊ လျှင်ဖြစ်သော။ ဝိညာဏံ၊ သည်။ သိယာ၊ ၏။ မနော ဝိညာဏာနံ၊ တို့၏။ (သမာနဝတ္ထုဘာဝေါ) ဝိယ၊ ကဲ့သို့။ ဒဿနဝိညာဏာဒီနံ၊ တို့၏။ သမာနဝတ္ထုဘာဝပွသင်္ဂတော၊ ရောက်ခြင်းကြောင့်"ဟု အနက်ပေး၍ ယင်းဟိတ်ပါဌ်ကို နှ သိယာ–၌ စပ်ရာ၏။

မှတ်ချက်

၂–သဒ္ဒါရုံ စသည်ကို နလုံးသွင်းခြင်း၏မရှိခြင်းကြောင့် သဝနဝိညာဏ် စသည်တို့ မဖြစ်သင့်၊ ထိုသို့မဖြစ်ခြင်း ကြောင့် ရူပါရုံကိုသာ အာရုံပြုသောဝိညာဏ် ဖြစ်ရာ၏၊ ဤမျှသာမကသေး မနောဝိညာဏ်တို့သည် တည်ရာဝတ္ထု တူမြဲဖြစ် သကဲ့သို့ ဒဿနဝိညာဏ် စသည်တို့သည်လည်း တည်ရာဝတ္ထု တူရာသောကြောင့် ထိုဒဿနဝိညာဏ်နောင် အဆက်ဆက် ဖြစ်သော ဝိညာဏ်သည်လည်း စက္ခုဝတ္ထုကိုသာ မှီသည်ဖြစ်ရာ၏၊ သောတဝတ္ထု စသည်ကို မှီသော ဝိညာဏ်သည်လည်း မဖြစ်နိုင်ရာ။ အတိုချုပ်ဆိုလိုသည်မှာ အာရုံရော ဝတ္ထုရော နှစ်မျိုးလုံးတူသော ဝိညာဏ်သာ ဖြစ်ရာသည်ဟု ဆိုလိုဏ်။

မှတ်ချက်

၁–သီမူ၌ ဥသုမမတ္တေန ဥဒ္ဓဟတိ–ဟု ရှိ၏။ ဥသုမမတ္တေန၊ ဖြင့်။ ဥဒ္ဓဟတိ ဝိယ၊ ကဲ့သို့။ မနနမတ္တေန၊ ဖြင့်။ ဥဒ္ဓဟတိ၊ ၏–ဟု အနက်ပေး။

မှတ်ချက်

၁–၏ဟူ၍ရင်း အားဟူ၍ရင်း ပေးလျှင် သမ္ဘျယ–ပုဒ်၏ အနက်နှင့် အဆက်အစပ် ပြတ်သွားသည်၊ ထိုကြောင့် မှ–ဟု ပြန်သည်၊ မနတော–ဟု ရှိလျှင်သာ၍ကောင်း၏။

မှတ်ချက်

၂–ဤပုဒ်လည်း အစပ်ခက်၏၊ သမ္ဘန္ဓိ–ဟု ရှိလျက် နောက်ပုဒ်နှင့် တသမာသ်တည်းသော်လည်း ဖြစ်ရာ၏။ ထိုသို့ ဖြစ်လျှင် မနသော၊ ၏။ သမ္ဘန္ဓိဝိသိဋ္ဌမနနကိစ္စာဘာဝတော၊ စပ်ဆိုင်သော ထူးသော သိခြင်းကိစ္စ၏ မရှိခြင်းကြောင့်–ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–စသာ–၌ စ–ကား ဝစနာလင်္ကာရမျှဟု ယူအပ်၏၊ သို့မဟုတ် ထယာဝုတ္တေနေ၀–နောင် စ–ကို ပိုသည်ဟု ယူ၍ ဤ စ–ကိုပင် ဝါကျာရမ္ဘဧေတကဟု ယူအပ်၏။

မှတ်ချက်

၂–သီမူနှင့်အညီ ဤတွင် ဝါကျတရပ် ပြီးဆုံးစေရမည်။ မြန်မာမူရှိရင်းအတိုင်းဆိုလျှင် မနောဒ္ဓါရသမညာရဟံ၊ အမည်ကို ရထိုက်သော စိတ်ကို–ဟု အနက်ပေး၍ ဝုစ္စတိ–၌ စပ်ရာ၏။ မချောမောလှပေ။

မှတ်ချက်

၁–မနော စ၊ ထူးသောသိခြင်းကိစ္စရှိသောစိတ်လည်း ဟုတ်၏။ တံ၊ ထိုစိတ်သည်။ ဝိညာဏဉ္စ စ၊ ထူးသော ဝိဇာနနကိစ္စရှိသော ဝိညာဏ်လည်း ဟုတ်၏။ ဣတိ၊ ကြောင့်။ မနောဝိညာဏံ၊ မည်၏–ဟု ဤသို့ ၀စနတ္ထပြုရန် ညွှန်ပြ၏။

မှတ်ချက်

၁–မူလဋီ ၂–၄၈–နှင့် အညီပင်၊ ဤဖြင့် ဝိသရကွန့်နှင့်လည်း လျော်စေ၍ အမတာ–၏ ဆန့်ကျင်ဖက်ကိုလည်း ပေါ်စေ၏။

၂–ဝိသဘူတအနတ္တ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် အမတအားဖြင့် ရှုအပ်၏၊ အသန္တ, သပ္ပဋိဘယ အနတ္တတို့၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် သန္တ, ခေမအားဖြင့် ရှုအပ်၏–ဟု ပြသည်။

မှတ်ချက်

၁–သီမူ၌ ပရိနိဋ္ဌိတကိစ္စဇာနနံ–ဟု ရှိ၏၊ လုံးဝပြီးပြီးသော ကိစ္စကိုသိခြင်း (၀၊) သိသော ပစ္စဝေက္ခဏာဉာဏ်ဟု အနက်ရသောကြောင့် ရှေ့နောက်ညီ၍ယူရန်ခက်၏၊ ထိုအတူပင် ပရိနိဋ္ဌိတကိစ္စဇာနနခီဏာသဝ၀ သ ဘာ၀ဘူတော ဟုတ္တာ–ဟု ရှိရင်းပါ၌ဌ၌လည်း သင့်လျော်သောအနက်ကိုယူရန်ခက်၏၊ ဝိသုဒ္ဓိမဂ်၌ ဉာဏကိစ္စ–နှင့် ဤ၌ ဇာနနကိစ္စ–သည် အနက်တူပင်ဖြစ်သည်၊ ခီဏာသ၀ဿဘာ၀ဘူတော–၌ ခီဏာသ၀ဿ ဘာ၀ဘူတော–ဟု ဝါကျနှင့်ရှိလျှင်လည်း အထက်ပါအတိုင်း ရဟန္တာ၏သဘောဟူသော အနက်ကိုသာ ပြန်ရမည်ဖြစ်သည်။ သမာသ်တွဲလျက်ရှိရာ၌ သဘောဟူသောအနက်လည်း ပေါ်လွင်၏၊ "ဆဋ္ဌဂုံပေကွာ ဝိယခီဏာသ၀ဿေ၀ ဓမ္မဘူတော"ဟု ဖွင့်သော အနုဋီ ၂–၈၂ နှင့်လည်း လျော်၏၊ လျော်ပုံကား သံ၀ဏ္ဏေတဗ္ဗ–၌ ဘာ၀ဘူတော–ဟု ဘာ၀နှင့်ရှိခဲ့လျှင် ဓမ္မ–ဟု ဖွင့်ပြဖွယ်မရှိ၊ သဘာ၀ဟူ၍သာ ဖွင့်ပြဖွယ်ရှိပေ၏၊ စင်စစ်သော်ကား သံ၀ဏ္ဏေတဗ္ဗ၌ သဘာ၀–ဟု ရှိသောကြောင့် ၎င်းနှင့်ထပ်တူမဖြစ်စေရန် ဓမ္မ–နှင့်လဲလှယ်၍ဖွင့်သည်ဟု ယူဆသင့်၏၊ ဤသို့ သင့်လျော်ပေ၏၊ ထို့ပြင် သဘာ၀–ဟူသောပါဠိသည် သွဘာ၀–ဟူသော သက္ကတနှင့် မိတ္တူပင်ဖြစ်၍ သ–၌ ဒွေဘော် ရောက်လျက် ခီဏာသ၀ဿဘာ၀ဘူတော–ဟုရှိလေသည်၊ ထိုကြောင့် ၎င်းသဒ္ဒေဘော်ကို သ–ဝိဘတ်ဟု မယူပဲလည်း သင့်သည်သာတည်း၊ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ကား ဤအရာတွင် "ပရိနိဋ္ဌိတကိစ္စဇာနနရှိသော အရဟတ္တဖိုလ်ဉာဏ်ကို ပ၀တ္တနိမိတ်ပြု၍ အညာတာ၀ီ–သဒ္ဒါသည် တံသမ၏ဂိုဝုဂ္ဂိုလ် တံသမ္ပယုတ္တဓမ္မကို ဟော၏၊ ထိုဉာဏ်သည် အညာတာ၀ိဘာ၀ ဖြစ်၏၊ ထိုပရိနိဋ္ဌိတကိစ္စဇာနန (ဇာနနကိစ္စ?)သည် ခီဏာသ၀သဘာ၀ဖြစ်သည်ဖြစ်၍ ဖြစ်သောကြောင့် ခီဏာသ၀ဿ ဥပ္ပဒ္ဒနတော–ဟူသည်"ဟု ပြဆိုထား၏၊ ထို့ပြင် သော–ဟူသော ပဌမန္တပုဒ်, ဘူတော–ဟူသော ပဌမန္တပုဒ်တို့သည် ဟုတ္တာ–၌ စပ်ပြီးလျှင် ပဓာနပုဒ်ဖြစ်သော ဥပ္ပတ္တိတော–နှင့် စပ်ခြင်းကိုလည်း သဒ္ဒါအနေအားဖြင့် သင့်မသင့် ဆင်ခြင်ရာ၏။

မှတ်ချက်

၁–ဤကျန်ဒြိယ–ပုဒ်ပြီးပုံကို သဒ္ဒနီတိသုတ္တမာလာ နှာ ၂၃၄၊ သုတ်နံပါတ် ၇၆၃–၌ ကျန္ဒတော လိင်္ဂသိဒ္ဓ ဒေသိတဒိဋ္ဌ ဧဋ္ဌိဿရိယတ္ထေ စ။ ။ လိင်္ဂတ္ထေ သိဒ္ဓတ္ထေ ဒေသိတတ္ထေ ဒိဋ္ဌတ္ထေ ဧဋ္ဌတ္ထေ ကျဿရိယတ္ထေ စ ဝတ္တမ္ဘေ ကျန္ဒသဒ္ဒတောဏိယပစ္စ ယော ဟောတိ။ ကျန္ဒြိယာနီတိ ဧတ္ထ ဟိ ကျန္ဒေါ ဝုစ္စတိ သမ္မာသမ္ဗုဒ္ဓေါ ပရမိဿရိယဘာဝတော, ကုသလာကုသလဿ ကမ္မံ ကမ္မေသုကဿစိ ကျဿရိယာဘာဝတော၊ တသ္မာ ကမ္မသဒ္ဓနိတာနိ စက္ခာဒီနိ ကျန္ဒံ ကုသလာကုသလံ ကမ္မံ ဥပလင်္ဂေန္တိ, တေန စ သိဒ္ဓာနီတိကျန္ဒြိယာနိ၊ သဗ္ဗာနေဝ ပန ဗာဓိသတိန္ဒြိယာနိ ကျန္ဒေန ဘဂဝတာ ယထာဘူတတော ဒေသိတာနီတိ ကျန္ဒြိယာနိ၊ တထာ ကျန္ဒေန ဘဂဝတာ ဒိဋ္ဌာနီတိ ကျန္ဒြိယာနိ၊ တေနေဝ စ ကျန္ဒေန ဘဂဝတာ ကာနိစိ ဂေါစရာသေဝနာယ ကာနိစိ ဘာဝနာသေဝနာယ ဧဋ္ဌာနီတိ ကျန္ဒြိယာနိ၊ အာဓိပစ္စသခ်ါတေန ကျန္ဒြိယဌေနာပိ ကျန္ဒြိယာနိ။ အပိစ ကျန္ဒန္တိတိ ကျန္ဒြိယာနိ၊ အတြ ပနိဒမ္ပိ ဥပလက္ခဏီယံ ကျန္ဒသ ဘာဝေါ ကျန္ဒိယန္တိ ဝိဂ္ဂဟေ ကျန္ဒိယန္တိ ပဒံ သကတ္ထညေဝ ဝဒတိ၊ တဒေဝ ပဒံ ဒကာရဿ ဒြကာရေ ကတေ စက္ခာဒီနိယေဝ ဝဒတိ။ သကေ်တနိရုဏ္ဍော ဟိ သဒ္ဒေါ အတ္ထေသူတိ–ဟု ပြဆိုထားလေသည်။

မှတ်ချက်

၁–အနာကင်းခြင်း ဘေးရန်ကင်းခြင်း စျာန်အဘိညာဉ်ကိုရခြင်း စသော အသာဓာရဏာပယောဇဉ်, လူ့ချမ်းသာ နတ်ချမ်းသာ စသော အပ္ပဓာနပယောဇဉ်များ ရှိသေးသည်ကိုလည်း သိစေ၏။

မှတ်ချက်

၂–ယခုလက်ရှိ စာအုပ်တို့၌ကား အကွဲအပြားမရှိ၊ ပါဠိနှင့် အဋ္ဌကထာအဆို ညီလျက်ရှိ၏။

မှတ်ချက်

၃–ဤစကားရပ်ဖြင့် ရှေ့နောက်ပြန်၍ အနက်ယောဇနာရန်ပြသည်၊ သို့သော် ပါဠိရှိရင်းအတိုင်းလည်း အနက်ချော မောသည်သာ။

မှတ်ချက်

၁–ဟောထားသော ၂၂–ပါးထဲမှ တပါးတပါး၏သာလျှင် ကွဲပြားခြင်း မကွဲပြားခြင်းကို ဆိုလိုသည်၊ ခွဲဟောပြီးသော အပြားကိုကား မဆိုလို၊ ထိုကြောင့်ဟု ဆိုလို၏။

မှတ်ချက်

၁–အဓိကာရတ္တာ–ဟု ရှိသင့်၏၊ မူလဋီ ၂–၈၀–၌ ပဝတ္တတ္တာ–ဟု ရှိ၏၊ အနုဋီ ၂–၈၃–၌ ပကရဏတောပိ တံ ဒသေတိ "ကျန္ဒြိယကထာယ စ ပဝတ္တတ္တာ"တိ–ဟု အနုသန္ဓေစပ်လျက် ဖွင့်၏။

မှတ်ချက်

၁–ဤ၌ အာဒိ–ဖြင့် ရူပါဝစရစသော အထက်အထက် ဥပေက္ခွန်ဒြေတို့ကို ထောက်၍ ကာမာဝစရကုသိုလ်စသော အောက်အောက် ဥပေက္ခွန်ဒြေကို ယူအပ်၏။

၂–သန္တပဏီတ မဟုတ်သော ဥပေက္ခွန်ဒြေကို မဈျတ္တာကာရနုပါပနံ–နှင့်သာ စပ်ရမည်ဟု ဆိုလို၏။

မှတ်ချက်

၁–ရှေး၌ ပရိကပ္ပဝါစက ကျတိ–ပုဒ်ရှိခဲ့သည့်အလိုအားဖြင့် ဤတွင် အဖြေတရပ်–ဟု ယူသင့်၏၊ ရှေး၌ ကျတိ–မရှိ လျှင်မူကား "ဝုတ္တာနိ၊ ဟောအပ်ကုန်သည် မဟုတ်လော"–ပုစ္ဆာအနက်ပြန်၍ နောက်ဆိုလတံ့စကားရပ်နှင့် တဆက်တည်းဟု ယူအပ်၏။

မှတ်ချက်

၁–သီမူ၌ သရာဂ–အရာ၌ သံရာဂ–ဟု ရှိ၏။ အနုဋီ၌ ဝိသဘာဂဝတ္ထုသရာဂနိမိတ္တာ ဟိ–ဟု ဝါကျဧေတကနိပါတ် နှင့်တကွ ဝါကျသစ်အဖြစ်ဖြင့် ရှိ၏။ ထိုမူနှစ်ခုကိုထောက်၍ ဝိသဘာဂဝတ္ထုသံရာဂနိမိတ္တာ ဟိ–ဟူသော ပါဠိကိုသာ ပါဠိမှန် ဟု–ယူအပ်၏။

မှတ်ချက်

၁–ဝိသဝိတာယ ဗုဒ္ဓေါတိ နာနာဂုဏဝိသဝနတော ပဒုမမိဝ ဝိကသနဋ္ဌေန ဗုဒ္ဓေါ–ဤဋီကာ ပ–၂၅၀၊ ပဋိသံ ၌ ဒု–၈၅–တို့ကို မှီ၍ ပြန်အပ်သောအနက် ဖြစ်သည်။ သို့သော် ဤအရာ၌ သင့်အံ့ မထင်။

မှတ်ချက်

၁–ဝိသဝိတာယ ဗုဒ္ဓေါတိ နာနာဂုဏဝိကသနတော ပဒုမမိဝ ဝိကသနဋ္ဌေန ဗုဒ္ဓေါမဟာနိဒ္ဒေသ ၌ ၃၉၀–ကို မှီသည်။ ဤအနက်လည်း ဤအရာ၌ သင့်အံ့ မထင်။

မှတ်ချက်

၂–ဤနောက်ဆုံး အနက် ၂–ချက်သည် "ဝိဿဝိတာယာတိ အရဟတာယ။ အနေကတ္ထတ္တာ ဟိ ဓာတူနံ အရဟတ္ထော ဝိ–ပုဗ္ဗော သု–သဒ္ဒေါ။ ဝိဿဝံ ဝါ သဇနံ ဝသိတာ ကာမကာရိတာ ဝိဿဝိတာ" ဟူသော မူလဋီ ၁–၈၆–နှင့် အညီ ပြန်အပ်သော အနက်ဖြစ်သည်။ တနည်းအားဖြင့်မူ အဌသာလိနီ အဗ္ဘန္တရတိက်အဖွင့်၌ အဗ္ဘန္တရ ၄–မျိုးကို ထုတ်ပြရာတွင် မြတ်စွာဘုရားတို့၏ အရဟတ္တဖိုလ်ကို ဝိသယဗ္ဗတ္တ–ဟု ပြဆိုထား၏၊ ခီဏာသဝတို့၏ အရဟတ္တဖိုလ်သည်လည်း တစိတ်တဒေသ အားဖြင့် အစိုးရသော ဝိသယဖြစ်သင့်သောကြောင့် ထိုအဌသာလိနီ အဖွင့်မှ ယူ၍ ဤ၌ ဝိသယတာယ–ဟု ဋီကာဆရာ ရေးခဲ့သည်သော်လည်း ဖြစ်ရာ၏၊ ထိုသို့ဖြစ်လျှင် ဝိသယတာယ၊ အစိုးရသောအရာ၏ အဖြစ်ဖြင့်–ဟု အနက်ပေးရာ၏။ ဆင်ခြင်ပါကုန်။

မှတ်ချက်

၁–ဤ၌ ဝိ–မရှိသင့်၊ ဒွေဓာ–ဖြင့် ဝိ–၏အနက်ကို ပြသည်၊ ဤဋီကာ ဒု–၃၉၇–၌ ကြည့်။

မှတ်ချက်

၁–နိဗ္ဗာန်မှာသာလျှင် ဒုက္ခကင်းသည် မဟုတ်၊ ပုဂ္ဂိုလ်မှာလည်း ဒုက္ခကင်းသည်ဟူသော အနက်ကို ဇ၀–ဖြင့် ပြ၏။

မှတ်ချက်

၁–စောဒနာ၌ မဂ္ဂင်ရှစ်ပါးဟူသော ပဋိပဒါသည်ပင် ဒုက္ခနိရောဓပွတ္တိ ဖြစ်သည်ဟု ယူ၍ ထိုမဂ္ဂင်ရှစ်ပါးဟူသော ပဋိပဒါသည် ဒုက္ခနိရောဓပွတ္တိ၏အကြောင်း ပဋိပဒါဖြစ်သည်ဟု မဆိုသင့်ဟူ၍ စောဒနာ၏။ ပရိဟာရ၌ ပုဂ္ဂိုလ်၏ အဓိဂမကို ပတ္တိ–ဟု ဆိုသည်၊ မဂ္ဂင်ရှစ်ပါးဟူသော အကျင့်ကို ထိုပတ္တိဟူသောအဓိဂမ၏ ပြီးကြောင်း (၀ါ) နိရောဓသို့ရောက်ကြောင်း ပဋိပဒါဟု ဆိုသည်။ ဤသို့ကွဲပြားသောကြောင့် ထိုအဌကထာစကားသင့်သည်ဟု ဆိုလို၏။

မှတ်ချက်

၂–ဤဋီကာနှင့် အလားတူ မူလဋီကာပါဠိကို အနုဋီကာ ၂–၆၂–၌ "ပုဂ္ဂလသဒ္ဓါကိရိယာ–ဓမ္မဘာဝေဟိတိ ပုဂ္ဂလဓမ္မဘာဝေန, သဒ္ဓါကရဏဓမ္မဘာဝေန စ"ဟု ဖွင့်၏။ ထိုအဖွင့်၌ ပုဂ္ဂလဓမ္မဘာဝေန–ဖြင့် ပုဂ္ဂလသဒ္ဓါကိရိယာ–ကို ဖွင့်သည်၊ သဒ္ဓါကရဏဓမ္မဘာဝေန–ဖြင့် ဓမ္မဘာဝကို ဖွင့်သည်–ဟု ယူအပ်၏။ သို့မဟုတ် သဒ္ဓါကရဏ–သဒ္ဒါ ကြေနေသည်ဟူ၍သော်လည်း ယူအပ်၏။ ဆိုလိုသည်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် အရတရားကိုယ်အားဖြင့် မဂ္ဂင်ရှစ်ပါးတရားပင် ဖြစ်သော်လည်း ယင်းကို ပုဂ္ဂိုလ်၏မျက်မှောက်ပြုခြင်းဟု သီးခြားယူ၍ရင်း ထိုမဂ္ဂင်ရှစ်ပါးကိုပင် မျက်မှောက်ပြုကြောင်းတရားအဖြစ်ဖြင့် သီးခြားယူ၍ရင်း ခွဲခြား၍ ပြသည်ဟု ဆိုလို၏။

မှတ်ချက်

၃–ဖိုလ်သည် မဂ်ဟူသော နိရောဓပွတ္တိ၏ အဆုံးသာ ဖြစ်သည်မဟုတ်၊ မိမိကိုယ်တိုင်ကလည်း နိရောဓပွတ္တိ ဖြစ်သည်ဟု ဆိုလို၏။ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယ၌ကား ဤဋီကာပါဌ်ကို ထုတ်ပြု၍ ဤသို့အနက်ပြန်ထား၏။ "အထ ဝါ၊ ကား။ ဒုက္ခနိရောဓပွတ္တိယာ၊ ဒုက္ခနိရောဓသို့ရောက်ခြင်း၏။ ယံ နိဗ္ဗာနံ၊ အကြင်ပြီးဆုံးခြင်းသည်။ ဖလံ၊ ဖိုလ်မည်သည်။ ဟောတိ၊ ၏။ သယဉ္စ၊ မိမိဟုဆိုအပ်သော အရိယမဂ်မူကား။ ဒုက္ခနိရောဓပွတ္တိဘူတံ၊ အပြီးအဆုံးမဟုတ်သေးဘူး ဒုက္ခနိရောဓ သို့ရောက်ဆဲမျှဖြစ်၍ ဖြစ်သည်။ ဟောတိ၊ ၏။ တသာ၊ ထိုနိဗ္ဗာနဖြစ်၍ ဖြစ်သော ဖိုလ်ဟု ဆိုအပ်သော နိရောဓပွတ္တိ၏။ (ပဋိပဒ–တွင် စပ်) အဘိသမယဘူတာယ၊ ယ–ဖြစ်၍ ဖြစ်သော။ ဒုက္ခနိရောဓပွတ္တိယာ၊ ဓ–သို့ ရောက်ဆဲရောက်စဖြစ်သော အရိယမဂ်၏။ (တာ–၌ စပ်) ပဋိပဒတာ၊ ရောက်ကြောင်းအကျင့်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ ၏။"

မှတ်ချက်

၁–နိဗ္ဗာန်နှင့်မဂ်–ဟူသော တရား ၂–ပါး၌ သစ္စ–သဒ္ဒါထင်လျှင် ဧကံ ဟိ သစ္စံ–ဟု အဘယ်ကြောင့်ဟောပါ သနည်း?ဟု မေးဖွယ်ရှိ၍ တသ ပန–စသည်ကို မိန့်သည်။ တနည်းကား–ဒုက္ခနှင့်သမุဒယကို သိခြင်းလည်းရှိသေးသည် မဟုတ်လော?ဟု စောဒနာဖွယ်ရှိ၍ တသ ပန–စသည်ကို မိန့်သည်။ ထိုကြောင့် အနုဋ္ဌီ ၂–ဖ၃ ၌ "သတိပိ ဒုက္ခသမุဒယာဝ ဗောဓေယာဝဒေဝ နိရောဓမဂ္ဂါဓိဂမတ္ထာ ပညာဘာဝနာတိ ပစ္ဆိမဒ္ဒယသေဝ သစ္စတ္တံ သာတိသယံ, တဒဓိဂမသ စ အဝိဝါဒ ဟေတုတံ သုတ္တေ ဝိဘာဝိတံ ဒသေန္တော တသ ပနာတိအာဒိမာဟ"ဟု ဆိုဏ၏။ (သာတိသယံ၊ သော။ သစ္စတ္တံ စ၊ အဖြစ်ကိုဌင်း။ သုတ္တေ၊ ၌။ ဝိဘာဝိတံ၊ သော။ တဒဓိဂမသ၊ ထိုသစ္စာနှစ်ပါးကို ရခြင်း သိခြင်း၏။ အဝိဝါဒဟေတုတံ စ၊ မငြင်းခုံခြင်း ၏အကြောင်း အဖြစ်ကိုဌင်း။ ဒသေန္တော၊ ၍)။

မှတ်ချက်

၁–ဤပါဌ်နေပုံကို ထောက်လျှင် ဝိသုဒ္ဓိမဂ်၌ ဧတပရမတော–အရာတွင်လည်း ဧတ–ပရမတာယ–ဟု ရှိသင့်၏။

မှတ်ချက်

၁–ကာမတဏှာဘာဝသာမညေန–ဟူရာ၌ သီမူနှင့်အညီ ကာမံ တဏှာဘာဝသာမညေန–ဟု ရှိစေရမည်၊ ထိုသို့ရှိပါမှ ဘဝတဏှာ ဝိဘဝတဏှာတို့ကိုလည်း သိမ်းယူနိုင်မည်။

မှတ်ချက်

၂–ဤ ဂဟိတာပိ–အရာ၌ "ဂဟိတာ၊ တထာပိ"ဟုရှိလျှင် သာ၍ ကောင်းသည်၊ ထိုသို့ရှိလျှင် ကာမံ ဂဟိတာ၊ အပ်၏။ တထာပိ၊ သော်လည်း–ဟု အနက်ပေး။ ဝါကျအစ၌ ကာမံ–ပုဒ် (ဝါ) ကာမ–သဒ္ဒါ ပိုသည်သော်လည်း ဖြစ်ရာ၏။

မှတ်ချက်

၁–သဘာဝတောတိ ဒုက္ခဝေဒယိတသဘာဝတော။ နာမတောတိ တေနေဝ သဘာဝေန လဒ္ဓနာမတော။ တေန နအညေန ပရိယာယေန ဣဒံ ဒုက္ခံ နာမ၊ အထ ခေါ ဒုက္ခတ္တာယေဝါတိ သဘာဝေန နာမံ ဝိသေသေတိ။ အထ ဝါ နာမတောတိ ဥဒယဗ္ဗယဝန္တတာယ လဒ္ဓနာမတော။ ယထာ အညေ ဥဒယဗ္ဗယဝန္တော ဓမ္မာ နဝ သဘာဝတော ဒုက္ခာ၊ နဝ ဧဝံ ဣဒံ၊ အထ ခေါ သဘာဝတော ဒုက္ခဘူတမေဝေဒံ ဒုက္ခန္တိ (အထ ခေါ၊ သော်ကား။ ဣဒံ ဒုက္ခံ၊ သည်။ သဘာဝတော၊ အားဖြင့်။ ဒုက္ခဘူတမေဝ၊ ဆင်းရဲဖြစ်၍ ဖြစ်သည်သာလျှင်တည်း။ ဣတိ၊ သို့။) ပုရိမေန ဒုက္ခ–သဒ္ဒေန ပစ္ဆိမံ ဝိသေသေတိ။ မူလဋ္ဌီ ၁–ဖ၀။ ဒုက္ခတ္တာ ယေဝါတိ နိပ္ပရိယာယဒုက္ခတံ ဝဒတိ။ သဘာဝေန နာမံ ဝိသေသေတီတိ အန္ဓတ္ထသညတံ ဒဿေတိ။ ပုရိမေန သဘာဝဒုက္ခ ဝါစကေန ဒုက္ခသဒ္ဒေန။ သော ဟိ ဝိသေသနံ အဝ္ဆေဒကဘာဝတော ပစ္ဆိမံ သခ်ါရဒုက္ခဋ္ဌံ ဝိသေသေတိ။ သော ဟိ နိဝတ္တေ တဗ္ဗဂဟေတဗ္ဗသာဓာရဏတ္တာ–အဝစ္ဆိန္နိ တဗ္ဗော။ အနုဋ္ဌီ ၂–ဖ၉။

မှတ်ချက်

၂–ဝိပရိဏာမဝန္တတာယ သုခံ အနိဋ္ဌမေဝ ဟောတီတိ ဒုက္ခံ နာမ ဇာတံ။ တေနေဝါဟ "ဒုက္ခပ္ပတ္တိဟေတုတော"တိ။ မူလဋီ ၁–ဖ၀။

မှတ်ချက်

၁–ရှိရင်းပါဠိများ မသင့်သောကြောင့် ဤသို့ပြင်၍ အနက်ပြန်သည်။ ဤသို့ပြင်သင့်ကြောင်းမှာ–ဋီကာပြုပုံ အစဉ်တွင် အကောင်းဆုံးဖြစ်သော ရတနာအစုကို ရှေးဦးစွာပြ၏၊ ထိုနောင် ပြာသာဒ်ပေါ်၌ရှိသင့်သော သယနကို ပြ၏။ ထိုနောင် ပါသာဒတလကို ပြ၏၊ ထိုနောင် ပါသာဒ၏ ဥပစာကို ပြ၏၊ ဤသို့ပြသည့်အစဉ်ကို ထောက်လျှင် ပါသာဒ၌ရှိသော ဥစ္စာသယန မဟာသယနကို ဆိုလိုကြောင်း သိရ၏၊ ၎င်းမှာလည်း ပါဠိအဋ္ဌကထာတို့၌လာသော အာသန္ဒီစသော သယနတို့သာလျှင် ဖြစ်သင့်၏၊ မည်သည့်ကျမ်း၌မျှမရှိသော အဏ္ဏဇ–စသည်ဖြင့် ပြအပ်သော သယနကား မဖြစ်သင့်။ ထိုကြောင့် အထက်ပါအတိုင်းပြင်၍ အနက်ပြန်သည်။ ထိုတွင် အာသန္ဒီ ပလ္လင်္ကတို့ဖြင့် ဥစ္စာသယနကို ပြ၍ ဂေါနကစသည်ဖြင့် မဟာသယနကို ပြသည်ဟု ယူအပ်၏။ ပါဠိရှိရင်းအတိုင်း သင့်အောင် ကြံလိုလျှင်ကား–အဏ္ဏဇ–ဖြင့် ငှက်မွေးကိုဝင်း, မဏ္ဍဇ–ဖြင့် သိုးမွေးကိုဝင်း, ဝါယ–ဖြင့် ယက်သည် ဖြန့်ခင်းသည်ကိုဝင်း, ဇာတိ–ဖြင့် အမျိုးအစားကိုဝင်းယူ၍ "အဏ္ဏဇ မဏ္ဍဇ ဝါယ ဇာတိကေ။ ငှက်မွေး သိုးမွေးတို့ဖြင့် ယက်အပ် ဖြန့်ခင်းအပ်သော အခင်းမျိုးရှိသော"ဟု အနက်ပေးရာ၏။ သို့သော် ၎င်းမှာ လောကာ၌လည်း သုံးစွဲရိုးမရှိ၊ ပါဠိအဋ္ဌကထာတို့၌လည်း မလာ၊ ဂုဏ်လည်းမမြောက်သောကြောင့် မသင့်သည်သာတည်း။ ထို့ကြောင့် ယင်းပါဠိကို ပါဠိပျက်ဟူ၍သာ ယူသင့်၏။

မှတ်ချက်

၁–ဤ၌ ကုဋ္ဌိမ–၏ အနက်မှာ ကုဋ္ဌ–ဓာတ်၏ ဆေဒန–အနက်အားလျော်စွာ ကြဲ၍ပြန်အပ်သော အနက်မျှဖြစ်သည်၊ ၎င်းပါဠိနှင့်တကွ အနက်ကို စိစစ်သင့်သေး၏။

မှတ်ချက်

၂–သမောတလေ–ကား သြ–ဖြစ်ရန် အကြောင်းမရှိသောကြောင့် မသင့်။ မြန်မာမူဟောင်းနှင့် သီမူတို့အရ သမောတတေ အရာ၌ သမောတ္တတေ–ဟု ပါဠိရင်းဖြစ်သင့်၏၊ သို့ဖြစ်လျှင် "ဟရိတကမ္မလသဒိသမုဒုသဒ္ဒလ သမောတ္တတေ၊ အစိမ်းရောင်သကလပ်(ကတ္တီပါ)နှင့်တူသော နူးညံ့စိမ်းစိုသောမြက်တို့ဖြင့် အညီအညွှတ် ဖုံးလွှမ်းအပ်သော"ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–သီမူ၌ အဓောစိပုကံ–ဟု ရှိ၏၊ အမရကောသအဘိဓာန်၌ မေးစိဟော စိဗုက–သဒ္ဒါရှိ၏။ ထိုကြောင့် ဤအရာ၌ အဓောစိဗုကံ–ဟု ရှိလျှင် ယုတ္တာတရ ဖြစ်ရာ၏၊ အဓောစိဗုကံ–မေးစိ၏အောက်၌–ဟု အနက်ပေးရာ၏။ ပါဠိအဘိဓာန်၌ မေးစိဟော စုဗုကံ–ဟု ရှိ၏။ ထိုအလိုအားဖြင့် အဓောစုဗုကံ–ဟု ရှိသင့်၏။

မှတ်ချက်

၁–ဤ၌ ဒုတိယအနက်အလိုအားဖြင့် ဟိ သာအနက်ရှိသော ကရ–ဓာတ်ဖြင့် ပြီးသည်ဟု ယူအပ်၏၊ ကံကြမ္မာဟော ကမ္မကာရဏာ–ဟူသော ပုဒ်ကဲ့သို့ ခါရာဝသေစနကာရဏာ–ဟု ထီလိုင်နှင့်လည်း သင့်၏။

မှတ်ချက်

၂–ဤ၌တတိယအာဝဋ္ဋ–သုံးခုမြောက်အရပ်ဟူသော ဝေါဟာရကို ဘာဝပွကာသဆေးကျမ်း ပဗ္ဗခဏ္ဍ, ဒုတိယပွကရဏ ၃၂–၃၃–တို့၌ အောက်ပါအတိုင်းတွေ့ရ၏။

ဝံ ခနာဘျာကြိတိ (ဟု အသံထွက်ဖတ်ပါ၊) ယောနိ, ဩျာဝတ္တာ သာ စ ကီတ္တိတာ။
တသျာသ် ကြိတီယေ(ဟု အသံထွက်ဖတ်ပါ) တွာဝတ္တေ၊ ဂဘဂယျာ ပြတိဋ္ဌိတာ။

ယထာ ရောဟိတမတ္ကသ္ယ၊ မုခ ဘဝတိ ရူပတား။
တတံသ္ဌာနံ တထာရူပါ ̊ ၊ ဂဘဂယ္ကာ ̊ ဝိဒုဗုဓား။

ဎင်းသက္ကတဂါထာတို့ကို ပါဠိပြန်လျှင် အောက်ပါအတိုင်း ဖြစ်သင့်၏။

သခ်ံနာဘျာကာရာ ယောနိ၊ တျာဝဠ္ဠာ သာ စ ကိတ္တိတာ။
တသာ တတိယေ တွာ'ဝ'ဠ္ဠေ၊ ဂဗ္ဘာသယော ပတိဋ္ဌိတော။
ယထာ ရောဟိတမစ္ဆသ၊ မုခံ ဘဝတိ ရူပတော။
တံသဏ္ဌာနံ တထာရူပံ၊ ဂဗ္ဘာသယံ ဝိဒူ ဗုဓာ။

အထက်ပါဂါထာတို့ဖြင့် သန္ဓေတည်ရာမွေးဖွားရာဖြစ်သော ယောနိမှာ ခရုသင်းကဲ့သို့အရစ်သုံးခုရှိကြောင်း၊ ထိုတွင် တတိယအရစ်ဖြစ်သော အတွင်းအကျဆုံး အရပ်သည် ဂဗ္ဘာသယဟုခေါ်သော သန္ဓေတည်ရာအရပ်ဖြစ်ကြောင်း၊ ဎင်းယောနိ၏ ပုံသဏ္ဌာန်မှာလည်း ငါးကြင်း၏ ခံတွင်းကဲ့သို့ အဝကျဉ်း၍ (တတိယအာဝဠ္ဠဟုခေါ်သော) အတွင်းဖက်အရပ်မှာ ကျယ်ကြောင်းတို့ကို ပြဆို၏။ ထိုအဆိုမှ တတိယေ အာဝဠ္ဠေ–ဟူသော စကားကိုယူ၍ အထက်ပါ တတိယ အာဝဠ္ဠ–ဟူသောပါဌ်ကို ဋီကာဆရာ ဖော်ပြခဲ့သည်ဖြစ်ရာ၏။ ဤသို့ရှာရှာဖွေဖွေ တိတိကျကျ ထုတ်ပြရခြင်းမှာ ထိုဋီကာပါဌ်၏ အနက်၌ ယုံမှားသံသယ ကင်းစေရန် အလို့ငှါ ဖြစ်ပါသည်။ ဤအရာ၌ (ဆိုရေးရှိက ဆိုသင့်စွ–ဟူသော) ပရိဘာသာစကားကို သတိမူပါကုန်။

မှတ်ချက်

၁–အပါယဒုက္ခနှင့် ဂဗ္ဘောက္ကန္တိမူလက စသော ဒုက္ခတို့ကိုဆိုသည်၊ ထိုတွင် အတ္တူပက္ကမနှင့် ပရူပက္ကမတို့ကို ဥပက္ကမ မူလကအဖြစ်ဖြင့် တူသောကြောင့် တပါးတည်းဟု ပေါင်း၍ယူအပ်၏။

မှတ်ချက်

၁–ဘာဝ–ကို ရှိခြင်းဟု အနက်ပေးစေလိုဟန်ရှိ၏၊ မူလဋီကာအလိုအားဖြင့် အနတ္တ–ဘာဝ–အရ အကျိုးမဲ့၏အဖြစ်ဖြင့်ဟူသော အနက်လည်း သင့်၏။

မှတ်ချက်

၁–သီလအနက်ရှိသော ဏိက–ပစ္စည်းမှ ဣက–သည် ကရဏ–ဟူသောကြိယာကိုပါ ဟောသောကြောင့် ယင်းကရဏ–ပုဒ်ကို မပြဘဲ ပြီးသည်–ဟု သိစေ၏။ ထိုကြောင့် မူလဋီကာ ၂–ဖြ–၌ အထ ဝါ သီလဠေန ဣက–သဒ္ဒေန ဂမိယတ္ထတ္တာ ကိရိယာဝါစကဿ သဒ္ဒဿ အဒဿနံ ဒဋ္ဌဗ္ဗံ ယထာ "အပူပဘက္ခနသီလော အာပူပိကော"တိ–ဟု မိန့်ဆို၏။

မှတ်ချက်

၂–ပုနဗ္ဘဝ+ဏိက+အာ=ပေါနောဘဝိကာ–ဟု ပြီးရာတွင် နဿ–မှ အ–ကို သြ–ပြု၍ရင်း သံယုတ် ဗ–ကို ခြေ၍ရင်း ရုပ်ပြီးပုံအထူးကို မှတ်အပ်၏၊ ထိုတွင် သြ–ပြုသည်ကို မနောသမ္ဘဿ–ပုဒ်၌ မနသ်–ဟူသောသက္ကတမှ အသ်–ဘာဂကဲ့သို့ မန–မှ အ–ကို သြ–ပြုခြင်းနှင့် တူသည်ဟု သိအပ်၏။ ထိုကြောင့် မူလဋီ ၂–ဖြ–၌ မနောသမ္ဘဿောတိ ဇတ္ထ မနော ဝိယ စ ပုရိမပဒဿ သြကာရန္တတာ ဒဋ္ဌဗ္ဗာ–ဟု မိန့်ဆို၏။ ပုနဗ္ဘဝ–၌ အသဒိသဒ္ဒေဘော်ရောက်ခြင်း၏ အကြောင်းမှာ ပုနရ်–ဟူသော သက္ကတပုဒ်မှ အန္တ–ရ် အတွက် ဖြည့်စွက်ခြင်းဖြစ်သည်၊ ယခု ပေါနော–၌ အရ်–အတွက် သြ–ပြုထားသောကြောင့် ထိုဒွေဘာဝ ဌာန မရှိတော့ပြီ။ ထိုကြောင့် သံယုတ် ဗ–လည်း ကြေပျောက်လေသည်ဟု မှတ်အပ်၏။ အဘိဌ ၂–၁၀၄–၌ ကမ္မသဟဇာတ တဏှာကိုရည်၍ ပုနဗ္ဘဝံ ဒေတိ–ဟူ၍ရင်း, ကမ္မသဟာယတဏှာကို ရည်၍ ပုနဗ္ဘဝါယ သံဝတ္တတိ–ဟူ၍ရင်း, ထိုနှစ်မျိုးလုံးကို ရည်၍ ပုနပ္ပုနံ ဘဝေ နိဗ္ဗတ္တေတိ–ဟူ၍ရင်း ဝစနတ္ထတို့ကို ပြဆိုကြောင်း ဎင်းမူလဋီကာ၌ပင် ဆို၏။

မှတ်ချက်

၁–ဤအရာ၌ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယတွင် ဤသို့ဆုံးဖြတ်ထားလေသည်။ ။ နန္ဒနဒ္ဒေန နန္ဒီ၊ နန္ဒနဒ္ဒေန၊ စုံမက်တတ် နှစ်သက်တတ်သော အနက်ကြောင့်။ နန္ဒီ၊ မည်၏။ ရဠနဒ္ဒေနရာဂေါ၊ ရဠနဒ္ဒေန၊ ဆိုးရည်စွန်းသော အဝတ်ကဲ့သို့ တပ်စွန်းတတ်သော အနက်ကြောင့်။ ရာဂေါ၊ မည်၏။ ယော စ နန္ဒီရာဂေါ၊ အကြင်စုံမက်နှစ်သက်တတ် တပ်စွန်းတတ်သော လောဘသည်ငင်း။ ယာ စ တဏှာ၊ အကြင်အာရုံကိုတောင့်တတတ်၍ တဏှာမည်သော လောဘသည်ငင်း။ အတ္ထိ၊ ရှိ၏။ ဧတံ ဥဘယံ၊ ဤနန္ဒီရာဂမည်သော လောဘ, တဏှာမည်သော လောဘဓမ္မ နှစ်ပါးအပေါင်းသည်။ ဧကတ္ထံ အတ္ထတော ဧကံ၊ အနက်သရုပ်တရားကိုယ်အားဖြင့် တူကြ၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ထူး၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တဏှာ၊ တဏှာမည်သောလောဘကို။ နန္ဒီရာဂေန သဒ္ဓိံ အတ္ထတော ဧကတ္တံဂတာတိ၊ ဟူ၍။ အာစရိယေန၊ သည်။ ဝုတ္တာ၊ အပ်၏။ ဤသို့ဖွင့်သော သမ္မောဟ မူလဋီကာ ၆၉–ကိုရှု၍ သဟဂတ–ကို တဗ္ဗောဟူ၍ ဤ၌မဆိုသင့်။ ။ သတလိင်္ဂသ အတ္ထသ၊ သတလက္ခဏာဓာရိနော။ ဧကင်္ဂဒသီ ဒုမ္မေဓော၊ သတဒသီဝ ပဏ္ဍိတော–ဟူသော ဂါထာနှင့်အညီ တခုသောအနက်၏ သကတ်ပဝတ္တနိမိတ် များသည်ဖြစ်၍ လောဘဟူသော အနက်တရားကိုယ်တခုတည်းဖြစ်သော်လည်း တဏှာ စ တသိဏာ ဧဏာ၊ ဧာလိနီ စ ဝိသတ္တိကာ။ ဆန္ဒော ဧဠာ နိကန္တာသာ၊ သိဒ္ဓိနီ ဘဝေနတ္တိ စ။ ။ အဘိဏ္ဍာ ဝနထော ဝါနံ၊ လောဘော ရာဂေါ စ အာလယော။ ပိဟာ မနောရထော ဣစ္ဆာ၊ ဘိလာသော ကာမဒေါဟဠာ။ ။ ဤသို့စသည်ဖြင့် ပြအပ်သောအမည်ပညတ် များပြားသည်ဖြစ်၍ နန္ဒီရာဂဟူ၍ဆိုအပ်သော လောဘနှင့်, တဏှာဟူ၍ ဆိုအပ်သော လောဘသည် အနက် သရုပ်တရားကိုယ် အားဖြင့် မကွဲမပြားတူသည်၏အဖြစ်သို့ ရောက်သည်ဟု သိစိမ့်သောငါ သဗ္ဗညုဘုရားသည် "ယာယံ တဏှာပေါနောဘ္ဘဝိကာ နန္ဒီရာဂသဟဂတာ"ဟု ဟောတော်မူသည် ဟူလိုသော်။ ။ ဤဋီကာ၌ကား တဗ္ဗာဝတ္ထော ဟိ ဧသ သဟဂတသဒ္ဒေါ–ဟူ၏။ တဗ္ဗာဝတ္ထလက္ခဏာ မထင် ဆင်ခြင်။ ။ ဤ၌ တဗ္ဗောဟူ၍ မဆိုသင့်သော် အဘယ်၌ဆိုသင့်သနည်း? ။ ယာယံ တဏှာ ပေါနောဘ္ဘဝိကာ နန္ဒီရာဂသဟဂတာတိ တဗ္ဗာဝေ ဝေဒိတဗ္ဗော၊ နန္ဒီရာဂဘူတာတိ အတ္ထော–ဟု ပဌမကုသိုလ်စိတ်အဖွင့် အဋ္ဌသာလိနီ (၁၁၁) သဟဂတ–သဒ္ဒါ၏ အတ္ထုဒ္ဓါရဏ် ဆိုသင့်သည်။ ။ ပုဒ်အနက် အထူးမရှိ တဗ္ဗော၊ ပစ္စည်းအနက် အထူးမရှိ သွတ္ထ –ဟု သဒ္ဒဝိဒူတို့ဆိုစကြသည်။ တဗ္ဗောဟူသည်လည်း "တသ ဘာဝေါ အတ္ထော တဗ္ဗာဝေါ။ တသ၊ ထိုရှေးပုဒ်၏။ ဘာဝေါ အတ္ထော၊ အနက်တည်း။ တဗ္ဗာဝေါ၊ အနက်။ တဗ္ဗာဝေ၊ ထိုရှေးပုဒ်အနက်၌။ နန္ဒီရာဂဟူသော ရှေးပုဒ်၏ အနက်၌ပင်လျှင် သဟဂတ–သဒ္ဒါ ဖြစ်သည်၊ အနက်အသီးအခြားမရှိ"ဟူလို။ ။ တနည်း သော ဧဝ ဘာဝေါ တဗ္ဗာဝေါ။ သော ဧဝ၊ ထိုနန္ဒီရာဂ –ဟူသော ပုဒ်၏ အနက်သည်ပင်လျှင်။ ဘာဝေါ၊ သဟဂတ–ဟူသောပုဒ်၏အနက်တည်း။ တဗ္ဗာဝေါ၊ အနက်။ တဗ္ဗာဝေ၊ ထိုနန္ဒီရာဂ–ဟူသောပုဒ်၏ အနက်ဖြစ်သော လောဘဟူသောပဒတ္ထ၌။ ဝေဒိတဗ္ဗော၊ ၏။ ဂူထဂတမုတ္တဂတ–၌ ဂူထ–သဒ္ဒါ မုတ္တ–သဒ္ဒါသည် ဟောအပ်သော ကျင်ကြီးကျင်ငယ်ဟူသော အနက်၌ပင်လျှင် ဂတ–သဒ္ဒါဖြစ်၍ ဂတ–သဒ္ဒါ၏အနက် အသီးအခြား မရသကဲ့သို့ပင်ဟူလို။ ထိုကြောင့် နန္ဒီရာဂဘူတာတိ အတ္ထော–ဟု မိန့်သော်။ ။ စုံမက်နှစ်သက်တတ် တပ်စွန်း တတ်သော တရားဖြစ်၍ဖြစ်၏–ဟူလို။ ဤကား နောမတိဖြစ်သော အဆုံးအဖြတ်တည်း၊ အဋ္ဌသာလိနီမူလဋီကာ ၆၈–၌ကား တတြ တတြာဘိနန္ဒနတော နန္ဒီ၊ နန္ဒီဘူတော ရာဂေါ နန္ဒီရာဂေါ၊ နန္ဒီရာဂဘာဝေန သဟဂတာတိ နန္ဒီရာဂသဟဂတာတိ နဇ္ဇတ္ထ သမ္မယောဂဝသေန သဟဂတဘာဝေါ အတ္ထိတိ သဟဂတသဒ္ဒေါ တဏှာယ နန္ဒီရာဂဘာဝံ ဇောတေတိ၊ နန္ဒီရာဂဘူတာတိ စသအတ္ထော။ ။ တတြ တတြ၊ ထိုထိုဘဝထိုထိုအာရုံ၌။ အဘိနန္ဒနတော၊ ရှေ့ရှုစုံမက်နှစ်သက်တတ်သည်၏အဖြစ်ကြောင့်။ နန္ဒီ၊ မည်၏။ နန္ဒီဘူတော၊ စုံမက်နှစ်သက်တတ်သည်ဖြစ်၍ ဖြစ်သော။ ရာဂေါ၊ တပ်စွန်းတတ်သောသဘောတရားသည်။ နန္ဒီ ရာဂေါ၊ မည်၏။ နန္ဒီရာဂဘာဝေန၊ စုံမက်နှစ်သက်တတ် တပ်စွန်းတတ်သောတရား၏ အဖြစ်ဟူသော သကတ် ပဝတ္တနိမိတ် နှင့်။ သဟဂတာ၊ တကွဖြစ်သည်တည်း။ ဣတိ–တသ္မာ၊ ကြောင့်။ နန္ဒီရာဂသဟဂတာ၊ မည်၏။ ဣတိ–တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤနန္ဒီရာဂသဟဂတာ–ဟူသောပုဒ်၌။ သမ္မယောဂဝသေန၊ ဖြင့်။ သဟဂတဘာဝေါ၊ သဟဂတအဖြစ်သည်။ နေ အတ္ထိ၊ မရှိ။ ဣတိ–တသ္မာ၊ ထိုသို့သမ္မယုတ်အားဖြင့် သဟဂတအဖြစ်မရှိသည်၏အဖြစ်ကြောင့်။ သဟဂတသဒ္ဒေါ၊ သည်။ တဏှာယ၊ ၏။ နန္ဒီရာဂဘာဝံ၊ နန္ဒီရာဂအဖြစ်ကို။ ဇောတေတိ၊ ထွန်းတတ်၏။ စ၊ ဆက်ဦးအံ့။ အသ၊ ထိုနန္ဒီရာဂသဟတာ–ဟူသော ပုဒ်၏။ နန္ဒီရာဂဘူတာ၊ နန္ဒီရာဂအဖြစ်နှင့်တကွဖြစ်၍ဖြစ်၏။ ဣတိ အတ္ထော၊ ဤကားအနက်။ ၎င်း၏အနက်။ ။ ဤဋီကာ အလိုသော် တသ ဘာဝေါ တဗ္ဗာဝေါ။ တသ၊ ထိုနန္ဒီရာဂ၏။ ဘာဝေါ၊ အဖြစ်ဟူသော သကတ်ပဝတ္တနိမိတ်တည်း။ တဗ္ဗာ ဝေါ၊ ထိုနန္ဒီရာဂ၏ အဖြစ်ဟူသော သကတ် ပဝတ္တနိမိတ်။ တဗ္ဗာဝေ၊ ၌။ ဝေဒိတဗ္ဗော၊ ၏။ ဤသို့ဘာဝ–၏ သကတ် ပဝတ္ထ နိမိတ်ဘော ဟော–ဟူလိုသည်။ ငါတို့အလိုကား ဘာဝေါ ပဒတ္ထော သတ္တာယ၊ မဓိပ္ပါယကြိယာသု စ။ သဘာဝသ္မိံ စ လိလာယံ၊ ပုရိသိတ္ထိန္ဒြိယေသု စ–ဟူ၍ မိန့်ရကား အာသယာသယီဘာဝေါ–၌ကဲ့သို့ပဒတ္ထဖြစ်သည်–ဟူလိုသည်။ ဘာဝေါ, အတ္ထော, အဘိ ဓေယ္ယော, ဝစနီယော ဝါစ္ဆတို့ကား ပရိယာယ်တည်း။ ။အတ္ထနောမတိ ကိဠာပိ၊ ကထိတာ သဗ္ဗဒုဗ္ဗလာ။ တထာပိ နယမာဒါယ၊ ကထိတတ္ထာ အကောပိယာ။ ။ အာကာရေန မနာပေန၊ ကထနေ ယေန ကေနစိ။ နဝိရဏ္ဏတိ စေ အတ္ထော၊ တံ ပမာဏံ သုမီ မတံ။ ။ အဓိပ္ပါယော သုဒုဗ္ဗုဓော၊ ယသ္မာ ဝိဇ္ဇတိ ပါဠိယံ၊ တသ္မာ ဥပဠ္ဠဟံ ဂဏ္ဍော၊ ဂရုံ ဂရုမတံ ဝိဒူ။ ။ ဤကား ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ ပြဆိုထားသော အဆုံးအဖြတ်ဖြစ်သည်။

မှတ်ချက်

၁–သီမူအလိုအားဖြင့် ကာမဘဝဝိဘဝသာဒဝသေန၊ ကာမကိုသာယာခြင်း, ဘဝကို သာယာခြင်း, ဘဝပြတ်ကင်းခြင်းကို သာယာခြင်းတို့၏ အစွမ်းအားဖြင့်–ဟု အနက်ပေး။ သင့်ပေ၏။

မှတ်ချက်

၁–ဘသ+အန္တ–ဖြင့် ပြီးသည်၊ ဘသန္တာ–ဟူသော သီမူသည် သက္ကတနှင့် ညီ၏၊ သို့သော် သီမူ ဓမ္မပဒအဋ္ဌကထာ ယောသကအတ္ထုပ္ပတ္တိ၌လည်း ဘုသိတ္တာ–ဟု ဥ–နှင့်ပင်ရှိသောကြောင့် ပါဠိ၌ ဥ–နှင့်ရှိသော ဘုသန္တာ–လည်း အသင့်ပင်ဟု မှတ်အပ်၏။

မှတ်ချက်

၁–ဓမ္မိအသိဒ္ဓိ–ဟူသောပုဒ်၌ ဓမ္မီဟူသော ဝေါဟာရသည် ဝိသေသိကကျမ်း ရှာယကျမ်းတက္ကကျမ်းတို့၌ သုံးသော ဝေါဟာရဖြစ်သည်၊ ယင်းကျမ်းတို့၌ သိစေလိုအပ်သောလက္ခဏာ, ဂုဏ်, အရာဝတ္ထု, အနက်သဘောတစုံတခုကို ဓမ္မ–ဟုခေါ်၍ ထိုနှင့်စပ်ဆိုင်သော (ဝါ) ထိုဓမ္မ၏ တည်ရာဖြစ်သော ဒြဗ်အနက်ကို ဓမ္မီ–ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိ၏။ ဥပမာ–တောင်မှာ မီးရှိသည်–ဟုဆိုလျှင် မီးကို ဓမ္မ, တောင်ကို ဓမ္မီ–ဟု ခေါ်ဝေါ်၏၊ ကောင်းကင်ပန်းသည် မွှေး၏–ဟု ဆိုလျှင် မွှေးခြင်းဂုဏ်ကို ဓမ္မ, ပန်းကို ဓမ္မီ–ဟု ခေါ်ဝေါ်၏၊ ယုန်ချိုသည် ထက်၏ဟု ဆိုလျှင် ထက်ခြင်းဂုဏ်ကို ဓမ္မ, ယုန်ချိုကို ဓမ္မီ–ဟု ခေါ်ဝေါ်၏၊ ထိုအတူပင် နိဗ္ဗာန်သည် မရှိ–ဟု ဆိုသော ဤအရာ၌လည်း သိစေလိုရင်းဖြစ်သော မရှိခြင်းဂုဏ်ကို ဓမ္မ–ဟု ယူ၍ ထိုနှင့်စပ်ဆိုင်သော နိဗ္ဗာန်ကို ဓမ္မီ–ဟု ဆိုထားသည်၊ ထိုကြောင့် ဤဋီကာ ဒု ၂၁၀–၌လည်း အဏုအာဒီနံ အသိဒ္ဓတ္တာတိ ဧတေန "နိစ္စာ အဏုအာဒယောတိ ပဋ္ဌာယ ဓမ္မိအသိဒ္ဓိ၊ တတော စ နိဿယာသိဒ္ဓေါ ဟောတူ"တိ ဒဿေတိ–ဟု မိန့်ဆိုထားပြန်လေသည်၊ ထိုပါဠိ၌လည်း နိစ္စဘာဝဂုဏ်ကို ဓမ္မ ဟူ၍ရင်း ယင်းဂုဏ်နှင့်စပ်သော အဏု စသည်ကို ဓမ္မီ ဟူ၍ရင်း အဏု စသည်တို့ကို နိစ္စ–ဟု ဆိုသော ပရဝါဒီတို့၏ ပဋ္ဌာန–ဝန်ခံတင်ပြချက်၌ ဓမ္မီ မည်သော အဏုစသည်တို့သည် မပြီးစီးကုန်, ပရမတ္ထအားဖြင့် ထင်ရှား မရှိကုန်ဟူ၍ရင်း ထိုသို့ မပြီးစီးခြင်း–ထင်ရှားမရှိခြင်းကြောင့်ပင်လျှင် ပရဝါဒီတို့၏ ဥပါဒါဒိနံ အဘာဝတော–ဟူသော ဟိတ်သည်လည်း ဓမ္မီမည်သော အဏုစသော နိဿယအလိုအားဖြင့် မပြီးစီးဟူ၍ရင်း"ဆိုလိုပေသည်၊ ထိုအဆိုနှင့် နီးနှောရ၍ ဤ၌ အနက်ပြန်ဆိုထားသည်။

ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ကား ဤဋီကာပါဠိကို ဤသို့ မြန်မာပြန်၍ ပြထား၏။ "ဤစောဒနာ၌ နတ္ထေ၀ နိဗ္ဗာနံ–သည် သာမညပဋ္ဌာဉ် ဖြစ်အံ့၊ မိမိစောဒကသည် လိုအပ်သော ခယမတ္တ စသော နိဗ္ဗာန်၏လည်း အဘာ၀သည် ရောက်ခဲ့၏၊ ယင်းသို့ရောက်သော် ပဋ္ဌာန၀ိရောဓ ဖြစ်ရာ၏။ ထိုသို့မဟုတ်, သူတပါးတို့သည် လိုအပ်သော နိဗ္ဗာန်ကို စွဲ၍ ပဋ္ဌာဉ်ဖြစ်အံ့၊ ဤသို့ဖြစ်သော် အကြောင်း မထင်ရှားခဲ့၊ ထိုသို့အကြောင်း မရကောင်းသည်၏ အဖြစ်ကြောင့် စောဒနာ၏ အမှီသည် မပြီး။"

မှတ်ချက်

၁–ပရဝါဒီက မိမိ၏ မျက်စိ နား စသော ဣန္ဒြေတို့ဖြင့် ကိုယ်တိုင်မတွေ့ရသောကြောင့်–ဟုဆိုခဲ့လျှင် ထိုအကြောင်းသည် ဧကန်အကြောင်းမဟုတ်–ဟု ဆိုလို၏။

မှတ်ချက်

၂–မိမိ၏ အနုမာနဖြင့် မသိရသောကြောင့်ဟု ဆိုခဲ့လျှင် ထိုအကြောင့်သည်လည်း ပစ္စက္ခ, အနုမာနတို့ဖြင့် သိသော သူတပါးကို ထောက်၍ လုံလောက်သောအကြောင်းမဟုတ်–ဟု ဆိုလို၏။

မှတ်ချက်

၁–အ၀တ္တမာနတ္တ–နှင့် နိရတ္ထကဘာ၀ါ၀တ္ထု–တို့ဖြင့် တခုတည်းသော ပဓာနအနက်ကိုသာ ယူသင့်သောကြောင့် မြန်မာမူဟောင်းသာ သင့်သည်။

မှတ်ချက်

၁–ဝိနိမုတ္တသခ်ါရသာတိ၊ ကား။ သမုဏ္ဍေဒပဋ္ဌိပ္ပသဒ္ဓါဝိမုတ္တိဟိ၊ သမုဏ္ဍေဒဝိမုတ္တိ ပဋ္ဌိပ္ပသဒ္ဓါဝိမုတ္တိတို့ဖြင့်။ သမုခေန စ၊ သခ်ါရဟူသော မိမိကိုမျက်နှာပြုသဖြင့်ဝင်း။ (သခ်ါရအာရုံကို စွန့်လွှတ်ခြင်း, သခ်ါရအာရုံမှ လွတ်မြောက်ခြင်းအလိုအားဖြင့်ဝင်း–ဟု ဆိုလို၏) တပွဋ္ဌိဗဒ္ဓဆန္ဒရာဂပွဟာနေန စ၊ ထိုသခ်ါရတို့နှင့်စပ်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်ဝင်း။ သုဋ္ဌု၊ စွာ။ ဝိနိမုတ္တသခ်ါရသ၊ ရှိသောရဟန္တာ၏၊ ဝါ၊ လွတ်မြောက်ပြီးသော ရဟန္တာ၏။ ပရမသာသဘာဝေန စ၊ ဖြင့်ဝင်း။ ဂတိဘာဝေန စ၊ ဖြင့်ဝင်း။ ပတိဋ္ဌာနဘူတေ၊ သော။ (မူလဋီ၏အဖွင့် အနုဋီ ၂–၄ဖ–အနက်။)

မှတ်ချက်

၁–ဤလက်သည်းကွင်း အတွင်းရှိပါဠိမှာ သီမူဟောင်းဌမရှိ၊ ဝင်းမှာ အပိုပင်ဖြစ်သည်၊ ဝင်းပါဠိနှင့်တကွဆိုလျှင် အဆက်အစပ် ပြတ်သွားဏ်။

မှတ်ချက်

၁–အနုပ္ပတ္တိနိရောဓကို ခယဟု ဆိုသင့်ပါမည်လော၊ ဝါ၊ ခယ–ဟု အဘယ်ကြောင့်ဆိုပါသနည်း?ဟု မေးဖွယ်ရှိ၍ အယဉ္စိ–စသည်ကို မိန့်သည်။

မှတ်ချက်

၁–ဥပနိဿယတ္တာ–ဟူ၍သာ မဆိုမူ၍ အဘယ်ကြောင့် ပရိယာယေန–ဟူ၍လည်း ဆိုအပ်ပါသနည်း?ဟု မေးဖွယ်ရှိ၍ အနိပ္ဖန္နတ္တာ ပန–စသည်ကို မိန့်သည်။

မှတ်ချက်

၁–ဤဝါကျသည် ဟေတုလက္ခဏသ အနုပပတ္တိတော–ဟူသော ပါဠိ၏ အဖွင့်ဖြစ်သည်၊ တေ နိစ္စာ–ပါဠိ၏ ရှေးဌ ရှိခဲ့သော နိဗ္ဗာနသ နိစ္စတ္တာ–ဟူသော ပါဠိ၏အဖွင့်ကား မဖြစ်သင့်။ ထိုကြောင့် နိဗ္ဗာနသ နိစ္စတ္တာ–ဟူသော ဤနှစ်ပုဒ်ကို စာလုံးမည်းနှင့်မဟုတ်ပဲ ရိုးရိုးစာလုံးနှင့်သာ စီသင့်၏။

မှတ်ချက်

၂–မြန်မာမူ၌ တိ–ပိုနေသည်။ သီမူ၌ကား အပက္ခမမ္ဘတ္တာ–ဟု ပါဠိရှိ၏၊ ထိုအလိုအားဖြင့် "အပက္ခမမ္ဘတ္တာ၊ ပက္ခမမ္ဘတာမဟုတ်သောကြောင့်၊ ဝါ၊ ပက္ခ၏ ဗျာပျဟူသော ခမ္ဘမဟုတ်သည်၏အဖြစ်ကြောင့်၊ ဝါ၊ ပက္ခ၌ ပျံ့နှံ့လျက်ရှိသော (ဟေတု) ခမ္ဘမဟုတ်သည်၏အဖြစ်ကြောင့်"ဟု အနက်ပြန်ပြီးလျှင် ချာယဝါဒီတို့၏အတွေးအခေါ် နည်းစံနစ်အရ ပက္ခခမ္ဘတာ မဖြစ်ကြောင်းကို ပြသည်ဟု ယူအပ်၏။ မှန်ပေ၏၊ ဤမဟာဋီကာစကားရပ်တို့၌ ချာယဝါဒီတို့၏ အသုံးအနှုန်းဖြစ်သော "ပဋ္ဌိညာ, ပဋ္ဌိညာဝိရောဓ, ခမ္ဘီအသိဒ္ဓိ, (အာသယာသိဒ္ဓ၏ ပရိယာယ်) နိဿယာသိဒ္ဓ"ဟူသော ဝေါဟာရတို့ကိုလည်း တွေ့ရသောကြောင့် ယင်းတို့ကဲ့သို့ပင် ပက္ခခမ္ဘတာ–ဟူသော ချာယဝါဒီတို့၏ ဝေါဟာရကိုလည်း ဤအရာ၌ ထည့်သွင်း၍ အပက္ခခမ္ဘတ္တာ–ဟု ပြဆိုခဲ့သည်ဖြစ်ရာ၏၊ အပက္ခခမ္ဘတာယ–ဟူ၍သော်လည်း မူလပါဠိရင်းဖြစ်ရာ၏။ ဤအရာ၌ ချာယဝါဒီတို့၏ တက္ကဗေဒ နည်းစံနစ်အရ တွေးခေါ်ကြံဆပုံနှင့်နှိုင်းယှဉ်၍ အနက်အဓိပ္ပါယ်ကို အလွယ်တကူသိနိုင်ရန် ၎င်းတို့၏ကျမ်းမှ ဥဒါဟရဏ် တခုကို ထုတ်ဆောင်၍ ရှင်းပြဦးအံ့။

ပဗ္ဗတောယံ အဂ္ဂိမာ ဓူမဝတ္တာ (တက္ကဘာသာကျမ်း နာ ၄၀) ဤတောင်သည် (မှာ)မီးရှိသည်။ (အဘယ်ကြောင့်နည်း) မီးခိုးရှိနေသောကြောင့်တည်း။ ဤဥဒါဟရဏ်၌ ချာယဝါဒီတို့၏ ဝေါဟာရအားဖြင့်–

တောင်ကို	ပက္ခ(ခမ္ဘီ)၊
မီးကို	ဗျာပက(ခမ္ဘ၊ သာဓျ၊ အနုမေယျ၊ လိင်္ဂ)၊
မီးခိုးကို	ဗျာပျ၊ ဟေတု (သာဓန၊ လိင်္ဂ)ဟု ခေါ်၏။

ထို့ပြင် တောင်၌ မီးခိုး၏ ထင်ရှားရှိနေခြင်းကို ပက္ခမမ္မတာ–ဟုခေါ်၏။ ထိုကြောင့်ပင် (အဖွင့်ကျမ်း ၄–မျိုးနှင့်တကွ ယှဉ်တွဲပုံနှိပ်ထားသော) တက္ကသင်္ဂဟကျမ်း နှာ ၅၇–၌ "ဗျာပျိသ (ရူမာဒိနော) ပဗ္ဗတာဒိဝုတ္တိတ္တံ ပက္ခမမ္မတာ"ဟု ပြဆိုထားလေသည်။ ထိုအဆိုကို ထောက်၍ ပက္ခမမ္မတာ–ပုဒ်ကို "ပက္ခေ ဝတ္တမာနော ဗျာပျသခ်ါတော ဓမ္မော ပက္ခမ္မော၊ တသ ဘာဝေါ ပက္ခမ္မတာ–"ဟု ဝစနတ္ထပြုရာ၏။ တက္ကဘာသာကျမ်း နှာ ၄၂–၌မူ "ရူမဝတ္ထုံပက္ခသ ပဗ္ဗတသ ဓမ္မော၊ ပဗ္ဗတေ တသ ဝိဇ္ဇမာနတ္တာ"ဟု ပြဆိုထား၏၊ ထိုအလိုအားဖြင့် "ပဗ္ဗတာဒိနော ပက္ခသ ရူမာဒိရူပဗျာပျဝတ္တသခ်ါတော ဓမ္မော ပက္ခ ဓမ္မော၊ သောယေဝ ပက္ခမမ္မတာ"ဟု ဝစနတ္ထ ပြုရာ၏။ သူတပါးတို့ မှန်းဆဆုံးဖြတ်နိုင်ရန် တင်ပြသောဝါကျ၌ ပက္ခမမ္မတာ–ဟူသော ဤအကြောင်းအင်္ဂါနှင့် ပြည့်စုံညီညွတ်ရန် လိုပေသည်၊ ယင်းအင်္ဂါနှင့် မပြည့်စုံမညီညွတ်လျှင် ပက္ခ၌ ယုံမှားအပ်သော သာရေ–ဓမ္မကို မဆုံးဖြတ်နိုင်ချေ။

ဤ ရှာယတက္ကဗေဒနည်းစံနစ်အရအားဖြင့် "နိဗ္ဗာနသ နိစ္စတ္တာ တေ(အဏုအာဒယော) နိစ္စာ (ဝိသုဒ္ဓိ ၂–၁၄၀)–ဟူသော ပရဝါဒီတို့၏ စကားကို စိစစ်လျှင်–

အဏုစသည်တို့သည်	ပက္ခ(ဓမ္မီ၊ နိဿယ)၊
မြဲခြင်းသဘောသည်	ဗျာပက (ဓမ္မ၊ သာရေ၊ အနုမေယျ၊ လိင်္ဂ)၊
နိဗ္ဗာန်၏ မြဲခြင်းသဘောသည် ဗျာပျ ၊	ဟေတု (သာဓန၊ လိင်္ဂ)ဖြစ်သည်ကိုတွေ့ရ၏။

ထိုတွင် ဗျာပျ(ဟေတု)အဖြစ်ဖြင့် ထုတ်ပြအပ်သော နိဗ္ဗာန်၏ မြဲခြင်းသဘောသည် ပက္ခဟုဆိုအပ်သော အဏုစသည်တို့၌ မတည်မရှိသည်သာတည်း။ ထိုကြောင့် နိဗ္ဗာနသဿနိစ္စတ္တာ–ဟူသော ဟိတ်သည် ပက္ခမမ္မတာ မဖြစ်၊ အပက္ခမမ္မတာသာ ဖြစ်လေသည်။ သို့ဖြစ်၍ ထိုအကြောင်းပြ စကားသည် ဟေတုလက္ခဏာသို့ မရောက် ဟိတ်မမြောက်ဟုဆိုလို၏။ အဖြောင့်အားဖြင့်မူ နိဗ္ဗာန်၏ မြဲခြင်းသဘောသည် အဏုစသည်တို့နှင့် ဘာမျှမသက်ဆိုင်သောကြောင့် နိဗ္ဗာနသ နိစ္စတ္တာ–ဟူသော ထိုစကားသည် အကြောင်းပြအင်္ဂါလက္ခဏာနှင့် မညီ၊ အကြောင်းပြရာမရောက်–ဟု ဆိုလို၏။

မှတ်ချက်

၁–တောင်မှာ မီးရှိသည်ဟု ခန့်မှန်းပြောဆိုရာ၌ မီးကို ဓမ္မ, တောင်ကို ဓမ္မီဟု ခေါ်သကဲ့သို့ အဏုစသည်တို့ မြဲကြသည်ဟုဆိုသော ပရဝါဒီတို့၏ ဤစကား၌လည်း နိစ္စတ္တာ–မြဲသည်၏အဖြစ်ဂုဏ်ကို ဓမ္မ, ၎င်းနှင့်စပ်ဆိုင်သော အဏုစသည်တို့ကို ဓမ္မီဟု ယူအပ်၏။ ၎င်းဓမ္မီကို ပါဠိကျမ်းဂန်တို့၌ ဂုဏီ–ဂုဏေးဟူ၍လည်း ခေါ်၏။

မှတ်ချက်

၁–အဏုမြူ ပရမာဏုမြူတို့၌ အတွင်းဝင်သော အဋ္ဌကလာပ်ရုပ်တို့ကား ထင်ရှားရှိကြပေ၏၊ သို့သော် ပရဝါဒီတို့ ယူဆထားသည့်အတိုင်း မပျက်စီးပဲ တကြွံ့တည်း တလုံးတခဲတည်းတည်နေသော အဏုမြူ ပရမဏုမြူတို့ကား မရှိကြချေ၊ ထို့ပြင် ပကတိ ကာလနှင့် ပုရိသခေါ်အတ္တ စသည်တို့ကား လုံးဝပင် မရှိကြချေ။ ထိုကြောင့် ဝိသုဒ္ဓိမဂ်၌ အဏုအာဒီနံ အသိဒ္ဓတ္တာဟု မိန့်ဆိုလေသည်။ ဤဋီကာ၌လည်း ထိုဟိတ်ပါ၌ဖြင့်ပင် "ပရဝါဒီတို့၏ အဏုအာဒယော နိစ္စာ–ဟူသော ဝန်ခံ–တင်ပြချက် (ပဋ္ဌာ)၌ ဓမ္မီအသိဒ္ဓိ ဖြစ်သည်ကို၎င်း, ဥပ္ပါဒါဒီနံအဘာဝတော–ဟူသော ပရဝါဒီတို့၏ အကြောင်းပြချက်သည်လည်း နိဿယအသိဒ္ဓ ဖြစ်သည်ကို၎င်း" ပြသည်ဟု မိန့်ဆိုပေသည်။ ဆိုလိုရင်းမှာ "အဏုစသည်တို့သည် မြဲကြ၏"ဟု တင်ပြသော ပရဝါဒီတို့၏ အဆို(ပဋ္ဌာ)၌ ဓမ္မီဟု ဆိုအပ်သော အဏုစသည်တို့သည်ပင် ပရမတ္ထသဘောအားဖြင့် မရှိကြချေ၊ ထို့ကြောင့် မှီရာအဏုစသည်တို့မှ မရှိလျှင် ၎င်းတို့ကိုမှီ၍ ရှိရမည့် ဖြစ်ခြင်း ပျက်ခြင်း သဘောတို့ကိုမူ စဉ်းစားရန်ပင် မလိုတော့ရကား ဥပ္ပါဒါဒီနံအဘာဝတော–ဟူသော ဟိတ်သည်လည်း အရင်းလဲက အဖျားထင်းဖြစ်သည် ဆိုသကဲ့သို့ပင် အဓိပ္ပါယ် မရှိတော့ပေဟု ဆိုလိုရင်းဖြစ်သည်။ ဤအရာတွင် တက္ကကျမ်းတို့မှ အာသယာသိဒ္ဓဥဒါဟရဏ်တို့ကို သုတပွါးစေရန် ထုတ်ပြဦးအံ့။

၈၈နာရဝိန္ဒံ သုရဘိ အရဝိန္ဒတ္တာ သရောဇရဝိန္ဒံ ဝိယ (တက္ကသင်္ဂဟ နှာ ၇၆)–ကောင်းကင်ကြာပန်းသည် ကြာပန်းဖြစ်သောကြောင့် ရေအိုင်မှကြာပန်းကဲ့သို့ပင် မွှေးကြိုင်၏။ ဤဥဒါဟရဏ်၌ ကောင်းကင် ကြာပန်းမည်သည် မရှိချေ၊ ထို့ကြောင့် (ကြာပန်းဖြစ်သောကြောင့်ဟူသော) အကြောင်းပြစကားသည် ကောင်းကင်ကြာပန်း ဟူသော မှီရာ မရှိသောကြောင့် မှီရာအလိုအားဖြင့် မပြီးသော အာသယာသိဒ္ဓ ဖြစ်လေ၏။

ဧဝံ သသဝိသာဏံ တိက္ခံ ဝိသာဏတ္တာ၊ ကုမ္မလောမာနိ ကမ္မလဧနကာနိ လောမတ္တာ၊ မိဂလောမံ ဝါတိအာဒီနိ အာသယာသိဒ္ဓသ ဥဒါဟရဏန္တရာနိ ဒဋ္ဌဗ္ဗာနိ (တက္ကသင်္ဂဟ၏အဖွင့် ဝိရလာ) အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှား၏။

မှတ်ချက်

၁–ပနဿ–အရာတွင် မြန်မာမူဟောင်း၌ ပဒဿ–ဟု ရှိသည်၊ ဝဒန္တဿ–ဟုရှိလျှင် သာ၍ကောင်းသည်၊ ထိုသို့ရှိလျှင် "တဒုဘယေန၊ ဖြင့်။ အနုပလဗ္ဘနီယတောတိ၊ ဟူ၍။ ဝဒန္တဿ၊ ဆိုသော ပရဝါဒီပုဂ္ဂိုလ်၏။ ဟေတုနော၊ ၏။ အသိဒ္ဓတံ၊ ကို။ ဒဿေတိ၊ ၏"–ဟုအနက်ပေး။

မှတ်ချက်

၂–ဤဋီကာကို ထောက်၍ ဝိသုဒ္ဓိမဂ်၌ ပရမတ္ထေန–နောင်ရှိသော သဘာဝတော–သို့မဟုတ် သဗ္ဘာဝတော–ပုဒ်ကို ပိုသည်ဟု သိအပ်၏။

မှတ်ချက်

၁–ဤပုဒ်ကို ဋီကာဒုတိယအဖွင့်နှင့်အညီ အနက်ပြန်လျှင် အကြောင်းနှင့်ကင်း၍ အလိုလိုဖြစ်သော–ဟု ပြန်ရလိမ့်မည်၊ ထိုသို့ပြန်လျှင် မလိုအပ်သောအနက်ဖြစ်ရာ၏။ ထိုကြောင့် အဇာတံ–စသည်တို့ကိုလည်း သာမညသာ အနက်ပြန်သည်။

မှတ်ချက်

၁–ကာမာနံ ပရိညန္တိ ကာမာနံ ပဟာနံ သမတိက္ကမံ ပညာပေတိ။ မ ဋ္ဌ ၁–၃၅၉–ကို မှီသည်။

မှတ်ချက်

၁–ယော ခေါ ဘိက္ခဝေ ကာမေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ကာမာနံ နိဿရဏံ။ (မ ၁–၁၂၂) ယော ဘိက္ခဝေ ရူပေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပါနံ နိဿရဏံ။ (ၔင်း ၁၂၄)။ ။ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနန္တိနိဗ္ဗာနံ။ နိဗ္ဗာနဥ္စိ အာဂမ္မ ကာမေသု ဆန္ဒရာဂေါ ဝိနီယတိ စေဝ ပဟီယတိ စ။ တသ္မာ နိဗ္ဗာနံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနန္တိ စ ဝုတ္တံ။ (မ ဋ္ဌ ၁–၃ဖြ၄) ဤပါဠိ အဋ္ဌကထာတို့နှင့်အညီ ကာမ ရူပတို့၏ နိဿရဏ–ဟူသည်မှာ နိဗ္ဗာန်ပင်ဖြစ်သည်ဟု မှတ်အပ်၏။

မှတ်ချက်

၂–ရှေးနှာ၌ ဇာတာဒိသဘာဝသ–ကို မှီ၍ ဖြည့်စွက်ထားသည်။ ဋီကာစာမူ၌ကား သဘာဝါနံ–ဟူ၍သာရှိ၏။ သဘောဖြစ်ကုန်သော–ဟု အနက်ပေးရာ၏။ မည်သို့မျှ အကျိုးထူးမရှိသောကြောင့် မူလရင်းပါ၌ မဖြစ်သင့်။ သီမူ၌ကား ဧဝံ–နှင့် တွဲစပ်လျက် ဧဝံသဘာဝါနံ–ဟုရှိ၏။ ယထာ–ဟူသော အနိယတ်ဥပမာဇောတကဇာ၏ နိယတ်ဥပမေယျဇောတက ရှိသင့်သောကြောင့် ထိုပါ၌ သင့်အံ့မထင်။ ဥဒါန–၌ ၃၅၈–၌ ဧဝံ တံသဘာဝါနံ–ဟု ရှိ၏။ တံသဘာဝါနံ၊ ထိုသဘောရှိကုန်သော–ဟု အနက်ပေးရာ၏။ သို့သော် ထိုသဘောအရ သရုပ်ဖော်ရန် ခက်၏။ လောကုတ္တရာသင်္ခတလည်း ပါဝင်သင့်သောကြောင့် ပရိညေယျသဘော–ဟု ဆိုရန်လည်း သင့်မည်မဟုတ်။ ဝိဘင်း အနုဋ္ဌ ၄၉–၌ကား ဧဝံ သသဘာဝါနံ–ဟု ရှိ၏။ သသဘာဝါနံ၊ ဖုသန ဝေဒိယန စသော သဘောရှိကုန်သော–ဟု အနက်ပေးရာ၏။ ၔင်းပါ၌တို့လည်း သင့်အံ့မထင်၊ ဆင်ခြင်ပါကုန်။

မှတ်ချက်

၁–နိဗ္ဗာန–သဒ္ဒါသည် ငြိမ်းခြင်းကိုသာ မုချအားဖြင့် ဟောသည် မဟုတ်လော?ဟု စောဒနာဖွယ်ရှိသောကြောင့် တထာ–စသည်ကို မိန့်သည်။

မှတ်ချက်

၁–အထ မဂ္ဂါနံ သံယောဇနတ္တယပ္ပဟာနာဒိပဋိနိယတကိစ္စတာယ ပဟာယကဝိဘာဂေန ကိလေသာဘာဝေဘေဒေါ၊ ဧဝံ သတိ ဝိနာ သဘာဝေဘေဒံ ဗဟုဘာဝေါ နတ္ထိတိ ဗဟုဘာဝတာပဒေသေနသ သသဘာဝတာ အာပန္နာ–ဝိဘင်း အနုဋ္ဌီ ၄၈။

မှတ်ချက်

၁–များသည်ဟုဆိုလျှင် ရှိသည်ဟူသောအနက် ကိန်းသေဧကန်ဖြစ်သကဲ့သို့ ရှိသည်ဟုဆိုလျှင်လည်း များသည်ဟူသောအနက် ကိန်းသေဧကန်ပင် ဖြစ်ရာသောကြောင့် နိဗ္ဗာန်ကို ထင်ရှားရှိသော သဘာဝမမှတ် ဆိုရာ၌လည်း ထိုထင်ရှားရှိသော နိဗ္ဗာန်များသည်ဟူသော အနက်ရောက်ရာသည် မဟုတ်လော?ဟု စောဒနာဖွယ်ရှိသည်ကို ပြ၏။

မှတ်ချက်

၁–ဤအရာတွင် ဝိဘင်းအနုဋ္ဌီကာ ၄၈–၌ အောက်ပါအတိုင်း ပြဆိုထား၏–

> ဗဟုဘာဝေ စ သသဘာဝတာ သိဒ္ဓါ။ "ယဒိ(ဝိ)သိယာ–ယထာ ဗဟုဘာဝေါ သသဘာဝတံ၊ ဧဝံ သာမညေန သသဘာဝတာ ဗဟုဘာဝံ နာ ဗျဘိစရေယျာတိ သသဘာဝပက္ခေပိ နိဗ္ဗာနသ ဗဟုဘာဝေါ အာပဇ္ဇတီ"တိ? တံ နာ၊ ကသ္မာ?တထာ သာမညာဘေဒတော။ နာ ဟိ ဧဝံ ဝတ္တုံ လဗ္ဘာ "ယထာ ခရဘာဝေါ သသဘာဝတံ နာ ဗျဘိစရတိ၊ ဧဝံ သသဘာဝတာပိ ခရဘာဝံ နာ ဗျဘိစရေယျာ"တိ။ ဧဝဉ္စိ သတိတဒညသဗ္ဗမမ္မာဘာဝပ္ပသင်္ဂေါ သိယာ။ တသ္မာ ဗဟုဘာဝေါ သသဘာဝတာပေက္ခော၊ နာ သသဘာဝတာ ဗဟုဘာဝါပေက္ခာတိ နာ သသဘာဝသ နိဗ္ဗာနသ ဗဟုဘာဝါပတ္တိ "ဧကဉ္စိ သစ္စံ နာ ဒုတိယမတ္ထိ, ဧကာ နိဗ္ဗာ နာ ပုထု နိဗ္ဗာ" တိအာဒိ–ဝစနတော။

ဤဋီကာအလိုအားဖြင့် အထက်ပါမဟာဋီကာ၌လည်း ဘာဝံ, ဘာဝေါ, ဘာဝါနံ, ဘာဝသ, ဘာဝါပေက္ခာ, ဘာဝတာ–တို့၏ အရာ၌ သသဘာဝတံ, သသဘာဝတာ, သသဘာဝါနံ, သသဘာဝသ, သသဘာဝတာပေက္ခာ, သသဘာဝတာ–ဟု ရှိသင့်သကဲ့သို့ ရှိပေ၏၊ သို့သော် ဘာဝ–ရှိခြင်းဟူသော ဝေါဟာရသည်လည်း ထိုသသဘာဝတာ–နှင့်အရတရားကိုယ်အားဖြင့် တူညီသောကြောင့် ရှိရင်းအတိုင်းလည်း အသင့်ပင်ဟု မှတ်အပ်၏။

မှတ်ချက်

၂–နိဗ္ဗာန်တပါးတည်း၌ မဂ် ၄–ပါးဖြင့် ၄–ကြိမ်တိုင်တိုင် သိခြင်းဖြစ်သင့်ပါမည်လော?ဟု စောဒနာဖွယ်ရှိ၍ ဧကသ္မိံ ယေဝ–စသည်ကို မိန့်သည်။

မှတ်ချက်

၁–အပိ စေတ္ထ ကိလေသာဘာဝေါ နာမ ရာဂါဒီနံ သမုစ္ဆေဒေါ အစ္စန္တပ္ပဟာနံ အနုပ္ပါဒနိရောဓော။ တသ စ ဧကတ္တေ ဧကေနေဝ မဂ္ဂေန သာဓေတဗ္ဗတာ ကိစ္စဝိသေသာဘာဝတောတိ ဒဿနာဒိမဂ္ဂဝိဘာဂေါ နာ သိယာ။ ဣဒ္ဓိတော စ သော ဩဒိသောဝ ကိလေသာနံ ပဟာတဗ္ဗတ္တာ။ သော မဂ္ဂဝိဘာဂေါ သဒ္ဓါဒီနံ ဣန္ဒြိယာနံ နာတိတိက္ခတိက္ခတိက္ခ–တရတိက္ခတမ ဘာဝေန ဧကသ္မိမ္ပိ သမုစ္ဆေဒပ္ပဟာနယောဂျဘာဝေ သစ္ဆိကိရိယာဝိသေသေန ဟောတီတိ နိဗ္ဗာနသ သသဘာဝတာယယေဝ ယုတ္တော။ ဝိဘင်း အနုဋ္ဌီ–၄၈။

မှတ်ချက်

၁–အဘာဝေါ ပန ကိလေသာနံ မဂ္ဂေန ကာတဗ္ဗော သိယာ "မာ မဂ္ဂသ နိရတ္ထကတာ အဟောသီ"တိ၊ နာ သစ္ဆိကာတဗ္ဗော။ ကော ဟိ တသ သဘာဝေါ၊ ယော တေန သစ္ဆိကရိယေယျ။ သော စ ကိလေသာဘာဝေါ ဧကေနေဝ မဂ္ဂေန သာဓေတဗ္ဗော သိယာ၊ နာ စတူဟိ "မာ စတုဘာဝနိဗ္ဗာနတာပတ္တိ, နိဗ္ဗာနဝိသေသာပတ္တိ စ အဟောသီ"တိ။ တတော ဒဿနာဒိမဂ္ဂ ဝိဘာဂေါ နာ သိယာတိ သဗ္ဗံ အာဝတ္တတိ။ ဝိဘင်း အနုဋ္ဌီ ၄၉။

မှတ်ချက်

၂–ယင်းသို့ သဘာဝမမ္မဖြစ်ခဲ့လျှင် အဘယ်ကြောင့် ရာဂကွမ္မယော–စသည်ဖြင့် ဟောအပ်ပါသနည်း?ဟု မေးဖွယ်ရှိသောကြောင့် ခယာဓိဂန္ဓဗ္ဗတာယ ပန–စသည်ကို မိန့်သည်။

မှတ်ချက်

၃–ဤအရာ၌ အကျယ်တဝင့် စိစစ်ပြဆိုသော အဋ္ဌကထာနှင့် ဋီကာစကားတို့ကိုငင်း ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ–ဟူသော အဋ္ဌကထာမှ အပ္ပဝတ္တိ–ပုဒ်ကို အပ္ပဝတ္တိနိမိတ္တं–ဟု ဖွင့်သောဋီကာကိုငင်း အမှီပြု၍ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်အစစ် နိရောဓသစ္စာသည် ကိလေသာခန္ဓာသင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသဘောမဟုတ်ဟု အများအားဖြင့် ယူဆပြောဆိုကြ၏၊ ထိုသို့ ယူဆပြောဆိုရာ၌ လေးလေးနက်နက် စဉ်းစားဆင်ခြင်သင့်၏၊ ကိလေသာ ကံဝိပါက်ခန္ဓာဟူသော ဝဋ္ဋဆင်းရဲ မပြတ်ဖြစ်လျက်ရှိနေခြင်းနှင့် ထိုဝဋ္ဋဆင်းရဲ၏ မဖြစ်ပေါ်နိုင်ပဲ ချုပ်ငြိမ်းခြင်းဟူသော ဤနှစ်မျိုးသာ ရှိသင့်ပေသည်၊ ဤနှစ်မျိုးမှ အလွတ်ဖြစ်သော အသီးအခြားသဘောတရားဟူ၍ မရှိသင့်ပေ၊ အကယ်၍ရှိပါလျှင် ထိုတရားသည် အဘယ်ဌာနဌ အဘယ်သို့ တည်ရှိနေပေမည်နည်း၊ ပုဂ္ဂိုလ်အသီးအသီး၏ သန္တာန်၌ တည်ရှိနေသလော၊ အလွတ်တနေရာ၌ တည်ရှိနေသလော၊ သို့မဟုတ် အနှံ့အပြားတည်ရှိနေသလော၊ ဖြေရန်ခက်၏၊ အပ္ပတိဋ္ဌं–ဟူသော ဒေသနာတော်အရ တည်ရာအရပ်မရှိဟူ၍ ဖြေရပေလိမ့်မည်၊ သို့သော် ချုပ်ငြိမ်းခြင်းမျှမဟုတ်သော သဘောတရားတခုဖြစ်ပါလျက် တည်ရာမရှိဟူသော ထိုအဖြေကို သဘောကျကျေနပ်ရန်ခက်၏၊ အရူပဘုံ၌ နာမ်တရားတို့သည် ဝတ္ထုရုပ်တည်ရာမရှိသော်လည်း ဘုံဌာနကား ရှိပေ၏၊ ထိုကြောင့် အရူပနာမ်တရားတို့မှာ ကျေနပ်ဖွယ်ရှိပေ၏။

ထို့ပြင် ချုပ်ငြိမ်းခြင်းသဘောမဟုတ်ဟုဆိုသော ထိုနိဗ္ဗာန်သည် မဂ်ဖိုလ်ပစ္စဝေက္ခဏာတို့ဖြင့် သိရရုံမျှသာဖြစ်သည်၊ ပရိနိဗ္ဗာန်ပြုသောအခါ ထိုနိဗ္ဗာန်သို့ ရောက်ရသည်လည်းမဟုတ်၊ ၎င်း၏အရသာကို ခံစားရသည်လည်း မဟုတ်သောကြောင့် ပကတိနှင့်ပုရိသကဲ့သို့ပင် မဂ်ဖိုလ်၏ အာရုံပြုရန်အတွက် အပိုသက်သက် ကြံဆတီထွင်ထားသကဲ့သို့ ရှိပေ၏။

အမှန်စင်စစ် လိုအပ်သည်မှာ အကြောင်းအကျိုးဆက်လျက် မပြတ်ဖြစ်နေသော ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသာလျှင်ဖြစ်ပေသည်၊ ထိုချုပ်ငြိမ်းမှုအတွက်သာလျှင် ဗုဒ္ဓသာသနာတော်၌ ဗြဟ္မစရိယခေါ်သော အကျင့်မြတ်ကို ကျင့်ကြရပေသည်၊ ထိုကြောင့်ဘုရားထံ၌ အကျင့်မြတ်ကို အဘယ်အကျိုးငှါ ကျင့်သုံးပါသနည်းဟူသော အမေးကို အနုပါဒါ ပရိနိဗ္ဗာနတ္ထं–အစွဲအလမ်းကင်း၍ ချုပ်ငြိမ်းခြင်းအကျိုးငှါကျင့်သည်ဟု အရှင်ပုဏ္ဏ အစရှိသော မထေရ်မြတ်တို့က ဖြေကြားတော်မူပေသည်။

သို့ဖြစ်ရာတွင် ဧကာ နိဋ္ဌာ–ဟူသော ဘုရားစကားတော်အရ တခုတည်းသောအပြီးအဆုံးနိဋ္ဌာသည် ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း (သန္တိလက္ခဏာ) သဘောပင်ဖြစ်သင့်သလော၊ သို့မဟုတ် ချုပ်ငြိမ်းခြင်း (သန္တိလက္ခဏာ) သဘောမဟုတ်သော အလွတ်တရားတခုပင် ဖြစ်သင့်သလော–ဟု ဆင်ခြင်ရာ၏။ ငါတို့၏အလိုအားဖြင့် ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း (သန္တိလက္ခဏာ) သဘောကိုပင် ဧကာ နိဋ္ဌာ–ဟု ယူလို၏၊ ယင်း နိဋ္ဌာသည်ပင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည်ဟူ၍လည်း ယူလို၏။ အကြောင်းမူကား "နေဝိဓ၊ နေ ဟုရံ၊ နေ ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခသ"ဟူသော ဒေသနာ၌ ဧသေဝအန္တော–နှင့် အရတူပင် ဖြစ်သင့်သောကြောင့်တည်း။ ထိုပါဠိ၌ "ဧသေဝ၊ (ဤလောကနှင့် တပါးသော လောက နှစ်ဌာနလုံး၌ မရှိခြင်းဟူသော) ဤသဘောသည်ပင်လျှင်။ ဒုက္ခသ၊ ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲ၏။ အန္တော၊ အဆုံးအပိုင်းအခြား (နိဗ္ဗာန်)ပေတည်း"ဟု ဤသို့အနက်ပြန်ရာတွင် ဧသေဝ–၏ အရ အဘာဝေါ–ဟူသော ဋီကာအဖွင့်နှင့် အညီ မရှိခြင်း ဆိတ်သုဉ်းခြင်း ချုပ်ငြိမ်းခြင်းဟူသော အနက်ကိုသာ ရ၏၊ ထိုအနက်သည်သာလျှင် "နေဝိဓ၊ ဤလောကဌ်လည်း မရှိ။ နေ ဟုရံ၊ တပါးသောလောကဌ်လည်း မရှိ။ နေ ဥဘယံ၊ လောကနှစ်ပါးလုံး၌လည်း မရှိ"ဟူသော ရှေးဝါကျအနက်နှင့် သင့်လျော်ပေသည်။ မရှိကြောင်းမရှိရာ, ချုပ်ငြိမ်းကြောင်း ချုပ်ငြိမ်းရာ အစရှိသော အနက်တို့ကိုကား မရနိုင်ပေ၊ ပြန်ရိုးပြန်စဉ်လည်း မရှိ၊ ဤအရာ၌ ထိုသို့ဖွင့်ပြချက်လည်း မရှိပေ။ ထိုကြောင့် ဤဒေသနာမှ အန္တော–နှင့်, ဧကာ နိဋ္ဌာ–ဟူသော ဒေသနာမှ နိဋ္ဌာ–အရ "ဒုက္ခ၏ မရှိခြင်း, ဆိတ်သုဉ်းခြင်း, ချုပ်ငြိမ်းခြင်းပင် ဖြစ်သည်"ဟု ယူသင့်၏။ ၎င်းကိုပင် သန္တိလက္ခဏာ–ငြိမ်းခြင်းသဘောဟုဆိုရပေသည်။

ထိုအတူပင် ဒုက္ခနိရောဓော–ဟူရာ၌လည်း ဒုက္ခ၏ ချုပ်ငြိမ်းခြင်းမျှကိုသာလျှင် မြတ်စွာဘုရား ရည်ရွယ်တော်မူသည်ဟု ငါတို့သဘောကျ၏၊ ချုပ်ငြိမ်းကြောင်းဟူ၍ကား ဆိုလိုမည်မထင်ပေ၊ အဋ္ဌကထာ ဋီကာတို့၌လည်း ထိုအရာ၌ ဒုက္ခနိရောဓနိမိတ္တं–ဟု ဖွင့်ပြခြင်းမရှိပေ။ အကယ်၍ အပ္ပဝတ္တိနိမိတ္တ–ဟု ဖွင့်သကဲ့သို့ ထိုအရာ၌ ဒုက္ခနိရောဓနိမိတ္တं–ဟုဖွင့်လျက် ဆင်းရဲ ချုပ်ငြိမ်းကြောင်းတရား–ဟု ယူခဲ့လျှင် အရိယာမဂ်ကိုသာ အရကောက်ယူရပေလိမ့်မည်။ အဘယ်ကြောင့်နည်း?ဟူမူ–ဒုက္ခ၏ အကြောင်းသည် သမุဒယသစ္စာ ဖြစ်သကဲ့သို့ ဒုက္ခနိရောဓနိမိတ္တ–ဒုက္ခချုပ်ခြင်း၏အကြောင်းသည် မဂ္ဂသစ္စာသာ ဖြစ်သင့်သော

ကြောင့်ပေတည်း။ နိရောဓ–ပုဒ်ကို အဓိကရဏသာဓန ကြံ၍ ဒုက္ခနိရောဓ–ဒုက္ခ၏ချုပ်ရာ–ဟူသော အနက်သည်ကား "အနုပါဒိသေသာ ပန သမ္မရာယိကာ၊ ယမ္မိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော"ဟူသော ဣတိဝုတ်ပါဠိ(နာ ၂၂၁)၌ ဘဝခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းသဘောမျှဖြစ်သော အနုပါဒိသေသနိဗ္ဗာန်ကိုပင် ချုပ်ရာအာဓာရပြု၍ ယမ္မိ–ဟု ဆိုသကဲ့သို့ ဥပစာပရိယာယ်အားဖြင့် ဆိုသည်ဟုယူလျှင် သင့်ရာ၏။

ထိုပြင် ပဋ္ဌိလောမပဋ္ဌိစ္စသမုပ္ပါဒ်အရာ၌ "ဣမသ္မာ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော" အစရှိသောပါဌ်ဖြင့်နိဗ္ဗာန်ကို ဟောကြောင်း အဋ္ဌကထာတို့၌ ပြဆိုထား၏။ ထိုပါဌ်၌ "နိရောဓာ၊ ချုပ်ခြင်းကြောင့်။ နိရုဇ္ဈတိ၊ ချုပ်၏။ နိရောဓော၊ ချုပ်ခြင်း"–ဟူ၍သာ အနက်ပြန်ရ၏။ ချုပ်ကြောင်းသဘောကြောင့် ချုပ်ကြောင့်ဖြစ်သည်ဟု ဤသို့ကား မပြန်ဆိုရ၊ ထိုသို့ပြန်ဆိုရန် ဖွင့်ပြချက်လည်းမရှိ။ ထိုကြောင့် ထိုပဋ္ဌိစ္စသမုပ္ပါဒ်ပဋ္ဌိလုံပါဌ်၌ "အဝိဇ္ဇာချုပ်လျှင် သင်္ခါရတို့၏ ချုပ်ခြင်းဖြစ်သည် (ပြီးစီးသည်)၊ သင်္ခါရတို့ ချုပ်ကြလျှင် ဝိညာဏ်၏ ချုပ်ခြင်းပြီးသည်" စသည်ဖြင့် ချုပ်ခြင်းသဘောကိုသာလျှင် နိဗ္ဗာန်အစစ်ဟု ပြကြောင်းထင်ရှားလှပေ၏။ ဤအရာ၌ အဝိဇ္ဇာချုပ်သည်ဆိုရာဝယ် အဝိဇ္ဇာတခုတည်းသာချုပ်သလော?စသည်ဖြင့် စောဒနာမတက်သင့်သည်မှာလည်း ထင်ရှားလှပေ၏။ ထိုကြောင့် ရာဂကွယောရာဂ၏ကုန်ခြင်း–ဟူရာ၌ ရာဂ၏ကုန်ခြင်းက နိဗ္ဗာန်တခု၊ ဒေါသကွယော–ဒေါသ၏ ကုန်ခြင်းဟူရာ၌ ဒေါသ၏ကုန်ခြင်းက နိဗ္ဗာန်တခု–ဤသို့စသည်ဖြင့် နိဗ္ဗာန်များခြင်းအပြစ်ကို ပြဆိုချက်တို့၌လည်း စဉ်းစားဆင်ခြင်သင့်၏။ အရိယာမဂ်၏ အစွမ်းကြောင့် အဝိဇ္ဇာအစရှိသော ကိလေသာအားလုံးနှင့် သင်္ခါရအစရှိသော ကမ္မဝဋ်အားလုံး ဝိညာဏ်အစရှိသော ဝိပါကဝဋ်အားလုံးတို့ တပေါင်းတည်း ချုပ်ငြိမ်းသွားကြသည်ကိုပင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော–စသည်ဖြင့် အစိတ်အစိတ်ခွဲ၍ ဟောတော်မူသကဲ့သို့ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာအားလုံး၏တပေါင်းတည်း ကုန်ခြင်း ငြိမ်းခြင်းကိုပင် ရာဂကွယော ဒေါသကွယောစသည်ဖြင့် အစိတ်အစိတ်ခွဲ၍ ဟောတော်မူသည်ဟု မျှမျှတတယူလျှင် မသင့်စရာအကြောင်း မရှိပေ၊ ပညာရှိ သတိဖြစ်ခဲသည်ဆိုသော စကားပုံအရ သတိမူပါကုန်။

ထို့ပြင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော–စသည်ကဲ့သို့ပင် ရာဂကွယော–စသည်ဖြင့်လည်း နိဗ္ဗာန်ကို မုချအားဖြင့် ဟောသည်၊ မဂ်ဖိုလ်တို့ကိုမူကား ခယမည်သော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်ရင်း ရာဂစသည်တို့၏ ကုန်ကြောင်း စသည်ဖြစ်သောကြောင့်ရင်း ဥပစာပရိယာယ်အားဖြင့် ဟောသည်ဟု ယူလျှင်လည်း မသင့်ဖွယ်အကြောင်းမရှိပါ၊ ဤအချက်ကိုလည်း သတိမူပါကုန်။

သို့ဖြစ်၍ ပါဌိတော်များအားလုံး တညီတည်း ဖြစ်စေရန်ရင်း, အနုပါဒါပရိနိဗ္ဗာနတ္ထံဟူသည်နှင့်အညီ အလိုရှိအပ်သော အကျိုးကို မုချအားဖြင့် ရစေရန်ရင်း နိဗ္ဗာန်ကို အောက်ပါအတိုင်း ယူသင့်၏။

(၁) မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ချုပ်ငြိမ်းခြင်းသဘောနိဗ္ဗာန်သည် ကိလေသာ ရုပ် နာမ် ခန္ဓာ သင်္ခါရဟူသမျှတို့၏ ချုပ်ငြိမ်းဆိတ်သုဉ်းခြင်းဟူသော သာမညနိဗ္ဗာန်ဖြစ်သည်၊ ထိုကြောင့်ပင်ရင်းကို ပရမသုညံ ဟူ၍လည်း ဟောတော်မူပေသည်။

(၂) ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းဟူသော သဉ္ဇာတိဒေသနိဗ္ဗာန်နှင့် ရုပ် နာမ် ခန္ဓာသင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်တို့သည်ကား မဂ်ဖိုလ်၏အာရုံဖြစ်သော ထိုသာမညနိဗ္ဗာန်၏ အစိတ်အပိုင်းဖြစ်သော ဝိသေသနိဗ္ဗာန်တို့ ဖြစ်ကြသည်၊ ထိုဝိသေသနိဗ္ဗာန်တို့သည် မဂ်ဖိုလ်၏အာရုံဖြစ်သော သာမညနိဗ္ဗာန်၌ အတွင်းဝင်ကုန်၏။ ထို့ကြောင့်ပင် ဣတိဝုတ်ပါဌ် (နာ ၂၂၁)၌ပင် ယေ ဧတဒညာယ ပဒံ အသင်္ခတံ၊ ဝိမုတ္တစိတ္တာဘဝနေတ္တိသင်္ခ်ယာ–ဟူသော ပါဌ်ဖြင့် ရဟန္တာအရှင်မြတ်တို့သည် ထို သဉ္ဇာတိဒေသ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်နှစ်ပါးကို (အရဟတ္တမဂ်ဖြင့်) သိ၍ ဘဝနှောင်ကြိုးကုန်ပြတ်လျက် အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်တော်မူကြကြောင်းကို ပြဆိုတော်မူပေသည်။ အကယ်၍ သဉ္ဇာတိဒေသ အနုပါဒိသေသ နိဗ္ဗာန်တို့က မဂ်ဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်၏ အကျိုးသဘောမျှဖြစ်၍ မဂ်ဖိုလ်တို့၏ အာရုံမဟုတ်လျှင် ဧတဒညာယ–ဟု ဟောတော်မူမည်မဟုတ်ပေ၊ ဤအချက်ကိုလည်း လေးနက်စွာ သတိမူပါကုန်။

သို့သော် မဂ်ဖိုလ်တို့က အာရုံပြုသောအခါ၌ ရာဂချုပ်ငြိမ်းသည်၊ ဒေါသချုပ်ငြိမ်းသည်၊ ဤသို့ စသည်ဖြင့် အထူးဝိသေသပြုလျက် အာရုံပြုကြသည်လည်း မဟုတ်ကုန်၊ ရုပ်ချုပ်သည်၊ နာမ်ချုပ်သည်–ဤသို့ စသည်ဖြင့်လည်း အထူးဝိသေသပြုလျက် အာရုံပြုကြသည်လည်း မဟုတ်ကုန်။ စင်စစ်သော်ကား ကိလေသာ ရုပ် နာမ် ခန္ဓာ သင်္ခါရအလုံးစုံတို့၏ ချုပ်ငြိမ်းကင်းဆိတ်ခြင်း သဘောမျှကိုသာ မျက်မှောက်တွေ့လျက် အာရုံပြုကြပေသည်။

ဤအရာ၌ ကိလေသာ ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းသဘောကို ဘာမျှမရှိသော အဘာဝပညတ်မျှဟု ထင်မှတ်လျက် မထီမဲ့မြင် အောက်မေ့တတ် ပြောဆိုတတ်ကြ၏၊ ဘာမျှအနက်နဲဟူ၍လည်း ထင်တတ်ကြ၏၊ ထိုသို့ကား မထင်မှတ်သင့်ပေ၊ အလွန်နက်နဲသောကြောင့်ပင် ကိလေသာ ခန္ဓာချုပ်ငြိမ်းအောင် ပါရမီမရှိသူတို့ မစွမ်းနိုင်ပဲရှိကြချေသည်၊ ထိုကိလေ

သာ ခန္ဓာတို့၏ချုပ်ငြိမ်းခြင်းက အလွန်အဖိုးတန် မြင့်မြတ်သောကြောင့်သာလျှင် ကိလေသာ ခန္ဓာတို့ကို ချုပ်ငြိမ်းစေနိုင်သော မဂ်ဖိုလ်တို့လည်း မြင့်မြတ်အဖိုးတန်ကြပေသည်။

စဉ်းစားကြည့်ပါ၊ အလိုရှိတိုင်း တန်ခိုးဖန်ဆင်းနိုင်, အလိုရှိတိုင်း မြင်နိုင် ကြားနိုင် သိနိုင်သော လောကီအဘိညာဉ်တို့သည် လောကဖက်ကကြည့်လျှင် အလွန်အဖိုးတန် မြင့်မြတ်ကြပေကုန်၏၊ သို့သော် ကိလေသာ ခန္ဓာတို့ကို မငြိမ်းစေနိုင်သောကြောင့် မဂ်ဖိုလ်ဉာဏ်ကဲ့သို့ အဖိုးမတန် မမြင့်မြတ်ကုန်။ ဤအချက်ကို ထောက်ဆကြည့်လျှင် ကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းကို အကောင်းအမြတ်ဆုံးဟူ၍ သဘောပေါက်ပါလိမ့်မည်၊ ထို့ကြောင့်ပင် အရှင်ပုဏ္ဏရဟန္တာမထေရ်မြတ်က ဉာဏဒဿနဝိသုဒ္ဓိခေါ် မဂ်ဉာဏ်အကျိုးငှါလည်း ကျင့်သည်မဟုတ်ပါဟု ငြင်းပယ်ပြီးလျှင်, အနုပါဒါပရိနိဗ္ဗာနတ္ထံ–အစွဲအလမ်းကင်း၍ ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းခြင်းအကျိုးငှါ ကျင့်ပါသည်ဟု ဖြေကြားတော်မူပေသည်။

ဤထက်အကျယ်ကို သိလိုလျှင် ငါတို့ရေးသားစီရင်အပ်သော ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ အခဏ်း (၆) နှာ ၃၂၀–မှ ၃၄၈–အထိ ကြည့်ရှုသုံးသပ်ကြပါလေ။

မှတ်ချက်

၁–စတုရင်္ဂသမန္နာဂတာ ဝါစာ ဇနံ သင်္ကာတီတိ တဗ္ဗိပက္ခဝိရတိသဘာဝါ (ထိုအင်္ဂါ ၄–ပါးရှိသော စကားနှင့် ဆန့်ကျင်ဖက်အဖို့ဖြစ်သော မိစ္ဆာဝါစာမှ ကြဉ်ခြင်းသဘောရှိသော) သမ္မာဝါစာ ဘေဒကရမိစ္ဆာဝါစာပဟာနေန ဇနေ, သမ္မယုတ္တေ စ ပရိဂ္ဂဏှနကိစ္စဝတီဟောတီတိ ပရိဂ္ဂဟလက္ခဏာတိ ဝုတ္တာ။ မူလဋီ ၂–၇၁။ ဤအလိုအားဖြင့် သမ္မယုတ္တမ္မောနံ အရာ၌ ဇနာနံ, သမ္မယုတ္တမ္မာနဉ္စ–ဟု ရှိသင့်၏။

မှတ်ချက်

၂–ယထာ စီဝရကမ္မာဒိကော ကမ္မဿော ဇကံ ကာတဗ္ဗံ သမုဋ္ဌာပေတိ နိပ္ပါဒေတိ၊ တံတံ–ကိရိယာနိပ္ပါဒကော ဝါ စေတနာသင်္ခါတော ကမ္မဿော ဟတ္ထပါဒစလနာဒိကံ ကိရိယံ သမုဋ္ဌာပေတိ၊ ဧဝံ သာဝဇ္ဇကတ္တာဗ္ဗကိရိယာသမုဋ္ဌာပကမိစ္ဆာကမ္မဿပ္ပ ဟာနေန သမ္မာကမ္မဿော နိရဝဇ္ဇသမုဋ္ဌာပနကိစ္စဝါ ဟောတိ၊ သမ္မယုတ္တမ္မေ စ သမုဋ္ဌာပေဿော ဧဝ ပဝတ္တတီတိ သမုဋ္ဌာပနလက္ခဏောတိ ဝုတ္တော။ ၎င်းမူလဋီ။ ။ စီဝရကမ္မာဒိကော တာဒိသော ပယောဂေါ။ ကာတဗ္ဗံ စီဝရရဇနာဒိကံ။ နိရဝဇ္ဇသမုဋ္ဌာပနကိစ္စဝါတိ နိရဝဇ္ဇသ ကတ္တဗ္ဗသ, နိရဝဇ္ဇာကာရေန ဝါ သမုဋ္ဌာပနကိစ္စဝါ။ သမ္မယုတ္တမ္မေ စ သမုဋ္ဌာပေဿောတိ ဧတ္ထ သမုဋ္ဌာပနံ မိစ္ဆာကမ္မဿပဋိပက္ခဘူတသ အတ္တနော ကိစ္စသ အနုဂုဏဘာဝေန သမ္မယုတ္တာနံ ပဝတ္တနမေဝ၊ ဥက္ခိပနံ ဝါ နေသံ, ကာယိက ကိရိယာယ ဘာရုက္ခိပနံ ဝိယ။ အနုဋီ ၂–၇၅။

မှတ်ချက်

၃–ကာယဝါစာနံ ခန္ဓသန္တာနသ စ သံကိလေသဘူတမိစ္ဆာ အာဇီဝပဟာနေန သမ္မာအာဇီဝေါ "ဝေါဒါပနလက္ခဏော" တိ ဝုတ္တော။ မူလဋီ ၂–၇၁။ ။ သမ္မယုတ္တမ္မောနံ, အာဇီဝသေဝ ဝါ ဝိသောဓနံ ဝေါဒါပနံ။ အနုဋီ ၂–၇၆။ ဤဋီကာတို့အလိုအားဖြင့် ဝိသုဒ္ဓိမဂ်၌လည်း ကာရိတ်နှင့်တကွ ဝေါဒါပနလက္ခဏော–ဟု ရှိသင့်သကဲ့သို့ဌင်း, ဝေါဒါနလက္ခဏောဟူ၍ပင် ရှိသော်လည်း ကာရိတ်ကျေနေသည်ဟု ယူသင့်သကဲ့သို့ဌင်း, ဤမဟာဋီကာ၌ သုဒ္ဓိ–ပုဒ်ကိုလည်း ကရဏသာဓနကြီ၍ စင်ကြယ်ကြောင်းဟု–အနက်ပြန်သင့်သကဲ့သို့ဌင်းရှိပေ၏။ သို့သော်လည်း ဝေါဒါနနှင့် သုဒ္ဓိ–ဟူသော သုဒ္ဓဘာဝသာဓန ၂–ပုဒ်လုံးပင် သဘောအနက်အားဖြင့် ဝေါဒါပန–နှင့် အရတူသည်ဟု ယူသင့်၏။

မှတ်ချက်

၁–ဒုက္ခာဒီနံ အရိယသစ္စဘာဝသ အနုရူပံ ယုတ္တံ, အာစရိယပရမ္ပရာဂတံ ဝါ သဝနံ အနုသဝေါ။ သုတာနုသာရေန အည ထာ ဝါ ကက္ခဋဖုသနာဒိအနိစ္စာဒိသဘာဝသာမညာ–ကာရုပရိဂ္ဂဏှနံ အာကာရုပရိဝိတက္ကော။ ယထာဝိတက္ကိတာကာရ သ ဒိဋ္ဌသင်္ခါတာယ ဒဿနဘူတာယ ပညာယ နိဗ္ဗာနကွမနံ ရောစနံ ဒိဋ္ဌိနိဗ္ဗာနကွန္တိ။ အနုဋီ ၂–၆၃။ ဤအလိုအားဖြင့် အနုသဝ–ပုဒ်ကို အရိယသစ္စာအဖြစ်အားလျော်သော ကြားခြင်း (ဝါ) ဆရာအစဉ်အဆက်မှ လာသောကြားခြင်း–ဟူ၍လည်း ပြန်အပ်၏။

မှတ်ချက်

၂–ဤအရာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သစ္စာ ၄–ပါးလုံး၌ သိခြင်းကိစ္စပြီးစေသော မဂ်ဉာဏ်ကိုသာလျှင် ပဋိဝေဓ–ဟု ဆိုလို၏၊ ဝိပဿနာဖြင့် ဒုက္ခသစ္စာထိုက်သော ရုပ်နာမ်တို့ကို ပစ္စက္ခအားဖြင့် သိခြင်းဖြစ်ထိုက်သော်လည်း ၎င်းကိုကား ဤအရာ၌ ပဋိဝေဓဟု မဆိုလို။ ထိုကြောင့် ဝိဘင်းမူလဋီကာ ၇၂–၌ သဗ္ဗမ္မိ ပဋိဝေဓဉာဏံ လောကုတ္တရန္တိ ကသ္မာ ဝုတ္တံ၊ နနု ဥဂ္ဂဟာဒိပဋိဝေဓော စ ပဋိဝေဓောဝ၊ နစ သော လောကုတ္တရောတိ?နု၊ ကေဝလေန ပဋိဝေဓ–သဒ္ဒေန ဥဂ္ဂဟာဒိပဋိဝေဓာနံ အဝစနီယတ္တာ၊ ပဋိဝေဓနိမိတ္တတ္တာ ဝါ ဥဂ္ဂဟာဒိဝသေန ပဝတ္တံ ဒုက္ခာဒီသု ပုဗ္ဗဘာဂေ ဉာဏံ "ပဋိဝေဓော"တိ ဝုတ္တံ၊ နနု ပဋိဝေဓတ္တာ။ ပဋိဝေဓဘူတမေဝ ပန ဉာဏံ သန္ဓာယာဟ "သဗ္ဗမ္မိ ပဋိဝေဓဉာဏံ လောကုတ္တရ"န္တိ–ဟု မိန့်ဆိုအ၏။

မှတ်ချက်

၃–ဤ၌လည်း နိရောဓ မဂ္ဂနှင့်တကွ သစ္စာ ၄–ပါးလုံးကို ပိုင်နိုင်စွာ မသိခြင်းကိုသာဆိုလိုသည်၊ ရုပ်နာမ်သဘော အနိစ္စလက္ခဏာ စသော သဘောတို့ကို သိခြင်းမျိုးကိုကား မဆိုလိုဟု ယူအပ်၏၊ အကယ်၍ ရုပ်နာမ်သဘော စသည်ကိုပင် ဝိပဿနာဉာဏ်က ကြံဆ၍သာ သိနိုင်သည်၊ မျက်မှောက်မသိနိုင်–ဟု ယူခဲ့လျှင် ဝိပဿနာအရာ၌ ပစ္စက္ခဉာဏ်ဖြစ်ပုံကို ပြသောစကားတို့နှင့် ဆန့်ကျင်သည့်ပြင် အရိယာပုဂ္ဂိုလ်တို့၏ ဝိပဿနာဉာဏ် ဘုရား၏ ဝိပဿနာဉာဏ်တို့သည်လည်း ပစ္စက္ခအားဖြင့် မသိမူ၍ ကပ္ပနမုခအသိချည်း ဖြစ်လေကုန်ရာ၏။

မှတ်ချက်

၁–ဤ၌ ပရိညေယျ စသည်နှင့် သစ္စာ ၄–ပါးတို့သည် တရားကိုယ်အားဖြင့် အရတူသောကြောင့် ထပ်သကဲ့သို့ ရှိ၏၊ သို့သော် ပရိညေယျ စသော ဝေါဟာရနှင့် ဒုက္ခ စသော ဝေါဟာရတို့ ကွဲသောကြောင့်ဝင်း, အစိတ်နှင့် အပေါင်း ကွဲသောကြောင့်ဝင်း ဥပမာ ဥပမေယျအားဖြင့် ခွဲခြားပြသည်ဟု ယူအပ်၏။ မူလဋီ ၂–၅၅၌ကား "တံကိစ္စကရဏေနေဝ ဟိ တာနိ တသ ပါကဋာနိ"ဟု ဤမျှသာ ရှိ၏။ ရှင်းပေ၏။

မှတ်ချက်

၂–မူလဋီကာ ၂–၅၅–၌ "နိရောဓဿ ဖုသတိ အာဒိစ္စော ဝိယ ပဘာယ၊ သမ္မာသင်္ကပ္ပါဒီဟိသဟ ဥပ္ပန္နံ တံ မဂ္ဂ ဘာဝေတိ"ဟု ဝါကျတမျိုးခွဲလျက်ရှိ၏။ ၎င်းကို အနုဋီ ၂–၆၄–၌ အာဒိစ္စော ဝိယ ပဘာယ ဖုသတိ သစ္ဆိကရောတိ ကိလေသန္ဓကာရံ ဝိဒ္ဓံသေတိ–ဟု ဖွင့်ပြထား၏၊ သို့သော်လည်း ဤမဟာဋီကာစာကိုယ်၌ ခွဲထားသောဝါကျအတိုင်း အထက်ပါအနက်သာလျှင် ယုတ္တတရ ဖြစ်ပေသည်။

မှတ်ချက်

၁–ကာလန္တရဒဿနန္တိ နာနာဘိသမယံ ဝဒတိ။ ဧကဒဿိနောတိ ဧကသစ္စဒဿိနော။ နု ယောဧတေဗ္ဗာ သိယာတိ ယောဧနာယဠ္ဆ သဗ္ဗဒဿနံ ဒဿနန္တရပရမန္တိ ဒဿနာနုပရမော အာပဇ္ဇေယ္ယ၊ သစ္စာနဠ္ဆ နာနာဘိသမယေ ဒုက္ခဒဿနာဒီဟိ ပဌမဝဂ္ဂါဒိပ္ပဟေယျာနံ သံယောဧနတ္တယာဒီနံ ဧကဒေသပ္ပဟာနံ အာပဇ္ဇတိ။ တထာ စ သတိ ဧကဒေသသောတာ–ပတ္တိမဂ္ဂဋ္ဌ တာ, တဒန္တရဠ္ဆ ပတ္တဗ္ဗေန ဖလေန ဧကဒေသသောတာပန္နတာ စ အာပဇ္ဇတိ၊ တသ္မာ နု သစ္စာနံ နာနာဘိသမယော ယုတ္တော။ ယထာ စ နာနာဘိသမယော နု ယုတ္တော၊ ဧဝံ အာရမ္မဏာဘိသမယောပိ။ ယဒိ ဟိ အာရမ္မဏကရဏေန စတုသစ္စာဘိသမ ယော ဣစ္ဆိတော၊ နု မဂ္ဂေါ သယမေဝ အတ္တာနံ အာရမ္မဏံ ကရောတီတိ အပရိပုဏ္ဏော သစ္စာဘိသမယော သိယာ။ အညေန မဂ္ဂေန မဂ္ဂေါ အာလမ္မီယတီတိ ပရိပုဏ္ဏောဝါတိ စေ?ဧဝံ သတိယေန မဂ္ဂေန မဂ္ဂေါ အာလမ္မိတော၊ သောပိ အညေန, သောပိ အညေနာတိ အနဝဋ္ဌာနံ သိယာ၊ တသ္မာ နု အာရမ္မဏပဋိဝေဓတော စတုသစ္စာဘိသမယော ယုတ္တော၊ ဝုတ္တနယေနေဝ ပန ယုတ္တော။ ကိဉ္စ ပရိစ္ဆိန္ဒိတဗ္ဗံ, သမုစ္ဆိန္ဒိတဗ္ဗဠ္ဆ အာလမ္ဗိတ္ဗာ ပရိစ္ဆေဒသမုစ္ဆေဒဘာဝနာ မဂ္ဂဉာဏသ နု ယုတ္တာ တတော အနိသဒ္ဒ ဘာဝတော၊ သဗ္ဗသင်္ခတဝိနိသဒ္ဒံ နိဗ္ဗာနမေဝ ပန အာရမ္မဏတာ ယုတ္တာ။ (အနုဋီ ၂–၆၄)။ ။ ကာလန္တရဒဿနန္တိ၊ ဟူသော စကားဖြင့်။ နာနာဘိသမယံ၊ အထူးထူးသောဉာဏ်ဖြင့် သိခြင်းကို။ ဝဒတိ၊ ၏။ ဧကဒဿိနောတိ၊ ကား။ ဧကသစ္စဒဿိနော၊ သစ္စာတပါးကို မြင်သောသူ၏။ နု ယောဧတေဗ္ဗာ သိယာတိ၊ ကား။ ယောဧနာယဠ္ဆ၊ ယှဉ်စေခြင်းသည်လည်း။ (သတိ၊ သော်။) သဗ္ဗဒဿနံ၊ အလုံးစုံသော သစ္စာကို မြင်ခြင်းသည်။ ဒဿနန္တရပရမံ၊ မြင်ခြင်းတပါးလျှင် အမြတ်ရှိ၏။ (ပရမံ–အရာ၌ ပရံ–ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင်) ဒဿနန္တရပရံ၊ မြင်ခြင်းတပါးလျှင် (ဝါ) သစ္စာတပါးကို မြင်ခြင်းလျှင် နောက်၌ရှိ၏။ (သစ္စာ တပါးတပါးကို မြင်ပြီးတိုင်း အခြားသစ္စာကို မြင်ခြင်းက နောက်မှ လိုက်ပါလျက်ရှိရမည်ဟု ဆိုလို၏၊) ဣတိ၊ ကြောင့်။ ဒဿ နာနုပရမော၊ သစ္စာကို မြင်ခြင်း၏ မကင်းခြင်း–မပြတ်စဲခြင်းသည်။ အာပဇ္ဇေယ္ယ၊ ၏။ စ၊ သည်မျှသာမကသေး။ သစ္စာနံ၊

တို့ကို။ နာနာဘိသမယေ၊ သည်။ (သတိ၊ သော်။) ဒုက္ခဒဿနာဒီဟိ၊ ဒုက္ခကိုမြင်ခြင်းစသည်တို့ဖြင့်။ ပဌမမဂ္ဂါဒိပွဟေယျာနံ၊ ပဌမမဂ်စသည်ဖြင့် ပယ်အပ်ကုန်သော။ သံယောဇနေတ္တယာဒီနံ၊ တို့ကို။ ဧကဒေသပွဟာနံ၊ တစိတ်ကိုပယ်ခြင်းသည်။ အာပဇ္ဇတိ၊ ၏။ စ၊ ဆက်။ တထာ သတိ၊ သော်။ ဧကဒေသသောတာပတ္တိမဂ္ဂဋ္ဌတာ စ၊ တစိတ်တဒေသ သောတာပတ္တိမဂ်၌ တည်သူ၏အဖြစ်သည်ဎင်း။ တဒနန္တရဏ္ဍ၊ ထိုမဂ်၏အခြားမဲ့၌လည်း။ ပတ္တဗ္ဗေန၊ သော။ ဖလေန၊ ဖြင့်။ ဧကဒေသသောတာပန္နတာ စ၊ သည်ဎင်း။ အာပဇ္ဇတိ၊ ၏။ တသ္မာ၊ ကြောင့်။ သစ္စာနံ၊ တို့ကို။ နာနာဘိသမယော၊ သည်။ နု ယုတ္တော၊ မသင့်။ စ၊ သည်မျှသာ မကသေး။ နာနာဘိသမယော၊ သည်။ နု ယုတ္တော ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ အာရမ္မဏာဘိသမယောပိ၊ အာရုံပြု၍ သိခြင်းသည်လည်း။ (နု ယုတ္တော၊ မသင့်။) ဟိ၊ ချဲ့။ အာရမ္မဏကရဏေန၊ အားဖြင့်။ စတုသစ္စာဘိသမယော၊ ကို။ ယဒိ ဣဒ္ဓိတော၊ အံ့။ (ဧဝံ သတိ)၊ သော်။ မဂ္ဂေါ၊ သည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အတ္တာနံ၊ ကို။ အာရမ္မဏံ နု ကရောတိ၊ အာရုံမပြုတတ်။ ဣတိ၊ ကြောင့်။ သစ္စာဘိသမယော၊ သည်။ အပရိပုဏ္ဏော၊ မဂ္ဂကို သိခြင်းအလိုအားဖြင့် မပြည့်စုံသည်။ သိယာ၊ ၏။ အညေန မဂ္ဂေန၊ ဖြင့်။ မဂ္ဂေါ၊ ကို။ အာလမ္မိယတိ၊ အာရုံပြုအပ်၏။ ဣတိ၊ ကြောင့်။ ပရိပုဏ္ဏောဝ၊ လျှင်တည်း။ ဣတိ စေ၊ အံ့။ ဧဝံ သတိ၊ သော်။ ယေန မဂ္ဂေန၊ ဖြင့်။ မဂ္ဂေါ၊ ရှေးမဂ်ကို။ အာလမ္မိတော၊ ၏။ သောပိ၊ ထိုနောက်မဂ်ကိုလည်း။ အညေန၊ တပါးသော နောက်မဂ်ဖြင့်။ သောပိ၊ ကိုလည်း။ အညေန၊ ဖြင့်။ (အာလမ္မိတော၊ ၏။) ဣတိ၊ သို့။ အနဝဋ္ဌာနံ၊ မရပ်မနားခြင်းသည်။ သိယာ၊ ၏။ တသ္မာ၊ ကြောင့်။ အာရမ္မဏာပဋိဝေဓေတော၊ အာရုံပြု၍ သိခြင်းအားဖြင့်။ စတုသစ္စာဘိသမယော၊ သည်။ နု ယုတ္တော၊ မသင့်။ ပန၊ စင်စစ်။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ယုတ္တော၊ ၏။ ကိဉ္စ၊ အနည်းငယ် ဆိုဖွယ်ရှိသေး၏။ ပရိစ္ဆိန္နဒိတ္ဌဉ္စ၊ ပိုင်းခြားအပ်သော ဒုက္ခကိုဎင်း။ သမုစ္ဆိန္နဒိတ္ဌဉ္စ၊ ပယ်ဖြတ်အပ်သော သမุဒယကိုဎင်း။ အာလမ္ဗိတ္တာ၊ ၍။ မဂ္ဂဉ္စာ ဿ၊ ၏။ ပရိစ္ဆေဒသမုစ္ဆေဒဘာဝနာ၊ ပိုင်းခြားတတ်, ပယ်ဖြတ်တတ်သောဘာဝနာသည်။ နု ယုတ္တာ၊ မသင့်။ (ကသ္မာ၊ ကား။) တတော၊ အာရုံပြုအပ်သော ထိုဒုက္ခနှင့် သမุဒယတို့မှ။ အနိဿဋ္ဌဘာဝတော၊ မလွတ်မြောက်ခြင်းကြောင့်တည်း။ ပန၊ စင်စစ်။ သဗ္ဗသခ်ံတဝိနိဿဋ္ဌံ၊ သော။ နိဗ္ဗာနမေဝ၊ ကိုသာလျှင်၊ ဝါ၊ ၏သာလျှင်။ (သာမိအနက်၌ ပဌမာသက်) အာရမ္မဏတာ၊ အာရုံပြုသည်၏အဖြစ်သည်၊ ဝါ၊ အာရုံ၏အဖြစ်သည်။ ယုတ္တာ၊ ၏။ အနုဋ္ဌီအနက်။

မှတ်ချက်

၁–အဏူဟိ လောကော ပဝတ္တတီတိ အာဇီဝကဝါဒံ သန္ဓာယာဟ။ သော ဟိ အကာရဏပရိဂ္ဂဟော။ ကဏာဒဝါဒေါ ပန ဣဿရိစ္ဆာဝသေန အဏူနံ သံယောဂဝိယောဂတော လောကဿ ပဝတ္တိနိဝတ္တိ ဝဒတိ။ အနုဋ္ဌီ ၂–၆၅။ ကဏာဒဝါဒသည်လည်း အဏုဝါဒပင်ဖြစ်ငြားသော်လည်း ဣဿရ၏အလိုအားဖြင့် အဏုတို့၏ပေါင်းစပ်ခြင်း ကွဲကွာခြင်းဖြစ်လျက် လောက၏ဖြစ်ခြင်း ပျက်ခြင်းဖြစ်သည်ဟုဆိုသောကြောင့် ယင်းဝါဒကို ဣဿရကာရဏဝါဒ၌ အတွင်းဝင်သည်ဟု ဆိုလို၏။

မှတ်ချက်

၁–ဤပကတိဝါဒ အဏုဝါဒတို့နှင့်စပ်၍ အကျယ်ကို ဤဋီကာ ဒု–နှာ ၃၅၈–မှစ၍ သမယန္တရပိုင်း၏ နိဿယ၌ ကြည့်ပါ။

မှတ်ချက်

၁–ယဿ–၏ နိယတ်ဖြစ်သင့်သောကြောင့် တထာ–မှ အာ–ကို ရဿ–ပြု၍ တထသဘာဝေန–ဟု ပြီးသည်၊ တထတ္ထေန–၌လည်း နည်းတူပင်။ တထာ+အတ္တ–မှ ပြီးသည်ဟူ၍ဎင်း အတ္တ–ဖြင့် သဘာဝကို ဟောသည်ဟူ၍ဎင်း ယူအပ်၏။ သို့မဟုတ် တထတ္ထေနဟူသော ပါဌ်အရအားဖြင့်လည်း တထာ+အတ္တ–မှ ပြီးသည်ဟူ၍ဎင်း အတ္တ–ဖြင့် သဘာဝကို ဟောသည်ဟူ၍ဎင်း ယူအပ်၏။ တထ+အတ္တ–မှ တထတ္ထေန–ဟု ပြီးသည်ဟုယူလျှင် အမှန်သဘောအားဖြင့်–ဟု အနက်ရသော်လည်း ယဿ–ဟူသော အနိယတ်နှင့် မစပ်မိ၍ သင့်အံ့မထင်။ တဒတ္ထေန–ဟု ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏။

မှတ်ချက်

၁–ဝိကာရာတိ မဟာဒယော ဗျတ္တာ။ ဝိဘာဝတောတိ အာဘိဗျတ္တိတော, ပရိဏာမတော ဝါ ပုဗ္ဗေ–အနုဋ္ဌီ ၂–၆၆–နှင့် အညီ ဤအရာ၌ ဝိကာရာ ဝိဘာဝတော ပုဗ္ဗေ–ဟု ရှိသော မူလဋီကာပါဌ်သာ ယုတ္တတရ ဖြစ်သည်၊ သို့မဟုတ် အဝိကာရိဘာဝတော–အရာ၌ ဝိကာရီဘာဝတော–ဟူ၍သော်လည်း ပါဌ်ရှိသင့်၏။

မှတ်ချက်

၁–သမုဒယဘာဝေနာတိ တဏှာသင်္ခါတပဘဝဘာဝေန။ အညထာ တံသမ္မယုတ္တအဝိဇ္ဇာဒီနမ္ပိ သမုဒယဘာဝေါ လဗ္ဘတေဝါတိ။ ၎င်း အနု–၆၇။ တဏှာ–ဟူသော ပဘဝအဖြစ်ဖြင့်သာ မတည်သည်၊ သာမန် သမုဒယအဖြစ်ဖြင့်မူကား သစ္စဝိဘင်း အဘိဓမ္မာဘာဇနီ–၌ အဝ–သေသာကုသလမူလ–စသည်တို့ကို သမုဒယအဖြစ်ဖြင့် ဟောထားသောကြောင့် တဏှာသမ္မယုတ် အဝိဇ္ဇာ–စသည်တို့၏လည်း သမုဒယအဖြစ် ရှိသေးသည်ဟု ဆိုလို၏။ ဤအရာ၌ ဋီကာ ၂–နည်းတို့တွင် ပဋ္ဌမနည်းအရ ပုနဗ္ဘဝ–ဟူသော အာယတိဒုက္ခသည် တဏှာသမုဒယနှင့်တကွ မဖြစ်သောကြောင့် ပကတိဝါဒီတို့၏ ပကတိ–နှင့် ဝိကာရ–တို့ကဲ့သို့ သမဝါယ မဖြစ်ဟူသော အနက်သည် ရှင်းလင်းပြတ်သားပေ၏။ ဒုတိယနည်းအရ တဏှာသမ္မယုတ်ဒုက္ခ၏ တဏှာသမုဒယအဖြစ်ဖြင့် မတည်ခြင်းသည်ကား ဝိကာရ–တို့၏ ပကတိအဖြစ်၌ တည်ပုံနှင့်နီးနှောရ၍ ဗျတိရေကအဖြစ်ယူရန် ပြတ်သား ရှင်းလင်းခြင်း မရှိပေ။

မှတ်ချက်

၂–အဝိဘတ္တေဟီတိ ဝေသမ္မဝိရဟေန ပကတိဘာဝံ ဂဟေတိ။ ။ ပကတိဘာဝေနေဝ ဌိတေဟီတိ ဣမိနာ အဝိဘတ္တေ ဟီတိ ပဒသေ အတ္ထံ ဝဒတိ။ ၎င်း အနု ၆၇–ပင်။

မှတ်ချက်

၃–ဝိကာရေဟီတိ သာမညတော ဝုတ္တေ မဟန္တာတိအာဒိနာ သရူပတော ဒဿေတိ၊ တတ္ထ မဟန္တောတိ မဟာ, ဗုဒ္ဓိ၊ တဋ္ဌိ ကာပိလာ "မဟာ, အဒ္ဓါသယော"တိ စ ဝေါဟရန္တိ။ ရူပတမ္မတ္တာဒယော ပဌ တမ္မတ္တာ, အဟံကာရော စာတိ ဆ အဝိသေသာ။ စက္ခု သောတံဃာနံ ဇိဝှါ ကာယော ဝါစာ ပါဏိ ပါဒေါ ပါယု ဥပတ္ထံ မနောတိ ဧကာဒသိန္ဒြိယာနိ။ ပထဝီအာပေါ တေဇော ဝါယော အကာသန္တိ ပဌ ဘူတဝိသေသာ၊ တေဟိ။ ၎င်း အနု ၆၇–ပင်။ ။ ပကတိမှ ပြောင်းလဲဖြစ်ပွါးလာသော အရာဝတ္ထုတို့တွင် အကြီးဆုံးဖြစ်သောကြောင့် မဟာ–ဟု ခေါ်သည်။ အဟံကာရ တမ္မတ္တာ ဣန္ဒြိယ–နှင့် ဘူတဝိသေသ–တို့သည်ရင်း မဟာမှ ဖြစ်ပွါးကြသည်ဟု သာရှိ်ဝါဒီတို့က ဆိုကြ၏။ အဒ္ဓါဝသာယော ဗုဒ္ဓိ–ဟူသော သာရှိ်ပဝစနသုတ် ၂–၁၃–နှင့်အညီ ၎င်းကို အဒ္ဓါဝသာယ–ဆုံးဖြတ်ခြင်း အသိဉာဏ်–ဗုဒ္ဓိ–ဟူ၍လည်း ခေါ်၏။ မတိ, ဉာဏ, ပညာ–ဟူ၍လည်း ခေါ်ကြောင်း ထိုသာရှိ်ဝါဒကျမ်းတို့၌ ဆို၏။ ထိုကြောင့် အဒ္ဓါသယော–အရာ၌ အဒ္ဓါဝသာယော–ဟု ရှိစေရမည်။ ဆ အဝိသေသာ–ဟူသော အနုဋီ–နှင့်အညီ တမ္မတ္တာဝိသေသိန္ဒြိယ–အရာ၌ တမ္မတ္တာဝိသေသိန္ဒြိယ–ဟု ပါဠိရှိစေရမည်။ ၁၁–ပါးသော ဣန္ဒြေတို့တွင် ကာယတိုင်အောင် ငါးပါးကို ဗုဒ္ဓိန္ဒြေ–ဟုခေါ်သည်၊ ဝါစာ–စသော ငါးပါးကို ကမ္မိန္ဒြေ–ဟု ခေါ်သည်။ ထိုတွင် ဝါစာဖြင့် အက္ခရာဖြစ်ရာ လည်ချောင်းစသောဌာန်ကို ယူသည်၊ ပါယု–ဖြင့် ဝစ္စမဂ်ကို, ဥပတ္ထ–ဖြင့် ပဿာဝမဂ်ကို ခေါ်သည်။ မန–သည် သိလည်းသိတတ် ပြုလည်းပြုလုပ်တတ်သောကြောင့် ဥဘယိန္ဒြေဟု ဆို၏။ ပကတိနှင့်တကွ မဟာ, အဟံကာရ–စသော ဤဝိကတိတို့၏ အနက်အဓိပ္ပါယ်အကျယ်ကို ဤဋီကာ ဒု–နှာ ၃၅၈–စသည်၏ နိဿယ၌ ကြည့်ပါ။

မှတ်ချက်

၁–သဂ္ဂေတိ သဗ္ဗေ အသုညတာ။ တန္တ္ရသူတိ သုတ္တေသု သမဝါယိကာရဏဘူတေသု၊ တထာ ကပါလေသု။ တိဝိဓံ ဟိ တေ ကာရဏံ ဝဒန္တိ ဥပါဒါနကာရဏံ နိမိတ္တကာရဏံ သမဝါယိကာရဏန္တိ။ တတ္ထ တုရိဝေမသလာကာဒယော (လိပ်တုံး, လက်ခတ်, ယက်သွား ဝါးခြမ်းစိတ်စသည်တို့သည်) ဥပါဒါနကာရဏံ။ တန္တဝါယော နိမိတ္တကာရဏံ။ တန္တဝေါ သမဝါယိကာရဏန္တိ။ ဒွိသု အဏူသုတိ ပထဝီဘူတေသု ဝါ အာပေါတေဇောဝါယောဘူတေသု ဝါ ဒွိသု ပရမာဏူသု။ ဣဓ ဗုဒ္ဓိဝေါဟာရဇနကောတိ "ဣဓ တန္တ္ရသု ပဌော, ဣဓ ကပါလေသု ဃဌော, ဣဓ ဗီရဏေသု ကဌော"တိအာဒိနာ နယေန ဟေတုဖလာနံ သမ္ဗန္ဓဘူတေန သတ္တာနံ ဣဓဗုဒ္ဓိဝေါဟာရာ ဇာယန္တိ။ သော ဂေါဝိသာဏာနံ ဝိယ အဝိသုံ သဟသိဒ္ဓါနံ သမ္ဗန္ဓော သမဝါယော။ ခါဏုသေနာနံ ဝိယ ပန ဝိသုံသိဒ္ဓါနံ သမ္ဗန္ဓောသံယောဂေါ။ တီသု အဏူသု တိအဏုကံ ဖလံ သမဝေတံ ဧကီဘူတမိဝ သမ္ဗန္ဓန္တိ ယောဇနာ။ သမဝေတန္တိ ဧတသ "ဧကီဘူတမိဝ သမ္ဗန္ဓ"န္တိ ဣဒံ အတ္ထဝိဝရဏံ။ အနုဋီ ၂–၆၇။

မှတ်ချက်

၁–မဟာပရိမာဏန္တိ မဟန္တပရိမာဏံ မဟာပထဝီအာဒိကံ ဧကံ ဖလံ၊ ယံ တေ "ကာရိယံဒြဗ္ဗ"န္တိ ဝဒန္တိ။ ယေဟိ ကာရဏေဟိ အာရဒ္ဓံကာရိယဒြဗ္ဗံ၊ တဒန္တောဂဓာနိ ဧဝ တာနိကာရဏာနိ မညန္တိတိ အာဟ "အတ္ထနော အန္တောဂဓေဟိ ကာရဏေဟီ"တိ။ သတိသမဝါယေ ဟေတုမှိ ဖလံ သမဝေတန္တိ ဖလေ ဟေတု သိယာ၊ တံ နတ္ထိတိ ဒဿေန္တောအာဟ "သမဝါယာဘာဝါ ဖလေဟေတု နတ္ထိတိ ဟေတုသုညံ ဖလန္တိ။ အနုဋီ ၂–၆၇။

မှတ်ချက်

၁–ကိုဏ္ဍာပိ မဂ္ဂက္ခဏေ သမထဝိပဿနာယုဂနद္ဓါ၀၊ ယထာ ပန သုညတာဒိသမညာ၊ ဧ၀ं သမထဝိပဿနာ သမညာပိ အာဂမနတော မဂ္ဂသ သိယုန္တိ အာဟ "အာဂမနဝသေန ဝုတ္တော"တိ။ ယသ ၀ါ ပညိန္ဒြိယं အဓိကံ၊ တသ မဂ္ဂေါ ဝိပဿနာ၊ ဣတရသ သမထောတိ ဧ၀မေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ အနုဋီ ၂–ဖ၈။

မှတ်ချက်

၂–နိဒဿန–မြင်အပ်သောရူပါရုံကိုပင် သနိဒဿန–ဟု ဆိုသကဲ့သို့ ပဒေသ–တစိတ်ကိုပင် ဘေဒပြု၍ သပ္ပဒေသ–ဆိုသည်ဟု ဆိုလို၏။

မှတ်ချက်

၁–ဤ၀ါကျ အနက်မချောမောလှပေ၊ "သက်ဝင်နိုင်ခဲသောကြောင့်ပင်လျှင် သက်ဝင်နိုင်ခဲသောမဂ် ဖြစ်လတ်သော် မသက်ဝင်နိုင်ခြင်း မရှိတော့ပြီ"ဟု ယူရာ၏၊ မချောလှပေ။ တေနေ၀ အနုပ္ပန္နေ မဂ္ဂေ နတ္ထိ နိရောဓမဂ္ဂါနံ အ၀ဂ္ဂါဟောတိ–ဟူ၍သော်လည်း ပါဠိရင်းဖြစ်ရာ၏။ ထိုသို့ဖြစ်လျှင် "ထိုသို့ သက်ဝင်နိုင်ခဲသောကြောင့်ပင်လျှင် မဂ် မဖြစ်ခဲ့သော် နိရောဓနှင့်မဂ္ဂတို့ကို သက်ဝင်နိုင်ခြင်းမရှိချေ"ဟုယူရာ၏၊ ဤသို့ယူနိုင်မှ ချောမောပေမည်။

မှတ်ချက်

၂–ဝိဇာနနကာရဏဘူတေ နယေ–ဟူသော မူလဋီ ၂–၅၉–နှင့်အညီ ဝိဇာနနကာရဏဘူတေ နယေ၀–ဟုရှိသော မြန်မာမူဟောင်းသာ သင့်သည်။ ဣတိတိ ဣမိနာ ကမေနာတိ အယမတ္ထောတိ အဓိပ္ပါယေနာဟ "ဣတိ–သဒ္ဒေန ဝိဇာနနဣမံ ဒသေတီ"တိ။ ဧ၀ံပကာရေဟိတိ ဧ၀ं–သဒ္ဒေန ဇောတိယမာနော ဧ၀ အတ္ထော ပကာရသဒ္ဒေန ဝုစ္စတိတိ "ဧ၀ं–သဒ္ဒေန ဝိဇာနနကာရဏဘူတေ နယေ ဒသေတီ"တိ ဝုတ္တံ။ ဣတိတိ ၀ါ နိဒဿနတ္ထော၊ တေန ဝုတ္တပ္ပဘေဒေ ပစ္စာမသနဝသေန နိဒသေတိ။ ဧ၀ं–သဒ္ဒေါ ဣဒမတ္ထော၊ တေန ဧ၀ံပကာရေဟိတိ ဣဒံပကာရေဟိ၊ ဤဒိသေဟီတိ အတ္ထော၊ အနုဋီ ၂–ဖ၈။ အထူးမှာနယေ–ဖြင့် နယေဟိ–ဟူသော ကရိဏ်းကို ပြသောကြောင့် ဝိဇာနနကာရဏဘူတေ–အရာ၌ ဝိဇာနနကရဏဘူတေ–ဟူ၍သော်လည်း ပါဠိရင်းဖြစ်ရာ၏။

မှတ်ချက်

၁–ဤ၌ သာ–ဟူသော မူလကတ္တားနှင့်အညီ အဝိညာယမာနာ ဝိညာယမာနာ ဥပ္ပါဒိတာ–ဟု ထီလိင်နှင့်ရှိသင့်၏၊ ထိုသို့ရှိလျှင် သော–ပုဒ် ထည့်ရန်မလိုပြီ၊ ဝိညာယမာနာ စ၊ ဖြစ်သော။ သာ(ဓာတု)၊ သည်–ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–သို့ဖြစ်လျှင် အဘယ်ကြောင့် ဓမ္မသာမိ–ဟု ဆိုအပ်သနည်း?ကြောင့် ကေ၀လं ပန–စသည်ကို မိန့်သည်။

မှတ်ချက်

၂–ဥပ္ပါဒါ ၀ါ တထာဂတာနန္တိ တထာဂတာနံ ဥပ္ပါဒေ၀၊ ဗုဒ္ဓေသု ဥပ္ပန္နေသု အနုပ္ပန္နေသုပိ ဇာတိပစ္စယာ ဇရာမရဏံ၊ ဇာတိယေ၀ ဇရာမရဏသ ပစ္စယော။ ဒ္ဋိတာ၀ သာ ဓာတူတိ ဒ္ဋိတော၀ သော ပစ္စယသဘာ၀ေါ၊ နု ကဒါစိ ဇာတိ ဇရာမရဏ သ ပစ္စယော နု ဟောတိ။ ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာတိ ဣမေဟိပိ ဒ္ဒီဟိ ပစ္စယမေ၀ ကထေတိ။ ပစ္စယေန ဟိ ပစ္စယုပ္ပန္နာ ဓမ္မာ တိဋ္ဌန္တိ၊ တသ္မာ ပစ္စယော၀ "ဓမ္မဋ္ဌိတတာ"တိ ဝုစ္စတိ။ ပစ္စယော ဓမ္မေ နိယမေတိ၊ တသ္မာ "ဓမ္မနိယာမတာ"တိ ဝုတ္စတိ။ သံ ၌ ၂–၃၈။ ထိုအဋ္ဌကထာအလိုအားဖြင့် ဥပ္ပါဒါ ၀ါ တထာဂတာနံ–စသောပါဠိကို ဤသို့အနက်ပြန်ရာ၏။ "တထာဂတာနံ၊ တို့၏။ ဥပ္ပါဒါ ၀ါ၊ ပွင့်တော်မူသော်ဌင်း၊ ၀ါ၊ ပွင့်တော်မူသည်ဖြစ်စေ။ တထာဂတာနံ၊ တို့၏။ အနုပ္ပါဒါ ၀ါ၊ မပွင့်တော်မူသော်ဌင်း၊ ၀ါ၊ မပွင့်တော်မူသည်ဖြစ်စေ။ ဓမ္မဋ္ဌိတတာ၊ အကျိုးတရားတို့၏ တည်သည်၏အဖြစ်ဟူသော၊ ၀ါ၊ တို့၏ တည်ကြောင်းဟူသော။ ဓမ္မနိယာမတာ၊ အကျိုးတရားတို့ကို ကိန်းသေမှတ်တတ်သောသဘောဟူသော။ ဣဒပ္ပစ္စယတာ၊ ဤဇရာမရဏ၏ အကြောင်းဟူသော။ သာ ဓာတု၊ ထိုသဘောသည်။ ဒ္ဋိတာ၀၊ တည်ရှိသည်သာလျှင်တည်း။"

မှတ်ချက်

၁–ဓမ္မသ၊ အကြောင်း၏။ ဌိတတာ၊ တည်သည်၏အဖြစ်ဟု ဆိုရုံမျှဖြင့် ဖလသ ဥပ္ပါဒါဒိဝသေန ဌိတတာ–ဟူသော အနက်ကို ဟောနိုင်ပါအံ့လော?ကြောင့် ဖလံ ပတိ သာမတ္ထိယတော–ဟု မိန့်သည်။

မှတ်ချက်

၂–ဇာတိကြောင့် ဇရာမရဏ–မဖြစ်ဟု သိအပ်သည့်အတိုင်း မဟုတ်မမှန်သောကြောင့်ဟု ဆိုလို၏။ သမ္ဘဝါဘာဝ တော၊ ဖြစ်သင့်ခြင်း၏ မရှိခြင်းကြောင့်ဟု ရှိလျှင်သာ၍ကောင်း၏။

မှတ်ချက်

၁–သီမူနှင့် အညီ အ–မပါပဲ ဘသိတွာ–သာ သင့်သည်။ ဒီဋ္ဌိ ၂–၉၂–၌ကား ပရိစ္ဆေနတော–ဟု ရှိ၏။

မှတ်ချက်

၂–ဒီ ဋ္ဌိ ၂–၉၂–၌ အညသ အသမ္ဘဝတော–ဟု ရှိ၏။ တပါးသောအနက်၌ မဖြစ်သင့်ခြင်းကြောင့်–ဟူသော အနက်လည်း သင့်၏။

မှတ်ချက်

၁–ဣဒပ္ပစ္စယတာ–၏ အရဖြစ်သော ဣဒပ္ပစ္စယသတ္တ–သည် ဣဒပ္ပစ္စယ–မှ တခြားတပါးဖြစ်ခဲ့လျှင် ဇာတိစသော ဣဒပ္ပစ္စယသာလျှင် ထင်ရှားရှိ၏၊ ဣဒပ္ပစ္စယမှ တပါးတခြား ဖြစ်သော ထိုသတ္တ–ကား ထင်ရှားမရှိဟူသော အပြစ်သည် ရောက်၏–ဟု ဆိုလို၏။

မှတ်ချက်

၂–သဘာဝံ သတ္တတော–အရာ၌ သဘာဝသတ္တတော–ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် တံ၊ သည်။ သတ္တံ၊ သည်။ နံ၊ မဟုတ်။ ကသ္မာ၊ ကား။ သဘာဝသတ္တတော၊ သန္တ၏အဖြစ်ဟူသော သတ္တမှ။ အညတ္တာ၊ ကြောင့်တည်း–ဟု အနက်ပေး။

မှတ်ချက်

၃–သတော ဘာဝေါ–ဟူရာ၌ ဘာဝေါ–အရသာလျှင် သတ္တသန္တ–ဖြစ်၍ သတော–အရသန္တ–ကား အသန္တ–အဖြစ်သို့ ရောက်နေသောကြောင့် ထိုသို့ ဝစနတ္ထမပြုသင့်ရာဟု ဆိုလို၏။

မှတ်ချက်

၄–သတ္တံ–ဟူသော သန္တဟော နိပ္ဖန္နပုဒ်နှင့် စပ်သောကြောင့် သတော–အရလည်း သန္တပင်ဟု ဆိုငြားအံ့၊ ထိုသို့လည်း မဆိုသင့်၊ သတ္တံ–ဟူသော နိပ္ဖန္နပုဒ်နှင့် မစပ်ပဲ သန္တောသတော သန္တသ–စသည်ဖြင့် ဆိုရာ၌ ၎င်းပုဒ်တို့၏ အနက်ထင်ရှား မရှိ–ဟု ဆိုရာရောက်သည်မှာ ဆိုဖွယ်ပင်မရှိဟု ဆိုလို၏။

မှတ်ချက်

၁–သီမူနှင့်အညီပင်၊ သုတ်ပါဠိတော်၌ ဟောထားသော ဇသာ ဓာတု, ဓမ္မဋ္ဌိတတာစသောပုဒ် တထတာ, အဝိတထတာ –စသော ပုဒ်တို့ကို ရည်ညွှန်းသည်။ မြန်မာမူ၌ ဇာတိအာဒိပဒါနံ–ဟု ရှိသည်ကား သင့်အံ့မထင်။

မှတ်ချက်

၂–ဥဒ္ဒေသံ–ဟူသောပုဒ်၌ ဥဒ္ဒိသိတဗ္ဗတံ–ဟု ကမ္မသာဓနဘာဝပွဓာန အနက်ယူရသကဲ့သို့ ဤဓာတု အစရှိသောပုဒ် တထတာ–အစရှိသောပုဒ်တို့၌လည်း အကြောင်းဖြစ်သော ဓာတ်သဘော, မှန်ကန်သော အကြောင်း၏အဖြစ် စသည်ဖြင့် ဟိတ် အနက်ကို ပဓာနပြု၍ ယှဉ်စေရမည် အနက်ယောဇနာရမည်ဟု ဆိုလို၏။

မှတ်ချက်

၁–ပဗ္ဗတော၊ ဝိဠ ၂တောင်သည်။ နဒီ၊ ဂင်္ဂါမြစ်သို့။ အပ္ပတ္တာ၊ မရောက်မူ၍။ တိဋ္ဌတိ၊ ၏။ ဝိဠ ၂တောင်သည် ဂင်္ဂါမြစ်၏တောင်ဖက်၌ အရှေ့အနောက် အလျားလိုက်အားဖြင့် တည်လျက်ရှိ၏။ ထိုတောင်၏ တောင်ပိုင်းသားတို့က ထုတ်ပြသော ပြယုဂ်ဖြစ်သည်။ ၎င်းတောင်ပိုင်းသားတို့၏ အမြင်ဖြင့် ဝိဠ ၂တောင်၏ မြောက်ဖက်၌ မိုင်ပေါင်းများစွာကွာသောအရပ်တွင် ဂင်္ဂါမြစ်တည်ရှိသည်ကို မျှော်၍ ထိုသို့ ဆိုပေသည်။ ပရ–ထိုမှာဖက်မည်သော ဂင်္ဂါနှင့်ယှဉ်ရာ၌ တွာ–ပစ္စည်းသက်သော ပြယုဂ် တည်း။ နဒီ၊ ဂင်္ဂါမြစ်သည်။ ပဗ္ဗတံ၊ ဝိဠ ၂တောင်ကို။ အတိက္ကမ္မ၊ ကျော်လွန်၍။ တိဋ္ဌတိ၊ ၏။ ဤပြယုဂ်လည်း အိန္ဒိယ တောင်ပိုင်းသားတို့၏ အမြင်ဖြင့် ထုတ်သောပြယုဂ်ပင်တည်း။ အောက်ပါမှာ အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန် နိသျ ၇၇၁–၃–တို့၌ ပြဆိုချက်ပေတည်း။

ပရာဝရယောဂေ စ၊ (ပါ၊ ၃၊ ၄၊ ၂၀)။ ပရေန ပုဗ္ဗသ, အဝရေန ပရသ ယောဂေ ဂမ္မေ ဓာတုမှာ ကွာ ဘဝတိ၊ အပ္ပတ္တာ နဒီ ပဗ္ဗတော–ပရနဒီယောဂေါ အတြ ပဗ္ဗတသ၊ အတိက္ကမ္မပဗ္ဗတံ ဋ္ဌတာ နဒီ–အဝရပဗ္ဗတယောဂေါ အတြ နဒီယာ (သိဒ္ဓန္တကောမုဒိ)။ ။ အပ္ပတ္တာတိဒက္ခိဏဒေသဋ္ဌာနံ–ဂင်္ဂါမပ္ပတ္တာ ဝိဠ္ဆေ ၂၊ ဂင်္ဂါပ္ပတ္တိဝိရဟဝိသိဋ္ဌ ဒေသဋ္ဌော ဝိဠ္ဆေ ၂ ကွစ္ဆတ္ထော၊ အတြ ဝိဠ ၂တော ပရာ ဂင်္ဂါတိ ဂမ္မတေ။ အတိက္ကမ္မာတိ ဒက္ခိဏဒေသဋ္ဌာနမေဝါယမပိ ပယောဂေါ၊ အတြ ဟိ ဂင်္ဂါယ ပုဗ္ဗော ဝိဠ္ဆေ ၂တိ ဂမ္မတေ၊ ကွဟ တီသု သုတ္တေသု ကွာပစ္စယသ ဘာဝမတ္တတ္ထတ္တေပိ ဝိသေသနဝိသေသျသံသဂ္ဂါ ဘိဒ္ဓန္တေ ကွတိ နတ္ထိ နိရတ္ထကတာတိ (တတ္တဟောဓိနီ)။ ။ အပ္ပတ္တာတိ၊ အပ္ပတ္တာ နဒီ ပဗ္ဗတော–ဟူသော ပြယုဂ်သည်။ ဒက္ခိဏဒေသဋ္ဌာနံ၊ ကွန္ဒိယ တောင်ပိုင်းသားတို့၏။ ပယောဂေါ၊ ပြယုဂ်တည်း။ ဝိဠ္ဆေ ၂၊ ဝိဠ ၂တောင်သည်။ နဒီ၊ ဂင်္ဂါမြစ်သို့။ အပ္ပတ္တာ၊ မရောက်မူ၍။ တိဋ္ဌတိ၊ တည်၏။ (ကွန္ဒိယ၏ အလယ်၌ အနောက်သမုဒ္ဒြာရောက်အောင် အရှေ့အနောက် တန်းတည်သောတောင်သည် ဝိဠ္ဆ မည်၏။ ထိုတောင်၏ တောင်ဖက်ကို အိန္ဒိယတောင်ပိုင်း၊ မြောက်ဖက်ကို မြောက်ပိုင်းဟု ခေါ်ကြ၏။ ဂင်္ဂါမြစ်သည်ကား ထိုတောင်၏ မြောက်ဘက်၌တည်၏)။ ဂင်္ဂါပ္ပတ္တိဝိရဟဝိသိဋ္ဌဒေသဋ္ဌော၊ ဂင်္ဂါမြစ်သို့ ရောက်ခြင်း၏ကင်းခြင်းဖြင့် အထူးပြုအပ်သော အရပ်၌တည်သော။ ဝိဠ္ဆေ ၂၊ ဝိဠ ၂–တောင်။ ကွစ္ဆတ္ထော၊ ဤကားအဋ္ဌ။ အတြ၊ ဤ၌။ ဝိဠ ၂တော၊ မှ။ ပရာ၊ ထိုမှာဖက် ဖြစ်သော။ ဂင်္ဂါ၊ ဂင်္ဂါမြစ်။ ကွတိ၊ ဤအဋ္ဌကို။ ဂမ္မတေ၊ သိအပ်၏။ အတိက္ကမ္မာတိ အယမ္ပိ၊ အတိက္ကမ္မ ပဗ္ဗတံ ဋ္ဌတာ နဒီ–ဟူသည်လည်း။ ဒက္ခိဏဒေသဋ္ဌာနမေဝ၊ ကွန္ဒိယတောင်ပိုင်းသားတို့၏သာလျှင်။ ပယောဂေါ၊ တည်း။ ဟိ၊ မှန်၏။ အတြ၊ ဤ၌။ ဂင်္ဂါယ၊ ၏။ ပုဗ္ဗော၊ ရှေ့ဖက် (ဤမှာဖက်) ဖြစ်သော။ ဝိဠ္ဆေ ၂၊ တောင်။ ကွတိ၊ ဤအဋ္ဌကို။ ဂမ္မတေ၊ ၏။ ကွဟ၊ ဤ၌။ တီသု သုတ္တေသု (ပါ၊ ၃၊ ၄၊ ၁၈, ၁၉,၂၀–ဟူသော) သုံးသုတ်တို့၌။ ကွာပစ္စယသ၊ ၏။ ဘာဝမတ္တတ္ထတ္တေပိ၊ ဘောမျှဖြစ်သော အဋ္ဌချည်းဖြစ်သော်လည်း။ ဝိသေသနဝိသေသျသံသဂ္ဂါ၊ ဝိသေသန ဝိသေသျ–ယောနှောအထူးပြုခြင်းတို့သည်။ ဘိဒ္ဓန္တိ၊ ကွဲပြားကုန်၏။ ကွတိ၊ ထိုကြောင့်။ နိရတ္ထကတာ၊ ဤသုတ်၏ အကျိုးမရှိသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။

ဤသုတ်ကို ရည်၍ ပုဂ္ဂလပညတ်မူလဋီကာ၌ "အဋ္ဌကထာယံ ပန အပ္ပတ္တာ နဒီ ပဗ္ဗတောတိ ဝိယ အာယုပ္ပမာဏံ ဝေမ္ဗ၎ အပ္ပတ္တံ ဝါ ဟုတ္တာတိ ပရသဒ္ဒယောဂေ ပရတော ဘူတော ဟုတ္တာ–သဒ္ဒေါ ဝစနသေသဘူတော ပယုတ္တောတိ ဝေဒိ တဗ္ဗော"ဟူ၍ဎင်း ဝိသုဒ္ဓိမဂ္ဂဋီကာ ပဋ္ဌိစ္စသမုပ္ပါဒအဖွင့်၌ "နှ စေတ္ထ ပရာဝရယောဂေါ အပ္ပတ္တာ နဒီ ပဗ္ဗတော အတိက္ကမ္မပဗ္ဗတံ နဒီတိအာဒီသု ဝိယ"ဟူ၍ဎင်း မိန့်ဆိုကုန်၏။ ။ မူလဋီကာ၌ အဓိပ္ပါယ်ကား အာယုပ္ပမာဏံ ဝေမ္ဗ၎ အပ္ပတ္တံ ဝါ ဟုတ္တာ–ဟု ဖွင့်သော အဋ္ဌကထာဆရာအလိုအားဖြင့် အပ္ပတ္တာ နဒီ ပဗ္ဗတော–ဟူရာ၌ နဒီ–ကား ထိုမှာဖက်–ပရ၊ ပဗ္ဗတ–ကား ဤမှာဖက်–ပုဗ္ဗ၊ ထိုပုဗ္ဗ၏ ပရနှင့်ယှဉ်ရာ အပ္ပတ္တာ–ဟု တွာ–ပစ္စည်းသက်သကဲ့သို့ ဤ၌လည်း ဝေမ္ဗ၎–ကား ထိုမှာဖက်–ပရ၊ အာယုပ္ပမာဏ–ကား ဤမှာဖက်–ပုဗ္ဗ၊ ၎င်း၏ယှဉ်ရာ တွာပစ္စယန္တဟုတ္တာ သဒ္ဒါကျေသော အပ္ပတ္တံ ဟုတ္တာ–ဟူသော အဋ္ဌကို မှတ်အပ်၏။ အပ္ပတ္တာ–ဟု ဆိုလိုသည်ဟူလို။ ။ ပရသဒ္ဒယောဂေ၊ အာယုပ္ပမာဏ–ဟူသော ပုဗ္ဗ၏ ဝေမ္ဗ၎–ဟူသော ပရနှင့်ယှဉ်ခြင်းကို။ ဂမ္ဗ မာနေ၊ သိအပ်သော်။ ပရတော၊ ပရယောဂကြောင့်။ ဘူတော၊ ဖြစ်သော။ ဝစနသေသဘူတော၊ သဒ္ဒါကြွင်းဖြစ်၍ဖြစ်သော။ ဟုတ္တာ–သဒ္ဒေါ၊ ဟုတ္တာ–သဒ္ဒါကို။ ပယုတ္တော၊ ယှဉ်အပ်၏–ဟု မူလဋီကာ၌ အဋ္ဌပေး။

မှတ်ချက်

၁–ဤနိရတ္ထကစကား၏ ဥဒါဟရဏ်တို့ကို နျာယကျမ်းမှ ဆောင်၍ပြသည်။ ထိုကြောင့် "ပုဗ္ဗာပရိယာယောဂါ အပ္ပဋိ သမ္ဘန္ဓတ္ထံ အပတ္ထကံ"ဟူသော နျာယသုတ် (၅၊ ၂၊ ၁၀) ၏ အဖွင့်ဘာသာကျမ်း၌–

ယတြာနေကဿ ပဒဿ, ဝါကျဿ ဝါ ပုဗ္ဗာပရိယေန အန္တယယောဂေါ နတ္ထိတိ အသမ္ဘန္ဓတ္ထတ္တံ ဂယှတေ၊ တံ သမုဒါ ယတ္ထဿ အပါယာ (အပဂမတော) အပတ္ထကံ။ ယထာ–ဒသဒါဋ္ဌမာနိ, ဆ ပူပါ၊ ကုဏ္ဍံ, အဇာဇိနံ, ပလလပိဏ္ဍော၊ အထ ရောရုကမေတံ ကုမာရိနံ ပေယျံ, တဿာ ပိတာ ပတိသီလောတိ–ဟု ဖွင့်ပြထားလေသည်။

ထိုတွင် ဒသ ဒါဋ္ဌမာနိ–သလဲသီးဆယ်လုံးတို့၊ ဆ ပူပါ–မုံ့ –ဆယ်ခုတို့–ဟူသော ဤစကား ၂–ရပ်တို့၌ အချင်းချင်း ဆက်စပ်ခြင်း မရှိသောကြောင့် အပတ္ထက ဖြစ်သည်ဟူ၏။ ထို့ပြင် ကုဏ္ဍံ–ရေကရား၊ အဇာဇိနံ–ဆိတ်ရေ၊ ပလလပိဏ္ဍော–အသားစိုင်၊ ဝါ–နှမ်းပုံ။ အထ–ထိုပြင်၊ ရောရုကံ–ဆတ်ရေ–ဆတ်ချို–ဆတ်သား၊ ဧတံ–ဤအရာသည်။ ကုမာရိနံ–မိန်းမပျိုတို့၏၊ ပေယျံ၊ သောက်ဖွယ်။ တဿာ၊ ထိုမိန်းမ၏၊ ပိတာ–အဘသည်၊ ပတိသီလော–အရှင်သခင်ရှိ၏၊ ဝါ–လူကြီး ပေတည်း–ဟူသော ဤစကားတို့လည်း အချင်းချင်းမစပ်ဆိုင်သောကြောင့် အပတ္ထက ဖြစ်သည်ဟူ၏။ (ဋ္ဌပဏ္ဍိ–၌ ပတိသီလော ဝုဒ္ဓေါ–ဟု ဖွင့်ပြ၏။)

မဟာဋီကာ၌ အာဒိ–ဖြင့် ဤဘာသာ၌ ပြထားသော ဆပူပါ–စသည်တို့ကိုလည်း အဋ္ဌသာလိနီ (၈၂)၌ ပြထားသော ကုသလာ ရှုပ် စက္ခုမာ–စသည်တို့ကိုလည်း ယူအပ်၏။ (အရေးမကြီးလှသော်လည်း အရင်းအမြစ်နှင့်တကွ မှတ်သားနိုင်ရန် ထုတ်ပြသည်။)

မှတ်ချက်

၁–နို့ဓမ်းမှ သေရည်ဖြစ်နိုင်ခဲ့လျှင် ဤပါဠိအနက်သင့်ရာ၏၊ သို့မဟုတ် သုရာ–ဟု ရှိရာတွင် ခီရံ–ဟု ရှိလျှင် သင့်ရာ၏။ ထိုအလိုအားဖြင့် ခီရံ၊ နို့ရည်ကို။ ဒဓိတိ စ၊ ဟူ၍ငင်း။ ဟု အနက်ပေးရာ၏။

မှတ်ချက်

၁–ပုရိသဝါဒ ပဇာပတိဝါဒတို့သည် ဣဿရဝါဒနှင့် ထပ်တူပင်ဖြစ်သည်။ အမည်မျှသာထူးသည်၊ ထိုကြောင့် အနုဋ္ဌ ၃–ဖြ၅ ၌ ယထာ စ ဣဿရော၊ ဧဝံ ပဇာပတိ, ပုရိသော စ၊ နာမမတ္တမေဝ ဟေတ္ထ ဝိသေသော–ဟု မိန့်ဆိုလေသည်။ သို့သော် ယခုခေတ် သမယန္တရဝါဒတို့၌ကား ပုရိသဝါဒ မထင်ရှားပေ။

မှတ်ချက်

၁–သမ္ဘဝတော–ပုဒ်နှင့် ကတ္တားမတူသည်ကို အကြောင်းပြု၍ ဤသို့ ဖွင့်ဟန်ရှိ၏၊ သို့သော် သမ္ဘဝန္တိ–ဟု ကတ္တား ဟောကြိယာနှင့် ရှိလျှင် တေသံ တေသံ ဓမ္မာနံ–အရ တေ တေ ဓမ္မာ–ဟု ကတ္တားဖြစ်လျက် တူသောကတ္တားရှိသည်သာ ဖြစ်သင့်သောကြောင့် ဝိသုဒ္ဓိမဂ်၌ ရှိရင်းအတိုင်း "သန္တတိ၊ ကို။ အဝိစ္ဆိန္နိတ္ဝာ၊ မဖြတ်မူ၍၊ ဝါ၊ မပြတ်စဲစေမူ၍"ဟု အနက်ပေးလျှင်လည်း သင့်ရာသည်သာတည်း။

မှတ်ချက်

၁–ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ–ဟူသောသံ ၂–၂ဖဖ–စသည်မှ ပါဠိကို ရည်သည်။

မှတ်ချက်

၁–ဤအရာတွင် သီမူ၌ "တတ္ထ ဗျာဒါနပရိဝတ္တနုတ္တရကာလေဝ ဗျာဗာရူပသမလက္ခဏာယ သယနကိရိယာယ လက္ခီယတိ"ဟု ရှိ၏။ ဖွင့်ဟခြင်း လှည့်ခြင်းတို့မှ နောက်ကာလကိုသာလျှင် ပင်ပန်းမှု၏ ငြိမ်းခြင်းလက္ခဏာရှိသော အိပ်ခြင်းကြိယာဖြင့် မှတ်အပ်၏–ဟု ပြန်။ ထို၌ ပရိဝတ္တန–မျက်လုံးလှည့်ခြင်းဟူသော ရှေးကြိယာကို ပြဆိုပါလျက် ပဿနရှုခြင်းဟူသော နောက်ကြိယာမပါပဲ လိုလျက်ရှိ၏။ မြန်မာမူဟောင်း၌လည်း သီမူနှင့်အလားတူပင်ရှိ၏။ လက္ခီယတိ–အရာ၌ နလက္ခီယတိ–ဤသို့စသည်ဖြင့် အနည်းငယ်ချွတ်ယွင်းနေခြင်းမျှသာ ထူး၏။

မှတ်ချက်

၁–ဤအရာ၌ သုတပွါးများစေရန်အလို့ငှါ အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်–နိဿယ ၃–၇၆၇–မှ မှတ်ဖွယ်တို့ကို ထုတ်ပြဦးအံ့။

ဧကကတ္တုကာနံ ပုဗ္ဗကာလေ (ကာ၊ ၇၊ ၄၃၃)။ ဧကကတ္တုကာနံ ဓာတုတ္ထာနံမဏ္ဍေ ယော ပုဗ္ဗကြိယာကာလော၊ တသ္မိံ ဝတ္တမာနာ ဓာတုမှာ ကွာ ဘဝတိ။ သတ္တိ–သတ္တိမန္တာနံ အဘေဒဝိဝစ္ဆာယ ဧကကတ္တုကတာ၊ ဘုတ္တာ ဝဧတိ။ ဒွိဝစနသ အတန္တတ္တာ ပရာပေက္ခာယ ဝါ ဘုတ္တာ ပိတ္တာ ဝဧတိ။ ဧကကတ္တုကာနမိတိ ကိं? ပစတိ စ ပဋတိ စ။ ကထမက္ခိနိ နိမိလိတ္တာ ဟသတိ, မုခံ ဗျာပါဒါယ သုပတီတိ?မုဟုတ္တာဒိကာလသ ဝိဝစ္ဆိတတ္တာ။ ကထံ? မတံ ဒိသ္မာ ဒုက္ခံ ဘဝတိ, ပိယံ ဒိသ္မာ သုခံ သိယာတိ ဘိန္နကတ္တုကတ္တာ စိန္တနီယမေတံ (ကာတန္တဝုတ္တိ)။

နနု သတ္တိ ကာရကမုစ္စတေ, သတ္တိယော စ ပဋ္ဌ ဓာတုတ္ထံ ဘိန္နာ ဧဝ။ နု ဟိ ယာ ဘောဧနသတ္တိ၊ သာဝ ဂမနသတ္တိတိ ကထံ ဒွိန္နံ ဓာတုတ္ထာန မေကော ကတ္တာတျာဟ "သတ္တိ" စ္စာဒိ။ တထာ ဟိ လောကေ ယော ဧဝ ဘုတ္တဝါ၊ သော ဧဝ ဒေဝ ဒတ္တော ဝဧတီတိ ဗျဝဟာရော ဒိဿတိ။ သုတ္တေလိင်ံ သရ်ာ ကာလော စ အတန္တာနိ ဣစ္စာဟ "ဒွိဝစနသ"တိ။ တေန ဗဟု သုပိ ဓာတုတ္ထေသု ဘဝတိ။ ပရာပေက္ခာယ ဝါတိ ပါနာပေက္ခာယ ဘောဧနံ ပုဗ္ဗံ၊ ဝဧနာပေက္ခာယစ ပါနမိတိ အတော ဒွိန္နမ္ပိ ဓာတုတ္ထာနံ ပုဗ္ဗကာလေ ကွာတိ ဘာဝေါ။ ကထမိတိ ယဒါ ဧဝ အက္ခိနိ နိမီလယတိ၊ တဒါ ဧဝ ဟသတီတိ တုလျကာလတ္တာ နပ္ပေါတိ၊ တထာ ယဒါ ဧဝ မုခံဗျာဒဒါတိ၊ တဒါ ဧဝ သုပတီတိ။ ပရိဟာရမာဟ "မုဟုတ္တေ"တိ။ [မုဟုတ္တာဒီတိ မုဟုတ္တာ ဒိကာလသ အဝယဝဘူတသ နိမီလနသ ပုဗ္ဗတ္တာ သမုဒါယေပိ ပုဗ္ဗတ္တောပစာရောတိ ဘာဝေါ။ ယဒါ တု နေဝံ ဝိဝစ္ဆိယတိ၊ တဒါ ကွာပိ နု သိယာ(သိရောမဏိဋီကာ)]။ နနု သုပနံ ဟိ နိဒ္ဒါလာဘမုစ္စတေ၊ တဋ္ဌ မုခဗျာဒါနာ ပုဗ္ဗမေဝ၊ နိဒ္ဒံ လဒ္ဓါ မုခံ ဗျာဒဒါတီတိ ကထံ ဗျာဒါနသ ပုဗ္ဗကာလဝိဝစ္ဆာတိ?သစ္စံ၊ ဗျာဒါနကာလေသု ပနသ အနုဝတ္တနမတ္ထိတိ သုပနဗျာဒါနာနမေ ကကာလတ္တေ သတိ ဗျာဒါနသ လောကိကီ ပုဗ္ဗကာလဝိဝစ္ဆာ အတ္ထိတိ နု ဒုဿတိ [သုပနသ္သာပိ ပရာဝယဝမပေက္ခိယ ဗျာဒါနသ ပုဗ္ဗာဝယဝသ ပုဗ္ဗတာယ ကွာတိ ဧသာဝ လောကိကီ ဝိဝစ္ဆာတိ တြိလောစနာစရိယာဓိပ္ပါယော (သိရောမဏိ ဋီကာ)]။ "ကထမိ"တိ ဒဿနကြိယာယ ပုရိသော (ပုရိသော အတ္တာတျတ္ထော) ကတ္တာ၊ သဟိတံ ပဿတီတိ၊ ဘဝနကြိယာယ စ ဒုက္ခံ ကတ္တာ၊ တံ ဟိ ဘဝတိ ဥပ္ပဇ္ဇတီတိ ဘိန္နကတ္တုကတာ၊ ဧဝမိတရတြာပိ။ "စိန္တနီယမေတမိ"တိ သတ္ထကာရေဟိ ဥဒါဟဋ်ံ၊ တမမ္ပေဟိ ဣဒံ စိန္တနီယမာလောစနီယံ။ တတြိဒံ စိန္တနံ–ဒုက္ခသ ဥပ္ပါဒကော ပုရိသော။ သော ဟိ မတံ ပဿန္တော အတ္တနော ဒုက္ခံ ဥပ္ပါဒယတီတိ ဝိဝစ္ဆာယ ဧကကတ္တုကတာတိ ဘာဝေါ (ကာတန္တဝုတ္တိပဋ္ဌိကာ)။

ကိန္တု ပုတ္တံ ဒိသ္မာ သုခံ ဘဝတိ၊ သတ္တုံ ဒိသ္မာ ဒုက္ခံ ဘဝတီတျာဒေါ ဌိတသ ဣတျဏ္ဏာဟာရာ ဧကကတ္တုကတ္တေ ကွာ။ ယဒိပိ ကံသပတနာနန္တရမေဝ ဗျနက္ကာရော ဘဝတိ၊ တထာပိ ဗျနီတိ ကတ္တာ ကံသော ပတတိ ဣစ္စာဒေါ ဗျနက္ကာရသ ပုဗ္ဗကာလတ္တဝိဝစ္ဆာယ ကွာ ဘဝတိ။ ဧဝံ မုခံ ဗျာဒါယ သုပတီတျာဒိ (မုဒ္ဓဗောဓိဋီကာ)။ ။ ကံသပတနာနန္တရမေဝ၊ ကြေးခွက် ကျသည်၏ အခြားမဲ့၌သာလျှင်။ ဗျနက္ကာရော၊ ဗျန်(ဂျန်)–ဟူသော အသံသည်။ ယဒိပိ ဘဝတိ၊ အကယ်၍ကား ဖြစ်၏။ တထာပိ၊ သော်လည်း။ ဗျနီတိ ကတ္တာ၊ ဗျန်(ဂျန်)ဟူသော အသံကိုပြု၍။ ကံသော၊ ကြေးခွက်သည်။ ပတတိ၊ ကျ၏။ ဣစ္စာ ဒေါ၊ ၌။ ဗျနက္ကာရသ၊ ၏။ ပုဗ္ဗကာလတ္တဝိဝစ္ဆာယ၊ ပုဗ္ဗကာလအဖြစ်ကိုဆိုလိုသဖြင့်။ ကွာ ဘဝတိ၊ ၏။ မုခံ၊ ခံတွင်းကို။ ဗျာဒါယ၊ ဖွင့်ဟ၍။ သုပတိ၊ အိပ်၏။ ဣစ္စာဒိ၊ သည်။ ဧဝံ၊ တူတည်း။ "ဥက္ကစ္ဆ ပတိတော ဒဏ္ဍော"၊ "အန္ဓကာရံ နိဟန္တာန ဥဒိတောယံ ဒိဝါကရော"စသည်တို့ကို အာဒိ–သဒ္ဒါဖြင့်ယူ။

မှတ်ချက်

၁–ဤ၌ လက္ခဏဟေတုဘာဝဝစနိစ္စာတိ–ဟူသောပါဋ္ဌသည် သင့်အံ့မထင်။ အကြောင်းမူကား–ဝစနိစ္စာ ဟူသည်မှာ အစစ်အမှန် မဟုတ်ရာ၌သာ သုံးမြဲဖြစ်၏၊ ဤ၌ကား လက္ခဏဟေတုကိရိယာနံ–ဟုလက္ခဏာဟိတ် ကြိယာအစစ်ကိုပင် ပြဆိုထားသောကြောင့် ထိုအစစ်၌ ဝစနိစ္စာ–ဟု မဆိုသင့်၊ အမှန်ရှိသင့်သည်မှာ "ပုရိမကာလတာတိ ဝစနိစ္စာယ–ဟု ရှိသင့်၏။ ထိုသို့ရှိလျှင် "လက္ခဏဟေတုကိရိယာနံ၊ တို့၏။ ပုရိမကာလတာ၊ ရှေးကာလ၏ အဖြစ်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ ဝစနိစ္စာယ၊ ဆိုလိုသောအားဖြင့်။"ဟု အနက်ပေးရာ၏။

မှတ်ချက်

၂–ရှေးဟောင်းသီမူ၌ နိဟန္တာနာဒိသဒ္ဒသိဒ္ဓိ–ဟု ရှိ၏။ ယင်းသည် သြဘာသေတွာ–စသည်ကိုလည်း သိမ်းယူနိုင်သောကြောင့်ရင်း, ဆိုလတ့်သော ပဋ္ဌိစ္ဆ–သဒ္ဒသိဒ္ဓိနှင့် ညီသောကြောင့်ရင်း ယုတ္တတရပေတည်း။

မှတ်ချက်

၁–ဤပါဠိ၏ မူရင်းကျမ်းကို မတွေ့ရသေး၊ ထိုကြောင့် ဤအနက်ကိုလည်း ဧကန်မှန်ပြီဟု မဆုံးဖြတ်နိုင်သေး၊ သီမူ၌ကား ဝယန္တိ–အရာ၌ စ ယန္တိ–ဟု ရှိ၏။

မှတ်ချက်

၁–သော ပရိဝိမံသမာနော ဧဝံ ပဇာနာတိ–စသည်ဖြင့် သုတ်၌ပြထားသော သိခြင်းကို ပြဆိုသည်။

မှတ်ချက်

၁–သီမူနှင့်အညီပင်။ ပဌမာဝိဘတ်နှင့်ရှိသော မြန်မူကား သဒ္ဒယုတ္တိမရှိသောကြောင့်မသင့်။

မှတ်ချက်

၁–သီမူနှင့်အညီပင်။ ပစ္စယပစ္စယနပဝေဒနဌေန–ဟူသော မြန်မာမူ အလိုအားဖြင့် "အကြောင်းကို ရှေးရှုရောက်ခြင်း စွဲမှီခြင်းကို သိစေခြင်းအနက်ရှိသော"–ဟု အနက်ပေး၊ ပရိယာယေန–နှင့်စပ်၊ ဝိသေသနနှင့် ဝိသေသျ ဝေးလွန်း၏၊ ထို့ကြောင့် သင့်အုံ့မထင်။

မှတ်ချက်

၁–ချဉ်းကပ်ခြင်းအနက်ရှိသော ဘဇ–ဓာတ်ကို ဝိ–ဖြင့် မြစ်သောကြောင့် ဝိဘဇ–ဖြင့် အနုပဂမ္ဘ–အနက်ကို ပြသည်ဟု သိစေ၏။

မှတ်ချက်

၁–သတ္တဝေါဟာရောတိ "သတ္တော"တိ သမညာ။ ယေ ဟိ ဓမ္မေ သမူဟဘူတေ သန္တာနဝသေန ဝတ္တမာနေ ဥပါဒါယ သတ္တပညတ္တိ၊ တသာ တတော အညထာနာညထာအစ္ဆန္ဒာဘာဝသင်္ခါတေ အန္တေ အနုပဂမ္ဘ ယာထာဝတော သင်္ဂဟဏံ ဗောဓနဋ္ဌ ဓမ္မတာယံ အကုသလသ ဒုက္ခရံ ဒုရတိသမ္ဘဝန္တိ။ အနုဋ္ဌ ၂–ဇ၁။ ။ သတ္တဝေါဟာရောတိ၊ ကား။ သတ္တောတိ သမညာ၊ သတ္တဝါဟု ဖြစ်သောအမည်တည်း။ ဟိ၊ ဒုဒ္ဒသ–ဟု ဆိုသင့်စွ။ သန္တာနဝသေန၊ ဖြင့်။ ပဝတ္တမာနေ၊ ကုန်သော။ သမူဟတူတေ၊ အပေါင်းဖြစ်၍ ဖြစ်ကုန်သော။ ယေ ဓမ္မေ၊ အကြင်ရုပ်နာမ်တရားတို့ကို။ ဥပါဒါယ၊ ၍။ သတ္တပညတ္တိ၊ သတ္တဝါဟူသော အမည်ပညတ်သည်။ (ဟောတိ၊ ၏။) တသာ၊ ထိုပညတ်၏။ တတော၊ ထိုရုပ်နာမ်တရားတို့မှ။ အညထာနာညထာအစ္ဆန္ဒာဘာဝသင်္ခါတေ၊ တပါးတခြား စင်စစ်မဟုတ်ခြင်း, တပါးတခြားမဟုတ်သည်လည်း စင်စစ်မဟုတ်ခြင်းဟု ဆိုအပ်ကုန်သော။ အန္တေ၊ အဖို့တို့ကို။ အနုပဂမ္ဘ၊ မကပ်ရောက်မူ၍။ ယာထာဝတော၊ မှန်စွာ။ သင်္ဂဟဏံ စ၊ ကောင်းစွာယူခြင်းကိုဝင်း။ ဗောဓနဋ္ဌ၊ သိစေခြင်းကိုဝင်း။ ဓမ္မတာယံ၊ ပဋ္ဌိစ္စသမုပ္ပါဒ်၌။ အကုသလသ၊ မကျွမ်းကျင်သောသူအား၊ ဝါ၊ သည်။ ဒုက္ခရံ၊ ပြုနိုင်ခဲ၏။ ဒုရတိသမ္ဘဝံ၊ ဖြစ်စေနိုင်ခဲ၏။

မှတ်ချက်

၂–ဤ၌ အတ္ထကိစ္စ–ကို လိုအပ်သောကိစ္စ–ဟု အနက်ပြန်ခြင်းမှာ "ပုရိသော ကကစေနရုက္ခံ ဆိန္နန္တော။ပ။ အာဂတာ ဂတေ ကကစဒန္တေ ဇာနာတိ၊ သုတ္တပဒဋ္ဌ အဝိရဒ္ဓေနေအတ္ထကိစ္စံ သာဓေတိ"ဟူသော ဤဋီကာ (၁–၃၃၂)ကိုဌင်း, ယထာ စ မာယာ အသာရာအဂယှုပဂါ၊ နှ ဟိ တံ ဂဟေတွာ ကိဉ္စိ အတ္ထံ ကိစ္စံ (အတ္ထကိစ္စံ–သီဟောင်း) သာဓေတုံ သက္ကာ(ဤဋီ ၂–၁၆၇)၊ အတ္ထကိစ္စဋ္ဌ သာဓေတိ (ဌင်း ၃၁၄)၊ တံ တံ အတ္ထကိစ္စံ သာဓေတုံသမတ္ထာ ဟောန္တိ(ဌင်း ၃၄၄)ဟူသော ပါဠိတို့ကိုဌင်း, "အတ္ထော မေ ဂဟပတိ ဟိရညသုဝဏ္ဏေနာတိ အာဒီသု ကိစ္စတ္ထေ"ဟူသော သုတ္တနိပါတ–ဋ္ဌ (၁–၂၃၀)ကိုဌင်း မှီ၏။ သတ္တဝါ၏ လိုအပ်သော ကိစ္စဟူသည်မှာ သတ္တဝါမှ ဆိတ်သောသင်္ခါရတို့၌ သတ္တဝါဟု ခေါ်ရန်လိုအပ်သော သိခြင်း ခံစားခြင်း သွားခြင်း စားခြင်း မြင်ခြင်း ကြားခြင်း ပြုလုပ်ခြင်း စသော ကိစ္စများပင်ဖြစ်သည်ဟု ယူအပ်၏။ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ကား "သတ္တော၊ သတ္တမှဆိတ်သော သင်္ခါရတို့၌ သတ္တဟူသော ဝေါဟာရင်း၊ ဝါ၊ သတ္တဝါတို့၏ အတ္တကိစ္စပြီးခြင်းဌင်း"ဟု အနက်ပြန်ထား၏။ ထိုအလိုအားဖြင့် ပြည်ဆရာတော်၏ ဋီကာ ပေမူ၌ "သတ္တတ္တကိစ္စသိဒ္ဓိ"ဟု သဒ်သတ္တ–သံယုဂ်နှင့်ရှိသည်ဖြစ်ရာ၏။ ထိုသို့ သဒ်သ တ္တ–သံယုဂ်နှင့်ရှိလျှင် "သတ္တတ္တကိစ္စသိဒ္ဓိ၊ သတ္တဝါဟူသော အတ္တ၏ ကိစ္စပြီးခြင်း"ဟူ၍လည်း အနက်ပြန်သင့်၏။ ထိုပြင် "သတ္တသ ဘာဝေါ သတ္တတ္တံ (သတ္တဝါဟူသော အမည်နှင့် သတ္တဝါဟု အသိအမှတ်ပြုသော ဉာဏ်၏ဖြစ်ကြောင်း)၊ တဒေဝ ကိစ္စံ၊ တသ သိဒ္ဓိ"ဟု ဝစနတ္ထကြံ၍ "သတ္တဝါဖြစ်ကြောင့် ကိစ္စ၏ပြီးခြင်း"ဟူ၍လည်း အနက်ပြန်သင့်၏။ သို့ရာတွင် ယခုတွေ့ရသော သီဟိုဠ်မှုနှင့် မြန်မာမူဟောင်း မူသစ် ဋီကာစာအုပ်တို့၌ကား "သတ္တတ္ထကိစ္စသိဒ္ဓိ"ဟု အသဒ်သတ္ထ–သံယုဂ်နှင့်သာရှိ၏။ သတ္တကိစ္စသိဒ္ဓိ–ဟု ရှိလျှင် ယုတ္တတရဖြစ်ရာ၏။ ထိုသို့ရှိလျှင် "သတ္တကိစ္စသိဒ္ဓိ စ၊ သတ္တဝါ၏ ကိစ္စပြီးခြင်းသည် ၎င်းတည်း။"ဟု အနက်ပြန်ရာ၏။ ဤအရာ၌ သတ္တော၊ သတ္တဝါဌင်း–ဟူသော သံဝဏ္ဏေတဗ္ဗဝိသုဒ္ဓိမဂ်၌ ဆိုလိုသည်မှာ "လောကဝေါဟာရအားဖြင့် သတ္တဝါ–ဟု ခေါ်ဝျက် အသိအမှတ်ပြုရသော်လည်း ပရမတ္ထအားဖြင့် သတ္တဝါဟူ၍ မရှိခြင်း, ထိုသို့ ပရမတ္ထအားဖြင့် သတ္တဝါမရှိသော သင်္ခါရတို့၌ လောကဝေါဟာရအားဖြင့် သတ္တဝါဟု ခေါ်ဝေါ်ပြောဆိုနေရခြင်း, သတ္တဝါဟု အသိအမှတ်ပြုနိုင်လောက်အောင် သိခြင်း ခံစားခြင်း သွားခြင်း စားခြင်း မြင်ခြင်း ကြားခြင်း ပြုလုပ်ခြင်း စသော ကိစ္စ၏ ပြီးခြင်း"ဟူသော သတ္တဝါနှင့်စပ်သော ဤအကြောင်းအရာများကို သိမြင်ရန် ပြောပြရန် ခက်သည်ဟု ဆိုလိုပေသည်။

မှတ်ချက်

၁–အတ္ထံ ဝိယ ကတွာ–ဟု ဝစနတ္ထပြု၍ အဘူတတဗ္ဗောဌ် စီပစ္စည်းသက်ပြီးလျှင် တ္ထ–ကိုလည်း ဋ္ဌ–ပြု၍ အဋ္ဌီကတွာ–ဟုပြီးစေရန် ပြသည်ဟု ယူအပ်၏။

မှတ်ချက်

၂–ဤအလိုအားဖြင့် အဋ္ဌိဂတံ ဝိယ ကတွာ–ဟု ဆိုလိုလျက် ဂတံ ဝိယ–ကို ချေထားသည်ဟု ယူအပ်၏။

မှတ်ချက်

၁–အစ–မှ စ၍ဌင်း, အလယ်မှ စ၍ဌင်း, အဆုံးမှ စ၍ဌင်း ဟောသင့်သော ဝေနေယျတို့အတွက် ဟောရန် ဆင်ခြင်တော်မူသော အခါ၌ ဟောသင့်သည်အားလျော်စွာ အစပိုင်းစသည်ကို မြင်ခြင်းနှင့် တူသည်ဟု နှီးနှောစေလို၏။

မှတ်ချက်

၁–အလုံးစုံသော သုဂတိ ဒုဂ္ဂတိ တို့၌ အဝိဇ္ဇာတဏှာ ၂–ပါးလုံးပင်ရှိသည်မဟုတ်လော၊ ကံ ၂–ပါးလုံးပင် အဝိဇ္ဇာနုသယပရိက္ခိတ္တာ, တဏှာနုသယမူလက မဟုတ်လော?ဟု စောဒနာဖွယ်ရှိသောကြောင့် ဒုက္ခေ ဟိ–စသည်ကို မိန့်။

မှတ်ချက်

၁–ပြည်မူဝိသုဒ္ဓိမဂ် နိဿယ၌ကား "သဌာယတနပစ္စယာ ဖဿောတိ၊ ဟူ၍။ ဝစနတော စ၊ ဟောတော်မူခြင်းကြောင့်ဌင်း။ ဖဿကာရဏံ၊ ဖဿ၏ အကြောင်းဖြစ်သော။ ဧတံ၊ ဤအယံ ကာယောဟူ၍ ဆိုအပ်သော ဓမ္မသဘောကို။ ဝုစ္စတိ၊ ဟောအပ်၏။ ဣတိ တသ္မာ စ၊ ထိုကြောင့်ဌင်း။ အာယတနဋ္ဌကံ၊ အာယတန ၆–ပါးအပေါင်းသည်။ အယံကာယော၊ ဤအဠ္ဠတ္ထိကဖြစ်သော တရားအပေါင်းမည်၏"ဟု အနက်ပြန်ဆိုထား၏။

မှတ်ချက်

၁–အသုဘာဒီသု အညာဏာဝေသန အပ္ပဋိပတ္တိ၊ ဒုက္ခာဒီသု သုခါဒိဝိပလ္လာသဝေသန မိစ္ဆာပဋိပတ္တိ ဟူ၍လည်း ဆိုသင့်၏၊ ဤ၌ ဒုက္ခာဒီသု–မှ အာဒိ–ဖြင့် သမุဒယစသည်ကို ယူအပ်၏၊ အသုဘာဒီသု–မှ အာဒိ–ဖြင့် အနိစ္စစသည်ကို ယူအပ်၏။

မှတ်ချက်

၁–တတ္ထ ကေသဋ္ဌိတိ သကတဏ္ဍေ ဆန္ဒရာဂါဒိနံ။ ကေစိတိ သက္ကာယဒိဋ္ဌိအာဒယော။ ကဒါစိတိ အတီတာဒိကေ ကိသ္မိဋ္ဌ ကာလေ။ (အနုဋီ ၂–၁၀၂)

မှတ်ချက်

၁–ကွင်းအတွင်းရှိ နှစ်ပုဒ်သည် ဝိနည်း စတုတ္ထပါရာဇိကသိက္ခာပုဒ် ပဒဘာဇနီ၌သာလာသည်၊ ၎င်းတို့၏ အနက်ကို ဝိ ၌ ၂–၉၀–၌ ဖွင့်ပြထားသည်၊ ဤအရာ၌ကား ၎င်းပုဒ်တို့ပိုဟန်ရှိ၏။

မှတ်ချက်

၁–ဥဒ္ဒစ္စသဟဂုတ်စိတ်မှ ကြွင်းသော ၁၁–ပါးသော အကုသိုလ်စိတ်တို့နှင့်ယှဉ်သော ဥဒ္ဒစ္စကို မဆိုလို၊ ဥဒ္ဒစ္စသဟဂုတ်စိတ္တုပ္ပါဒ်ကိုသာလျှင် ဆိုလိုသည်ဟု သိစေ၏။

မှတ်ချက်

၁–ပုထုဇဉ်၏ သန္တာန်၌ရှိသော သကဘဏ္ဍာ၌ဖြစ်သော ဆန္ဒရာဂစသည်နှင့် ဥဒ္ဒစ္စတို့သည် ဒဿနဖြင့် မပယ်အပ်သောကြောင့်၎င်း, ပုထုဇဉ်မှာ ဘာဝနာမည်သော အထက်မဂ်များ မဖြစ်ပေါ်နိုင်သောကြောင့်၎င်း ဤသို့ ဆိုသည်။

မှတ်ချက်

၁–ဤဝိသေသနကို ဝိပါကုပ္ပါဒန–ဝိပါကာနုပ္ပါဒန–ဟူသော စကားတို့နှင့် အစဉ်အတိုင်းစပ်ဟပ်၍ ယူရန်ဖြစ်သည်။

မှတ်ချက်

၂–ဤဝါဒသည် မူလဋီကာ၌ အမတဂ္ဂပထကျမ်းသို့လိုက်၍ ပြဆိုထားသော ဝါဒဖြစ်သည်၊ ထိုကြောင့် ဤ၌ ဧကေ ဆရာတို့ဟူသည်မှာ မူလဋီကာဆရာပင်ဖြစ်သည်။ မူလဋီ ၂–၉၅ ၌ ကြည့်ပါ။

မှတ်ချက်

၃–အဟော အစ္ဆရိယော, အဟော ဣတိ ဝါ အစ္ဆရိတဗ္ဗော ပုရိသော အဟောပုရိသော၊ တဿ ဘာဝေါ အဟောပုရိသံ၊ တဿ ဒဿနာ အဟောပုရိသိကာ၊ သာ ဧဝ မတ္တာ ပမာဏံ ဧတဿာတိ အဟောပုရိသိကာမတ္တံ၊ ဝစနံ–ဟု ဝစနတ္ထ ကြံရာ၏။

မှတ်ချက်

၁–ဝိပါကုပ္ပါဒနသမတ္ထတာပါဒနေန–ဟူသော အနုဋီကိုမှီ၍ ပြင်သည်။ သီမူ၌ ဝိပါကဒါနသာမတ္ထိယာ သာဓနဝေသန–ဟု ရှိ၏၊ သာမတ္ထိယာ–၌ သာမတ္ထိယ–ဟု ရဿနှင့်ရှိလျှင် ထိုပါဌ်လည်းသင့်၏။ သာမတ္ထိယာ ဌာနဝေသန–ဟူသော မြန်မာမူကား သင့်အံ့မထင်။

မှတ်ချက်

၁–ကာရဏသ ဝုတ္တတ္တာ–ဟု ဆိုလို၏၊ ၎င်းဖြင့် ဝိသုဒ္ဓိမဂ် နှာ ၁၆၂–ကြောင်း ၁၀–၌ "အဘိညာစေတနာ ပနေတ္ထ ပရတော ဝိညာဏသ ပစ္စယော နေ ဟောတီတိ နေ ဂဟိတာ"ဟူသောစကားကို ရည်ညွှန်းသည်။

မှတ်ချက်

၁–အာနေဉ္ဇာဘိသင်္ခါရော စိတ္တသင်္ခါရောဝါတိ ဧဝံ–ဟု သီမူနှင့်အညီ ပါဠိမှန်ရှိစေရမည်။

မှတ်ချက်

၁–နေ ပဿတီတိ–အရာ၌ သီမူနှင့်အညီ နိပဿတီတိ–ဟု ရှိသင့်၏၊ သို့မဟုတ် အနေ ဋီ ၁–၂၈နှင့်အညီ ၎င်းပုဒ် လုံးဝမရှိသင့်။

မှတ်ချက်

၁–ကာယသင်္ခါရေ–ဟူသောပါဠိကား သင်္ခါရသုံးပါးလုံး၌ မယှဉ်နှံ့သောကြောင့် မသင့်၊ တာယ သင်္ခါရေ–ဟူ၍သာ သင့်သည်။ မူလဋီကာ၌ သင်္ခါရေ–ဟူ၍သာ ရှိ၏၊ ထိုပါဠိလည်း သင့်၏။

မှတ်ချက်

၁–သီမူ၌ကား ရိဠ္ဍေ အရိဠ္ဍသဒ္ဒေါ ဝိယ–ဟု ပါဠိရှိ၏။ သက္ကတအဘိဓာန်၌ ရိဠ္ဍ(နေ)အမင်္ဂလာ, ကံမကောင်းခြင်း, မင်္ဂလာ, ကံကောင်းခြင်း၊ (တိ) အနာတရ ထိခိုက်အပ်သည် စသည်ဖြင့်ဝင်း၊ အရိဠ္ဍ (နေ)အမင်္ဂလာ, ကံမကောင်းခြင်း, အတိတ် နိမိတ်ဆိုး။ (တိ)အထိအခိုက်ကင်းသည်, ပျက်စီးခြင်းကင်းသည်၊ (ပုံ)အရက်–စသည်ဖြင့်ဝင်း ပြထားလေသည်။ အနုဋီ ၂–၁၀၆–၌ အမင်္ဂလမ္မိ မင်္ဂလပရိယာယေန ဝေါဟရန္တိ မင်္ဂလိကာတိ ဝုတ္တံ "ဒိဠ္ဍေ အဒိဠ္ဍသဒ္ဒေါ ဝိယာ" တိ၊ ယထာ "အသိဝေ သိဝါ"တိ။ ။ အမင်္ဂလမ္မိ၊ မင်္ဂလာမဟုတ်သည်ကိုလည်း။ မင်္ဂလပရိယာယေန၊ မင်္ဂလာဟူသော ဝေါဟာရဖြင့်။ မင်္ဂလိကာ၊ မင်္ဂလာကို အလိုရှိသောသူတို့သည်၊ ဝါ၊ မင်္ဂလာအယူရှိသော သူတို့သည်။ ဝေါဟရန္တိ၊ ခေါ်ဝေါ်ပြောဆိုကုန်၏။ ဣတိ၊ ကြောင့်။ ဒိဠ္ဍေ အဒိဠ္ဍသဒ္ဒေါ ဝိယာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ကိံ ယထာ၊ ကဲ့သို့နည်းဟူမူ။ အသိဝေ၊ သိဝနတ်မဟုတ်သည်၌။ သိဝါတိ၊ သိဝနတ်ဟူ၍။ ဝုစ္စတိ ယထာ၊ ခေါ်ဆိုအပ်သကဲ့သို့တည်း–ဟု ဖွင့်ဆိုအ၏။ ထိုအလိုအားဖြင့် သီမူ၌ရှိသော မင်္ဂလာ အမင်္ဂလာဟော ရိဠ္ဍ အရိဠ္ဍ–သဒ္ဒါက သင့်သကဲ့သို့ရှိပေ၏။ အိမ်၌ လင်းတနားသည်ကို မင်္ဂလာအလိုရှိသော လူတို့က ရွှေဟသ်ကြီးနားသည်ဟု ခေါ်ဆိုခြင်းမျိုး ဖြစ်ရာ၏။

မှတ်ချက်

၂–ဣန္ဒဒ္ဒ (ဣန္ဒကူဋ?) ဗြဟ္မကူဋသည်တ ပဗ္ဗတသိခရပ္ပပါတော မရုပပါတောဟူသော အနုဋီ ၂–၁၀၆–နှင့်အညီ ဤ၌ မရ–သဒ္ဒါ တောင်ထွဋ်ကို ဟောသည်။